# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း (၆) ရက်၊ တနင်္ဂနွေနေ့ ၊ (23-7-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၈၄)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကမ္ဘာကပါဝင်တစားဖြင့်ကစားနေသည့် မြန်မာ့ရိုးရာခြင်းလုံးကစားခြင်းကို ခေတ်နှင့်အညီ အမြင်ဆန်းအသွင်ဆန်းသော ခြင်းအလှခတ်ကစားနည်းများကို ရှာဖွေဖော်ဆောင်ရင်း လက်ဆင့်ကမ်းထိန်းသိမ်း



မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ နှစ်(၇၀) ပြည့်အထိမ်းအမှတ် ရိုးရာခြင်းလုံးအလှခတ်ပွဲဖွင့်ပွဲအခမ်းအနားတွင် အသင်းလိုက်ရိုးရာခြင်းအလှခတ်ကစားပြသမှုကို တွေ့ရစဉ်။

**မန္တလေး ဇူလိုင် ၂၂**

မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ နှစ်(၇၀) ပြည့်အထိမ်းအမှတ် ရိုးရာခြင်းလုံးအလှခတ်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်းရှိ **Multippurpose Stadium**တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊တိုင်းဒေသကြီးအတွင်းရေးမှူးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် နာယကနှင့် အဖွဲ့ဝင်များ၊တိုင်းဒေသကြီးအတွင်းရှိ အသက် ၇၀ နှစ်အထက် ရိုးရာခြင်းလုံးပညာရှင်များ၊ ဝါသနာရှင်များ၊ အားကစားသမားများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်စကားပြောကြားရာတွင် မြန်မာနိုင်ငံသည် ဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝသည့်နိုင်ငံဖြစ်ပြီး ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များတွင်မြန်မာ့ယဉ်ကျေးမှုကိုအခြေခံ၍ လက်လှမ်းမီလွယ်ကူစွာကစားနိုင်သည့် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းတစ်ရပ်လည်းပါဝင်ပါကြောင်း၊

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

**မြောက်ဦးဒေသကို UNESCO ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေး ပြင်ဆင်ဆောင်ရွက်မှု ၉၀ ရာခိုင်နှုန်းပြီးစီး**

စာမျက်နှာ - ၁၁

**၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း နေပြည်တော်ကောင်စီနယ်မြေတွင် ဘဲသားဖောက်စခန်းတစ်ခု အကောင်အထည်ဖော်တည်ဆောက်သွားမည်**

စာမျက်နှာ - ၁၀

**ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ ၂၀၂၃ ခုနှစ် စားအုန်းဆီတင်သွင်းမှုကို ခန့်မှန်းခြင်း**

ဆောင်းပါး စာမျက်နှာ - ၄




ရတနာပုံ
၂၀၂၃ ခုနှစ် ဇူလိုင် ၂၃ ရက်
အယ်ဒီတာ့အာဘော်

# မိဘတို့၏ ကျေးဇူးတရားကို သိမြင်ဆင်ခြင်

လူသားတိုင်းသည် တစ်ဦးနှင့်တစ်ဦး ကျေးဇူးတရားနှင့် မကင်းကြပေ။ ကျေးဇူးတရားများတွင် ကြီးကျယ်ခမ်းနားလှသော ကျေးဇူးတရားမှာ မိဘကျေးဇူးများပင်ဖြစ်သည်။ မိဘကျေးဇူးဂုဏ်သည် မြင်းမိုရ်တောင်မက ကြီးမားလှကြောင်း အဆိုရှိပါသော်လည်း မိဘကျေးဇူးတရားကို သိမြင်ဆင်ခြင်ကြသော၊ ပြန်လည်ကျေးဇူးပြုကြသော သားသမီးကောင်းများမှာ ရတနာများကဲ့သို့ရှားပါးလှပေသည်။

ဘုရားရှင် ဟောကြားတော်မူသော ၃၈ ဖြာမင်္ဂလာတရားတော်တွင် မာတာပိတု ဥပဋ္ဌာနံ (အမိအဖတို့ကို ပြုစုစောင့်ရှောက်လုပ်ကျွေးခြင်း)သည် မင်္ဂလာမည်ကြောင်း ဟောကြားတော်မူပါသည်။ ထို့ကြောင့် မိမိ၏ ကျေးဇူးရှင်မိဘနှစ်ပါး၏ ကျေးဇူးတရားကို ဆင်ခြင်စဉ်းစား၍ ပြုစုလုပ်ကျွေးရန် အခွင့်အရေးရရှိနေစဉ် ကျေးဇူးတစ်ဖန်ပြုနိုင်မှသာ ရတနာတန်းဝင်သားသမီးအဖြစ်ကို ရရှိပေမည်။ မိဘတို့ကို ကျေးဇူးသိမြင်ပြီး ပြုစုလုပ်ကျွေးစောင့်ရှောက်ရန် အခွင့်အရေးသည် တိုတောင်းလှသော လူ့သက်တမ်းအချိန်အခါအတွင်း အမြဲမရရှိနိုင်ပေ။ ရှေးဦးစွာ သားသမီးတွင် မိဘအပေါ် ကျွေးမွေးပြုစုလိုစိတ် စေတနာမေတ္တာတရားရှိရပေမည်။ ကျွေးမွေးပြုစုနိုင်လောက်အောင်လည်း အခြေအနေပိုင်ဆိုင်ထားရပေမည်။ မိဘဖြစ်သူတွင်လည်း သားသမီးကို သားသမီးမှန်းသိရှိသော ကျန်းမာရေးအခြေအနေနှင့် သက်ရှိထင်ရှားနေရမှသာ မိဘအပေါ် သားသမီးတို့ ပြုစုလုပ်ကျွေးနိုင်ရန် အခွင့်အရေးပြည့်စုံမည်ဖြစ်ပါသည်။ ဤအခြေအနေများပြည့်စုံနေပါသော်လည်း ပြုစုစောင့်ရှောက်ခြင်းမရှိခဲ့ပါက မိဘကွယ်လွန်သွားပြီးမှ နောင်တနှင့်အတူ လောကီလောကုတ်အခွင့်အရေးများစွာ ဆုံးရှုံးရနိုင်ပါသည်။

မိဘကျေးဇူးတရားသည် အလွန်ကြီးမားသည့်အတွက် သားသမီးတို့သည် အနှစ်တစ်ရာပတ်လုံး ဖခင်ကို လက်ယာပခုံးပေါ်၊ မိခင်ကို လက်ဝဲပခုံးပေါ်တင်ပြီး တစ်သက်လုံး ကျွေးမွေးပြုစုလျှင်ပင် မိဘတို့၏ကျေးဇူး ကုန်စင်အောင် မဆပ်နိုင်သေးပေ။ မိဘကျေးဇူးကို သိမြင်ဆင်ခြင်မိ၍ ကုန်စင်အောင် ကျေးဇူးဆပ်လိုပါက အကောင်းဆုံးသောကျေးဇူးဆပ်နည်းမှာ ဓမ္မနှင့်ကျေးဇူးအကျေဆပ်ခြင်းပင်ဖြစ်သည်။

မိဘကျေးဇူးကို ဓမ္မနှင့် အကျေဆပ်ခြင်းသည် မိဘတို့တွင် အခြေခံအကျဆုံး ငါးပါးသီလ မသိမရှိသေးလျှင်၊ ဘုရား၊ တရား၊ သံဃာအပေါ် ယုံကြည်မှုသဒ္ဓါမရှိသေးလျှင်၊ စွန့်ကြဲပေးကမ်းလှူဒါန်းမှုမရှိကြသေးလျှင်၊ ဝိပဿနာလမ်းစဉ် အသိအမြင်ပညာဉာဏ်များ မရှိသေးလျှင် သားသမီးတို့က သီလ၊ သဒ္ဓါ၊ စာဂ၊ ပညာများ တိုးပွားရရှိအောင် ယခုဘဝအတွင်း ဆောင်ရွက်ပေးနိုင်ရပါမည်။ ထိုသို့ဆောင်ရွက်နိုင်ပါက မိဘတို့၏ဘဝသည် ယခုဘဝသာမက သံသရာအတွက်ပါ ကောင်းသွားစေနိုင်ခြင်းကြောင့် ဓမ္မဖြင့် မိဘကျေးဇူးအကျေဆပ်နိုင်သူတစ်ယောက်ဖြစ်ပြီဟု ဘုရားရှင်က ဟောတော်မူခဲ့ပါသည်။

မိဘနှစ်ပါးမှ မွေးဖွားပြုစုစောင့်ရှောက်ခဲ့သဖြင့် လူလားမြောက်ခဲ့သူတစ်ဦးသည် မိဘအပေါ် ချစ်ခင်ကြည်ညိုစိတ်မရှိ၊ မိဘကျေးဇူးကို မဆပ်လို၊ မဆပ်ချင်၊ ဆပ်ရကောင်းမှန်းမသိဖြစ်နေပါက နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းအပေါ် ကျေးဇူးသိစိတ်ရှိနိုင်မည်မဟုတ်တော့ပေ။

ထို့ကြောင့် အနန္တောအနန္တဂုဏ်တို့ဖြင့် ပြည့်စုံကြသော မိဘတို့အား ဘုရားအစရှိသည့် အရိယာသူတော်ကောင်းအပေါင်းတို့ပင်လျှင် ပြန်လည်ကျေးဇူးဆပ်၊ လုပ်ကျွေးသမှုပြုကြသည်ဖြစ်ရာ ထိုထိုသောပုဂ္ဂိုလ်မြတ်တို့၏ မြင့်မြတ်သောထုံးကို နှလုံးမူ၍ တရားသောနည်းဖြင့် တတ်စွမ်းသမျှ ရှာဖွေကျွေးမွေးပြုစုစောင့်ရှောက် ကျေးဇူးဆပ်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်




**မန္တလေး ဇူလိုင် ၂၂**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၄၀၆၇၃၂ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နယ်စုံဒေသက ဘုရားဖူးတွေ လာရောက်ဖူးမြော်ကြပါတယ်။ ရာသီဥတု ပူပြင်းတဲ့အခါမှာလဲ ဘုရားဖူးတွေဟာ နားနေဆောင်မှာ အနားယူအပန်းဖြေကြတာကို တွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးမှာလဲ ဘုရားဖူးတွေ ဝင်ရောက်လိမ်းခြယ်ကြပါတယ်။ ဘုရားဖူးတွေဟာ လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု ဝေဠုဝန ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဠုဝနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူး ၁၃၄၈ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၄၀၄၁၅၈ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၁၂၂၆ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(ဝေဗ)

# မန္တလေးဈေးကွက်တွင် လက်ကျန် စိန်တလုံးသရက်သီးများ တစ်လုံးလျှင် ငွေကျပ် ၁၃၀၀ ဖြင့် ဈေးကောင်းရရှိ

**မန္တလေး ဇူလိုင် ၂၂**

မန္တလေးဈေးကွက်တွင် လက်ကျန်အနည်းငယ်သာရှိတော့သည့် စိန်တလုံးသရက်သီးများ တစ်လုံးလျှင်ငွေကျပ် ၁၃၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

စိန်တလုံးသရက်သီးများသည် ရာသီကုန်ချိန်ရောက်ရှိနေပြီး လက်ကျန် သရက်သီးအနည်းငယ်မှာ ဈေးကောင်းရရှိနေကြောင်း၊ လက်ရှိအချိန်တွင် စိန်တလုံးသရက်သီးများ မန္တလေးဈေးကွက်တွင် အရည်အသွေးအလိုက် တစ်လုံးလျှင် ငွေကျပ် ၁၂၀၀ မှ ၁၃၀၀ ထိ ဈေးကောင်း ရရှိနေကြောင်း သိရသည်။

"ပြည်တွင်းဈေးကွက်အနေနဲ့ စိန်တလုံးသရက်သီးက မရှိသလောက်ဖြစ်သွားပါပြီ။ လက်ကျန်သီးအနည်းငယ်က ဈေးကွက်ထဲမှာ ဈေးကောင်းရရှိနေပါတယ်။ ပြည်ပကိုတော့ တင်ပို့ရောင်းချတာတွေမရှိတော့ပါဘူး။ ပြည်တွင်းဈေးကွက်ကိုပဲ ရောင်းချပေးနေပါတယ်။ လက်ကျန်သီးတွေဆိုတော့ ဈေးကွက်မှာ အလုံးမသန့်တော့ပါဘူး။ အလုံးမသန့်နေတာတောင် ဈေးကွက်ထဲမှာ တစ်လုံးကို ငွေကျပ် ၁၀၀၀ ကျော်ပေးပြီး ဝယ်ယူစားသုံးနေကြပါတယ်။ အလုံးညီတာတောင် လက်ကျန်စိန်တလုံးသရက်သီးက ဈေးကောင်းရနေပါတယ်။ စိန်တလုံးသရက်သီးက အခြားသရက်သီးတွေထက် အရသာရှိတာကြောင့် စားသုံးသူတွေ ကြိုက်နှစ်သက်ပြီး ဝယ်ယူစားသုံးမှုပိုများပါတယ်"ဟု ဦးကျော်စိုးနိုင်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း သရက်စိုက်ဧကပေါင်း ၃၅၀၀၀ ရှိပြီး သရက်အမျိုးအစားပေါင်း ၁၉၅ မျိုးရှိကြောင်း၊ စိုက်ပျိုးရာတွင် စိန်တလုံး၊ ရင်ကွဲ၊ ရွှေဟင်္သာ၊ မချစ်စု၊ မယ်သီ၊ ပတ္တမြားငမောက် သရက်သီးများကို အဓိကစိုက်ပျိုးကြပြီး အခြားသရက်သီးများကိုလည်း စိုက်ပျိုးကြကြောင်း၊ အဆိုပါ စိုက်ပျိုးထွက်ရှိလာသည့် သရက်သီးများကို ပြည်တွင်းဈေးကွက်အပြင် တရုတ်နိုင်ငံဈေးကွက်သို့လည်း အဓိကထားတင်ပို့ရောင်းချကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(ဝေဗ)

# မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့်ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀ ပေါက်ဈေးရှိနေ

**မန္တလေး ဇူလိုင် ၂၂**

မန္တလေး ဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀ ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို ကုန်သည်များက အဝယ်ပြန်လိုက်လာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း၊ပြည်ပနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကလည်း မြင်းခြံမှထွက်ရှိသည့် ကြက်သွန်နီကို ဝယ်ယူမှုများရှိကြောင်း သိရသည်။

"အခု မြင်းခြံဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ကြက်သွန်နီလက်လီ၊လက်ကား ဖြန့်ဖြူးရောင်းချတဲ့ အချို့လုပ်ငန်းရှင်တွေက တော်တော်အဝယ်များလာတယ်။ မန္တလေးဈေးကွက်ထဲမှာလဲ အရောင်းအဝယ် တော်တော်လေးပြန်ပြီးကောင်းနေတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဇူလိုင်လ ပထမပတ်က မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ဇူလိုင် ၂၁ ရက် ပေါက်ဈေးအရ မြင်းခြံဘက်မှထွက်ရှိသည့်ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀ ဈေးရှိကြောင်း သိရသည်။

"မန္တလေး ဈေးကွက်ထဲမှာ ပခုက္ကူဘက်ကထွက်တဲ့ ကြက်သွန်နီတွေလဲ အခုတစ်လော အရောင်းအဝယ်ပြန်ဖြစ်နေတယ်။အရောင်းအဝယ်အကောင်းဆုံးအနေအထားမှာရှိနေတာကတော့ မြင်းခြံဘက်က ထွက်တဲ့ ကြက်သွန်နီတွေပဲဖြစ်ပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

(ဝေဗ)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သဲကုန်းမြို့နယ် တောင်ကုန်း(သစ်ချို)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သဲကုန်း ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ကုန်း(သစ်ချို)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးအောင်၊ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် ဝန်ထမ်းများက တောင်ကုန်း(သစ်ချို) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တောင်ကုန်း(သစ်ချို)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၂၄ ဒသမ ၈၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၁၀ ဒသမ ၄၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂ ဒသမ ၄ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၂၇ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၈ ဒသမ ၉၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက ပြောပြ၍ သိရသည်။

**သန္တာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိတီဝဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ကျွန်ရစ်သူမိသားစုက ဦးကျော်သက်အားရည်စူး၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ၈၀၀၀၀၀ နှင့် လူနာစုတင်တစ်လုံး လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်း၊ လက်ထောက်ဆရာဝန် ဒေါက်တာဦးညွန့်သန်း၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၂၃၂ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ခရမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၂၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ လျာထားဧက ၅၅၀၀ ကို ယခုနှစ် မေလကုန်ပိုင်းက စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စားဖိုဆောင်သီးနှံ ၄၂၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့်စိုက်ဧကများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း၊ စားဖိုဆောင်သီးနှံများ စိုက်ပျိုးနိုင်သည့်အတွက် ဒေသထွက်ကုန်သီးနှံများကိုသာရောင်းချနိုင်ပြီး မိသားစုဝင်ငွေတိုးပွားကာ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရမည်းသင်းမြို့နယ်မှာ စားဖိုဆောင်သီးနှံ လျာထားဧက ၅၅၀၀ ကို အခုနှစ် မေလကုန်ပိုင်းက စတင်စိုက်ပျိုးခဲ့တာ ဒီနေ့ထိ စားဖိုဆောင်သီးနှံ ၄၂၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့သီးနှံတွေကလဲ ပိုးမွှားအန္တရာယ်ကင်းရှင်းပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့နဲ့ ဈေးကွက်ဝင်သီးနှံတွေ၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံအဖြစ် နံနံ၊ ခရမ်းချဉ်၊ ခရမ်း၊ ချဉ်ပေါင်၊ ဘူး၊ ရုံးပတီ၊ ဂေါ်ဖီ၊ မုန်လာ၊ ပဲတောင့်ရှည်၊ သခွားသီး(?)၊ ကန်စွန်း၊ သခွား၊ ကြက်ဟင်းခါး စသည့်သီးနှံများ စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၁၈၅)

# မြစ်သားမြို့နယ် ဘုံကွင်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြစ်သား ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဘုံကွင်းကျေးရွာအုပ်စု ဘုံကွင်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ဇူလိုင် ၂၁ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိသော်က ဘုံကွင်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ စီမံကိန်းအသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိသော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီများထံ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၂၁၉ သိန်း လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း စတုတ္ထအကြိမ်အဖြစ် မြစ်သားမြို့နယ် ဘုံကွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၁၀ ကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေကျပ် ၂၁၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# တောင်သာမြို့နယ် ကျော်က္ကာတောင်ကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**တောင်သာ ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျော်က္ကာတောင်ကုန်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင်ပါရှိသော ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့်တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းလဲ့အောင်နှင့် ဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ ကျေးရွာကော်မတီရွေးချယ်မှုသတ်မှတ်ချက်များ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများအကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကျော်က္ကာတောင်ကုန်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာလူထုထည့်ဝင်ငွေတို့နှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**သက်မာ**



# ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ၂၀၁၃ ခုနှစ် စားအုန်းဆီတင်သွင်းမှုကို ခန့်မှန်းခြင်း

**စားအုန်းဆီထုတ်လုပ်မှု**

ကမ္ဘာပေါ်တွင် စားအုန်းဆီထုတ်လုပ်မှုသည် ၂၀၁၀ ခုနှစ်တွင် တန်ချိန် ၇၃ ဒသမ ၈၃ သန်းထိ ရှိခဲ့သည်။ ၂၀၁၁ ခုနှစ်တွင်လည်း တန်ချိန် ၇၇ ဒသမ ၂၂ သန်း ထုတ်လုပ်ခဲ့သည်ဟုဆိုသည်။ ၂၀၁၀ ခုနှစ်ထက် ၂၀၁၁ ခုနှစ်တွင် တန်ချိန် ၃ ဒသမ ၃၉ သန်း ပိုမိုထုတ်လုပ်ခဲ့သည်ဟု United States Department of Agriculture(USDA)၏ ခန့်မှန်းချက်အရ သိရသည်။ တိုးတက်မှုမှာ ၄ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့သည်။ ကိုဗစ်ကာလနောက်ပိုင်းတွင် ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်ခြင်းဖြစ်သည်။

နိုင်ငံအလိုက် စားအုန်းဆီထုတ်လုပ်မှုကို ကြည့်လျှင် အင်ဒိုနီးရှားနိုင်ငံသည် တန်ချိန် ၄၅ ဒသမ ၅ သန်း၊ မလေးရှားနိုင်ငံသည် တန်ချိန် ၁၈ ဒသမ ၈ သန်း၊ ထိုင်းနိုင်ငံသည် တန်ချိန် ၃ ဒသမ ၂၆ သန်း၊ ကိုလံဘီယာနိုင်ငံသည် တန်ချိန် ၁ ဒသမ ၈၃၈ သန်း၊ နိုင်ဂျီးရီးယားနိုင်ငံသည် တန်ချိန် ၁ ဒသမ ၄ သန်း၊ ဂွါတီမာလာနိုင်ငံသည် တန်ချိန်သုည ဒသမ ၉၁ သန်း၊ ပါပူဝါနယူးဂီနီနိုင်ငံသည် တန်ချိန် သုည ဒသမ ၆၅ သန်း၊ ဟွန်ဒူရပ်စ်နိုင်ငံသည် တန်ချိန် သုည ဒသမ ၆ သန်း၊ ကုတ်ဒီအိုင်ဗရီ(အိုင်ဗရီကို့စ်)နိုင်ငံသည် တန်ချိန် သုည ဒသမ ၆ သန်းနှင့် ဘရာဇီးနိုင်ငံသည် တန်ချိန် သုည ဒသမ ၅၇ သန်းထုတ်လုပ်ကြောင်း သိရသည်။ ကမ္ဘာ့ထုတ်လုပ်မှုစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကျော်ကို အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့က ထုတ်လုပ်ကြောင်း တွေ့ရသည်။

စားအုန်းဆီ အများဆုံးထုတ်လုပ်သည့် နိုင်ငံသုံးနိုင်ငံမှာ အရှေ့တောင်အာရှမှ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့၏ ထုတ်လုပ်မှုသည် ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှုစုစုပေါင်း ၇၇ ဒသမ ၂၂ သန်းတွင် ၈၇ ဒသမ ၉၃ ရာခိုင်နှုန်းထိ ပါဝင်သည်။ မလေးရှားနိုင်ငံ၏ စားအုန်းဆီထုတ်လုပ်မှုသည် ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှု၏ ၂၄ ဒသမ ၃၅ ရာခိုင်နှုန်းရှိသည်။

**Rapeseed Oil နှင့် ဥရောပ**

Rapeseed Oil ကို အဝါရောင်အပွင့်လေးများပွင့်သော Rapeseed ပင်မှ ထုတ်လုပ်သည်။ Rapeseed Oil ကို မူလက စက်မှုလုပ်ငန်းသုံးဆီအဖြစ် ထုတ်လုပ်ခဲ့သည်။ စားသုံးရန်အတွက်မူ မသင့်ဟု ယူဆထားခဲ့ကြသည်။ စားသုံးမှုမပြုခြင်းမှာ Rapeseed Oil တွင် Erucic Acid ပါဝင်မှုမြင့်သောကြောင့် လူစားသုံးလျှင် အဆိပ်အတောက်ဖြစ်နိုင်သည်။ စက်မှုလုပ်ငန်းများ တိုးတက်မှုစောခဲ့သော ဥရောပတွင် အဆိုပါ Rapeseed Oil ကိုသာ အများအပြားသုံးစွဲခဲ့ကြသည်။ အချို့က Rapeseed Oil နှင့် Canola Oil တို့ကို ရောထွေးပြောဆိုတတ်ကြသည်။ Canola Oil သည်လည်း Rapeseed Oil ကို ပြင်ဆင်ထုတ်လုပ်ထားခြင်းဖြစ်၍ ရောနှောပြောဆိုကြခြင်းဖြစ်သည်။

ကုန်ကျစရိတ်သက်သာပြီး အမြောက်အမြားထုတ်လုပ်နိုင်သော Rapeseed Oil များကို လူစားသုံးနိုင်ရန်အတွက် ကနေဒါသိပ္ပံပညာရှင်များက ၁၉၇၀ ပြည့်နှစ်ခန့်တွင် မိရိုးဖလာမျိုးကူးပေးခြင်းနည်းလမ်းဖြင့် Rapeseed ၏ဗီဇကို ပြုပြင်နိုင်ခဲ့ပြီး Erucic Acid ပါဝင်မှုကို ၅၀ ရာခိုင်နှုန်းခန့်မှ နှစ်ရာခိုင်နှုန်းခန့်ထိ လျှော့ချနိုင်ခဲ့သည်။

Rapeseed ပင်သည် ဂေါ်ဖီထုပ်မျိုးနွယ်ဝင်အပင်မျိုးဖြစ်သည်။ ဗြိတိသျှနိုင်ငံ တစ်နိုင်ငံတည်းတွင်ပင် Rapeseed Oil ထုတ်လုပ်မှုသည် ၁၉၇၀ ပြည့်နှစ်များက တန်ချိန်သောင်းဂဏန်းသာ ထုတ်လုပ်ရာမှ ယခုအခါတွင် တန်ချိန် နှစ်သန်းကျော်ထိထုတ်လုပ်လာကြောင်း သိရသည်။ Rapeseed Oil ၏ အဓိကဈေးကွက်သည် ဥရောပဖြစ်ပြီး ဈေးကွက်တန်ဖိုးမှာ ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၉ ဘီလီယံထိရှိခဲ့သည်။

**မလေးရှားနှင့် ဥရောပ**

မလေးရှားနိုင်ငံ၏ စားအုန်းဆီနှင့် စားအုန်းဆီအခြေခံထုတ်ကုန်များ ပြည်ပတင်ပို့မှုသည် ၂၀၁၂ ခုနှစ်တွင် တန်ချိန် ၂၄ ဒသမ ၇၄ သန်းထိရှိသည်ဟု သိရသည်။ ၂၀၁၁ ခုနှစ်တွင် တန်ချိန် ၂၄ ဒသမ ၂၈ သန်း တင်ပို့ခဲ့သဖြင့် ၂၀၁၂ ခုနှစ်တွင် ၂၀၁၁ ခုနှစ်ကထက် ၁ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်တင်ပို့နိုင်ခဲ့သည်ဟု သိရသည်။ မလေးရှားနိုင်ငံမှ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့တင်ပို့မှုမှာ ၂၀၁၂ ခုနှစ်တွင် တန်ချိန် ၂ ဒသမ ၇၁၂ သန်းကျော်တင်ပို့ခဲ့သဖြင့် မလေးရှားနိုင်ငံ၏ တင်ပို့မှုစုစုပေါင်းတွင် ၁၁ ရာခိုင်နှုန်းခန့်ထိရှိကြောင်း တွေ့ရသည်။

မလေးရှားစားအုန်းဆီထုတ်ကုန်များကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့မှုများသည် ၂၀၁၃ ခုနှစ်တွင် တန်ချိန်သုံးသန်းထိ တိုးမြင့်လာဖွယ်ရှိသည်ဟု မလေးရှားစားအုန်းဆီကောင်စီ(Malaysia Palm Oil Council-MPOC) က ခန့်မှန်းထားသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ဆီနှင့်အဆီစားသုံးမှုသည် ၂၀၁၃ ခုနှစ်တွင် တန်ချိန် ၃၄ သန်းထိရှိမည်ဟု ခန့်မှန်းထားသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ အဓိကစားသုံးဆီမှာ နေကြာဆီနှင့် Rapeseed ဆီများဖြစ်သည်ဟုဆိုသည်။ ဥရောပ၏ စားသုံးဆီနှင့် ဇီဝလောင်စာဆီဈေးကွက်တွင် အဆိုပါဆီနှစ်မျိုးသာ လွှမ်းမိုးနေပြီး တိုးတက်လာသော ဝယ်လိုအားသည် စားသောက်ကုန်နှင့် ဇီဝလောင်စာဆီဈေးကွက်တွင်ဖြစ်ပေါ်နေသဖြင့် အဆိုပါဆီများသည်လည်း ပြိုင်ဆိုင်မှုပြင်းထန်လာသည်ကိုတွေ့နိုင်သည်။ အဆိုပါပြိုင်ဆိုင်မှုပြင်းထန်သည်နှင့်အမျှ ဈေးနှုန်းပိုင်းတွင်လည်း ပြိုင်ဆိုင်နေရသည်ကို တွေ့နိုင်သည်။ အမျိုးမျိုးသော ဇီဝလောင်စာဆီဈေးနှုန်းများသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် ပြင်းထန်သောပြိုင်ဆိုင်ရမှုများနှင့် ကြုံတွေ့နေရသည်ဟုဆိုသည်။

စားအုန်းဆီနှင့် ပဲပုပ်ဆီတချို့တို့သည်လည်း ဇီဝလောင်စာဈေးကွက်တွင် နေရာရလာသည်။ အမေရိကတွင် ပဲပုပ်ဆီကိုစားသုံးရန်အတွက်သာမက ဇီဝလောင်စာအတွက်ပါ သုံးစွဲကြသကဲ့သို့ ဥရောပတွင် Rapeseed Oil ကို ဇီဝလောင်စာအတွက် အများအပြားသုံးစွဲသည်ကို တွေ့ရသည်။ Rapeseed Oil ကို ဇီဝလောင်စာထုတ်လုပ်ရေးတွင် အသုံးပြုမှုစုစုပေါင်းသည် ၂၀၁၃ ခုနှစ်တွင် တန်ချိန် ၇ ဒသမ ၈ သန်းထိစံချိန်တင်မြင့်တက်ခဲ့သည်။ ၂၀၁၂ ခုနှစ်က တန်ချိန် ၇ ဒသမ ၃ သန်းခန့်မှန်းထားသည်ထက်ပိုခဲ့သည်။ ၂၀၁၉ ခုနှစ်က သုံးစွဲမှုတန်ချိန် ၆ ဒသမ ၆ သန်းထက်လည်း များစွာပိုလျှံခဲ့သည်ကို တွေ့ရသည်။ အဆိုပါ Rapeseed Oil ကို ၂၀၁၃ ခုနှစ်တွင် ဇီဝလောင်စာထုတ်လုပ်ရာတွင် ၄၁ ရာခိုင်နှုန်းထိ သုံးစွဲလာမည်ဟု ခန့်မှန်းကြသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ဆီနှင့် အဆီ စုစုပေါင်းသုံးစွဲမှု တန်ချိန် ၃၃ သန်း၏ ၄၀ ရာခိုင်နှုန်းသည် ပြည်ပမှတင်သွင်းမှုများဖြစ်သည်။ Rapeseed Oil သည် ဒေသတွင်းသုံးစွဲမှုအများဆုံးဆီဖြစ်ပြီး တန်ချိန် ၉ ဒသမ ၂ သန်းရှိပြီးနောက်တွင် စားအုန်းဆီသည် တန်ချိန် ၆ ဒသမ ၈ သန်းဖြင့် ၂၀၁၂ ခုနှစ်က ရှိခဲ့သည်။ အဆိုပါစားအုန်းဆီတင်သွင်းမှုတွင် မလေးရှားနိုင်ငံမှတင်သွင်းမှုမှာ တန်ချိန် ၁ ဒသမ ၅ သန်းရှိကြောင်း သိရသည်။ မလေးရှားသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ စားအုန်းဆီတင်သွင်းမှုတွင် ဈေးကွက်ဝေစု ၂၂ ရာခိုင်နှုန်းကို ရရှိထားသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲရေးမူဝါဒများကို အကောင်အထည်ဖော်လျက်ရှိပြီး ဒေသတွင်းထုတ်လုပ်သည့်ဆီများကို ပိုမိုသုံးစွဲလာရန်ရှိသဖြင့် စားအုန်းဆီတင်သွင်းမှုကို လျှော့ချသွားဖွယ်ရှိသည်ဟု MPOC က ခန့်မှန်းထားသည်။ ဒေသတွင်းစိုက်ပျိုးထုတ်လုပ်သည့် စားသုံးဆီထွက်သီးနှံများ၏ ပြိုင်ဆိုင်မှုက ပိုမိုလာခြင်းနှင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာခြင်းများက စားအုန်းဆီတင်သွင်းမှုကို ဟန့်တားလျက်ရှိသည်။ ဆီတင်သွင်းမှုများသည် ယူကရိန်းဒေသပဋိပက္ခနှင့် အလားအလာများ၊ ငွေကြေးဖောင်းပွမှုများ၊ စီးပွားရေးကျဆင်းမှုများ၊ သို့လှောင်နိုင်မှုလျော့ကျမှုများ၊ မြေသြဇာဈေးကြီးမြင့်ခြင်းများ၊ စွမ်းအင်ဈေးနှုန်းနှင့် ရာသီဥတုအကျိုးသက်ရောက်မှုများကြောင့် မသေချာမှုများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဟု MPOC က ဆိုသည်။

**ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ စားအုန်းဆီတင်သွင်းမှု**

မလေးရှားနိုင်ငံမှ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ စားအုန်းဆီနှင့် ဆီထွက်ပစ္စည်းတင်ပို့မှုများသည် ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှမေလအတွင်း ၁၄ ရာခိုင်နှုန်း သို့မဟုတ် ၁၄၄၀၆၅ တန်ထိ ယခင်နှစ်ကာလထက်တင်ပို့မှုအောက် လျော့ကျခဲ့သည်ဟု သိရသည်။ ၂၀၁၂ ခုနှစ်တွင် ဇန်နဝါရီလမှ မေလထိ ငါးလအတွင်း တန်ချိန် ၁၁၈၈၂၁ တန်ကို မလေးရှားမှ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့တင်ပို့နိုင်ခဲ့သော်လည်း ယခု ၂၀၁၃ ခုနှစ် ကာလတူငါးလအတွင်းတွင် တန်ချိန် ၁၀၄၄၁၅၆ တန်သာ တင်ပို့နိုင်ခဲ့သည်။ သို့သော်လည်း ၂၀၁၃ ခုနှစ် နှစ်ကုန်ထိ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့မှုသည် တန်ချိန် ၁ ဒသမ ၅ သန်းထက် ပိုမိုတင်ပို့နိုင်မည်ဟုခန့်မှန်းထားသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ မလေးရှားနိုင်ငံ၏ စားအုန်းဆီနှင့် စားအုန်းဆီထွက်ပစ္စည်းများကို တန်ချိန်သုံးသန်းကျော်ထိ တင်ပို့နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ယခင်နှစ်က တင်ပို့မှုများထက် လျော့နည်းလျက်ရှိသည်မှာ အမျိုးမျိုးသောအကြောင်းကိစ္စများဖြစ်ပွားခဲ့ခြင်းကြောင့်သာဖြစ်သည်ဟု MPOC က ဆိုသည်။

ထိုအကြောင်းများတွင် စားအုန်းဆီဈေးကြီးမြင့်လာခြင်း၊ ငွေဖောင်းပွမှုများပြားလာခြင်း၊ စွမ်းအင်နှင့် စားသောက်ကုန်ကဏ္ဍတွင် ဝယ်လိုအားလျော့ကျခြင်းကြောင့်လည်းဖြစ်သည်။ တစ်ဖက်မှ ပြိုင်ဘက်ဆီများဖြစ်သော Rapeseed Oil နှင့် နေကြာဆီများကို အများအပြားထုတ်လုပ်ခဲ့၍ ဥရောပဈေးကွက်သို့ ပိုမိုဝင်ရောက်လာခဲ့သည်။ ထို့ကြောင့်ပင် ဈေးကွက်အတွင်း ဝယ်လိုအားထက်ပိုလျှံနေပြီး အများအပြားစုပုံကာ လက်ကျန်အများအပြား ဖြစ်ပေါ်နေသဖြင့် စားအုန်းဆီတင်သွင်းမှု လျော့ကျခဲ့ခြင်းဖြစ်သည်ဟု ခန့်မှန်းထားသည်။

မလေးရှားမှ ဥရောပဈေးကွက်သို့ စားအုန်းဆီနှင့် ဆီထွက်ပစ္စည်းများတင်ပို့မှုကို ပြန်ကြည့်မည်ဆိုပါက ၂၀၀၇ ခုနှစ်တွင် တန်ချိန် ၃ ဒသမ ၃၂၃ သန်းကျော်၊ ၂၀၀၈ ခုနှစ်တွင် တန်ချိန် ၃ ဒသမ ၃၂၂ သန်းကျော်၊ ၂၀၀၉ ခုနှစ်တွင် တန်ချိန် ၃ ဒသမ ၄၇၅ သန်းကျော်၊ ၂၀၁၀ ပြည့်နှစ်တွင် တန်ချိန် ၃ ဒသမ ၃၀၂ သန်းကျော် တင်ပို့ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် တန်ချိန် ၂ ဒသမ ၉၇၅ သန်းကျော်နှင့် ၂၀၁၂ ခုနှစ်တွင် တန်ချိန် ၂ ဒသမ ၇၁၂ သန်းကျော်တင်ပို့ခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။ နောက်ဆုံးနှစ်နှစ်ဖြစ်သော ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တို့တွင် တန်ချိန် သုံးသန်းအောက်သို့ ရောက်ခဲ့သော်လည်း ၂၀၁၃ ခုနှစ်တွင် ပြန်လည်တိုးတက်ပြီး တန်ချိန်သုံးသန်းထိ တင်ပို့နိုင်မည်ဟုခန့်မှန်းထားခြင်းဖြစ်သည်။ ဥရောပ၏ဇီဝလောင်စာထုတ်လုပ်မှုကဏ္ဍတွင် တရုတ်နိုင်ငံက ဇီဝလောင်စာများ အစုလိုက်များစွာဝင်ရောက်လာသည့်အတွက် ဥရောပမှ ဇီဝလောင်စာထုတ်လုပ်မှုဈေးကွက်တွင် အခက်အခဲများ တိုးတက်လျက်ရှိသည်ကို တွေ့နေရသည်ဟု သိရသည်။

ကမ္ဘာပေါ်တွင် စားအုန်းဆီအပါအဝင် ဟင်းသီးဟင်းရွက်ဆီများကို ချက်ပြုတ်စားသောက်ခြင်းနှင့် စားသောက်ကုန်များအတွက်သာမက ဇီဝလောင်စာဆီအတွက်လည်း များစွာအသုံးပြုလျက်ရှိသည်။ ထိုသို့အသုံးပြုမှုတိုးတက်လာသည်နှင့်အမျှ စားအုန်းဆီနှင့် အခြားဟင်းသီးဟင်းရွက်ဆီအမျိုးမျိုးတို့၏ ပြိုင်ဆိုင်မှုလည်းတိုးတက်လာသည်။ သို့ရာတွင် ဈေးနှုန်းများမှာမူ အကြောင်းအမျိုးမျိုးဖြင့် မြင့်တက်လျက်ရှိသည်ကို တွေ့မြင်နေရသည်။ ထို့ကြောင့် ဟင်းသီးဟင်းရွက်ဆီအဖြစ် ထုတ်လုပ်နိုင်သောဆီထွက်သီးနှံများကို ပြည်တွင်းတွင် တိုးတက်ထုတ်လုပ်သွားမည်ဆိုပါက ပြည်တွင်းစားသုံးမှုအတွက် ဖူလုံရုံသာမက ပြည်ပတင်ပို့မှုကိုလည်း ကောင်းစွာတိုးတက်စေမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ပြုပြင်ထားသောဆီများကိုသာ စားသုံးနေရသဖြင့် မူလအနံ့အရသာရှိသော သဘာဝနှင့်အော်ဂဲနစ်ဆီများ၏ ဝယ်လိုအားသည်လည်း မြင့်တက်နေသဖြင့် အဆိုပါကဏ္ဍတွင်လည်း မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်ခြင်းဖြင့် စားသုံးဆီကဏ္ဍဖွံ့ဖြိုးတိုးတက်လာနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။

❖ ၂၀၁၃ ခုနှစ် နှစ်ကုန်ထိ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့မှုသည် တန်ချိန် ၁ ဒသမ ၅ သန်းထက် ပိုမိုတင်ပို့နိုင်မည်ဟု ခန့်မှန်းထားသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ မလေးရှားနိုင်ငံ၏ စားအုန်းဆီနှင့် စားအုန်းဆီထွက်ပစ္စည်းများကို တန်ချိန် သုံးသန်းကျော်ထိ တင်ပို့နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ယခင်နှစ်က တင်ပို့မှုများထက် လျော့နည်းလျက်ရှိသည်မှာ အမျိုးမျိုးသောအကြောင်းကိစ္စများ ဖြစ်ပွားခဲ့ခြင်းကြောင့်သာဖြစ်သည်ဟု MPOC က ဆိုသည်။ ❖

**ကိုးကား**

- Malaysia Palm Oil Council (MPOC) ၏ ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ထုတ်သော Pulm Pulse; Issue 3)

**မျိုးသူ(ကုန်သွယ်မြှင့်)**

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၃၂၈၅၆ ဧက စိုက်ပျိုးပြီးစီး

**မြောင်းမြ ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၃၂၈၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။



အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၁၄၃၀၁၀ ကို ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၂၈၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးလျာထားဧက ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့ စသည့်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ အခုနှစ် မိုးစပါးဧက ၁၄၃၀၁၀ လျာထားစိုက်ပျိုးနေတာဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ အခုနှစ် မိုးစပါးဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေကို ပြန်လည်ရိတ်သိမ်းတဲ့အချိန်ထိ လိုအပ်တဲ့နည်းပညာတွေကို ပို့ချဆောင်ရွက်ပေးမှာဖြစ်တယ်။ မိုးစပါးတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့အတူ အခြား စိုက်ပျိုးရေးနဲ့ဆက်စပ်တဲ့ ဌာနတွေကလဲ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်။ ကျန်တဲ့ဧကတွေကို ဆက်လက်စိုက်ပျိုးနေပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးများ အထွက်နှုန်းကောင်းစေရန်၊ အပျက်အစီးအလေအလွင့်မရှိစေရန်၊ တစ်ဧကချင်း စပါးအထွက်နှုန်း ညီစေရန်၊ စပါးအရည်အသွေးကောင်းစေရန်၊ စနစ်တကျ ပြန်လည်ရိတ်သိမ်းနိုင်ရန် စသည့်အသိပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ယုန်မင်းဝတ္ထု

- မီးပုံအတွင်း ခုန်၍ဆင်းသည်
  ယုန်မင်း၏ဇာတ် အတ္ထုပ္ပတ်။

- ဆရာစလေ ဉာဏ်ကဝေဖြင့်
  စာပေအလှ မှုန်းခြယ်ပြသည်
  ဘုရားအလောင်း ထိုယုန်မင်း။

- အလှုံညီးညီး တောက်သောမီးကား
  ပူလည်းပူလိမ့် လောင်မြိုက်လိမ့်ဟု
  သိချိမ့်မျှော်ထောက် သဘောပေါက်လည်း
  မကြောက်အလျှင်း ထိုယုန်မင်းလျှင်
  ခုန်ဆင်းဝံ့ရဲ မီးပုံထဲ။

- သက်နှင်းလှူရန် အဓိဋ္ဌာန်နှင့်
  ကြံစည်ရေးရှု ဆန်းကြယ်မှုကြောင့်
  ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည်
  တင်းလှာချက်ချင်း သိကြားမင်းလည်း
  သက်ဆင်းလှူရပ် ဣန္ဒြိပါဒ်ဖြင့်
  ချဉ်းကပ်စီမံ အလှူခံသော်
  မီးလျှံသည်ပင် ရေအသွင်သို့
  ကြည်လင်မြမြ အေးသတည်း။

- "စေတနာမှန် မေတ္တာမှန်သော်
  ရန်သည်မရှိ အေးငြိမ်းဘိ"ဟု
  အသိရင်မှာ တွယ်ငြိလာအောင်
  ဆရာစလေ ဉာဏ်ကဝေဖြင့်
  စာပေသက်သွင်း ပုံပြခင်းသည်
  ယုန်မင်းဝတ္ထု သာဓက။ ။

**မြင်းမူမောင်နိုင်မိုး**

# ပင်းတယမြို့နယ် ကုန်းစောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းပြုလုပ်

**ပင်းတယ ဇူလိုင် ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက ကျုံးကျေးရွာအုပ်စု ကုန်းစောင်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က ကုန်းစောင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသော ကုန်းစောင်းကျေးရွာမှ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အမှန်တကယ် ဆောင်ရွက်နိုင်သည့် လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေခြင်းဖြင့် ကျေးလက်ဒေသဆင်းရဲမှုနှုန်းကို လျှော့ချနိုင်ရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ကျေးလက်လူထု၏ စွမ်းဆောင်ရည် တိုးတက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကုန်းစောင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးမည်ဖြစ်ကြောင်း ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ထံမှ သိရသည်။

**မောင်ခိုင်**

# သာယာဝတီမြို့နယ်၌ VDP စီမံချက်ရေးဆွဲနည်းနှင့် AVIP သင်တန်းဖွင့်

**သာယာဝတီ ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စီမံကိန်းကော်မတီဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)စီမံချက် ရေးဆွဲနည်းနှင့် ရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AV-IP)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စုသဲမွန်ထွန်းက သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များ၊ လူထုဗဟိုပြုလူမှုစီးပွားဘဝ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များ၊ ကျေးရွာ၏လူမှုဖွံ့ဖြိုးရေးအချက်အလက်များနှင့်စီမံကိန်း ပံ့ပိုးရန်ပုံငွေ သုံးစွဲရေးအစီအစဉ်နှင့်ပတ်သက်သည့်သင်ခန်းစာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သာယာဝတီမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် အင်းလဲ၊ အုတ်ဖိုစု၊ ဖိုးသာအိစု၊ နီဗွာန်ကုန်း၊ ညောင်ကုန်း၊ မင်းကြီးကုန်း၊ ဒေါ်ဆိုင်း၊ ကျားမနိုင်၊ ဘိုကြီးကုန်းနှင့် ကွင်းနွယ်ရိုးကျေးရွာတို့မှ ကော်မတီဝင် ဦးရေ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကိုတာဝန်ရှိသူများက ယနေ့မှဇူလိုင် ၂၆ ရက်ထိ ၄ရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေးမြတ်**

# နိုင်ငံတကာ သတင်းများ

# ဘီလာရုစ်ကို ရန်စတိုက်ခိုက်လာပါက တုံ့ပြန်မည်ဟု ရုရှားသမ္မတပူတင်က ပိုလန်နိုင်ငံကိုသတိပေး



**မော်စကို ဇူလိုင် ၂၂**

ဘီလာရုစ်နိုင်ငံကို မည်သည့်ပုံစံမျိုးနှင့်မဆို ရန်စတိုက်ခိုက်ခံခဲ့ရပါက ရုရှားနိုင်ငံကို တိုက်ခိုက်မှုအဖြစ် မှတ်ယူမည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ပိုလန်နိုင်ငံကို ဇူလိုင် ၂၁ ရက်တွင် သတိပေးလိုက်သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပိုလန်နိုင်ငံအရှေ့ပိုင်း ဘီလာရုစ်နယ်စပ်သို့ ပိုလန်စစ်တပ်များ စေလွှတ်ထားရန် ပိုလန်အစိုးရလုံခြုံရေးကော်မတီက ဆုံးဖြတ်ခဲ့ပြီးနောက် ရုရှားသမ္မတ ပူတင်၏ အဆိုပါသတိပေးချက် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

ဘီလာရုစ်နိုင်ငံအား ရန်လိုတိုက်ခိုက်မှုများ မည်သည့်ပုံစံမျိုးနှင့်မဆို ပြုလုပ်လာခဲ့ပါက ရှိသမျှနည်းလမ်းအားလုံးသုံး၍ ရုရှားအနေဖြင့် တုံ့ပြန်မည်ဖြစ်ကြောင်း သမ္မတပူတင်က နိုင်ငံပိုင်မီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ဘီလာရုစ်နိုင်ငံသည် ရုရှားနိုင်ငံ၏ အဓိကမဟာမိတ် အိမ်နီးချင်းဖြစ်ပြီး ရုရှားဖက်ဒရေးရှင်းနှင့်မူအားဖြင့် ပြည်ထောင်စုဖွဲ့စည်းထားသောနိုင်ငံဖြစ်သည်။

မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး) အုပ်စုဝင်နိုင်ငံဖြစ်သည့် ပိုလန်နိုင်ငံသည် ဘီလာရုစ်နယ်မြေများကို သိမ်းယူရန်ကြံစည်နေကြောင်းလည်း ရုရှားသမ္မတပူတင်က ဇူလိုင် ၂၁ ရက်တွင် စွပ်စွဲခဲ့သည်။

ရုရှားသမ္မတ ပူတင်သည် ဘီလာရုစ်သမ္မတ လူကာရှန်ကိုနှင့် ဇူလိုင် ၂၃ ရက်တွင် ရုရှားနိုင်ငံ၌ တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်ဟု ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

KKO

## ဘရစ်အုပ်စုတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ရေး အယ်လ်ဂျီးရီးယား အဆိုပြုလွှာတင်သွင်း

**အယ်လ်ဂျီးယားစ် ဇူလိုင် ၂၂**

စီးပွားရေးအင်အားကြီး နိုင်ငံသစ်များဖြင့် ဖွဲ့စည်းထားသည့် ဘရစ်အုပ်စု(ဘီအာရ်အိုင်စီအက်စ်)၌ အဖွဲ့ဝင်အဖြစ်ပါဝင်ခွင့်ရရေးအတွက် အယ်လ်ဂျီးရီးယားနိုင်ငံက အဆိုပြုလွှာတင်သွင်းထားကြောင်း ရိုက်တာသတင်းဌာနက ဇူလိုင် ၂၁ ရက်တွင် ဖော်ပြခဲ့သည်။

ဘရစ်အုပ်စု၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရေးအတွက် အဆိုပြုလွှာတင်သွင်းထားမှုကို အယ်လ်ဂျီးရီးယားသမ္မတ အက်ဘ်ဒယ်လ်မာဂျစ်တက်ဘွန်းက ပြည်တွင်းမီဒီယာများကို အတည်ပြုပြောကြားထားခြင်းဖြစ်သည်။

ထို့ပြင် အယ်လ်ဂျီးရီးယားနိုင်ငံအနေဖြင့် ဘရစ်အုပ်စုဘဏ်၌ အစုရှယ်ယာရှင် နိုင်ငံတစ်နိုင်ငံအဖြစ်ပါဝင်ရေးအတွက်လည်း အဆိုပြုထားကြောင်း သိရသည်။

အယ်လ်ဂျီးရီးယားအနေဖြင့် ဘရစ်ဘဏ်၌ အစုရှယ်ယာရှင်တစ်ဦးအဖြစ် ပါဝင်နိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံထည့်ဝင်ရမည်ဖြစ်ကြောင်း သမ္မတတက်ဘွန်း၏ အဆိုအရ သိရသည်။

ဘရစ်အုပ်စုသည် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိကနိုင်ငံတို့ဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည်။

ဘရစ်အုပ်စု၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရေးအတွက် ကမ္ဘာ့နိုင်ငံပေါင်း ၄၀ ကျော်တို့က စိတ်ဝင်စားနေကြကြောင်း သိရသည်။

KKO

## ဝန်ကြီးချုပ် ဟွန်ဆန်၏သားဖြစ်သူ ဟွန်မာနက် ကမ္ဘောဒီးယားဝန်ကြီးချုပ်ရာထူး မကြာမီရယူဖွယ်ရှိ

**ဖနွမ်းပင် ဇူလိုင် ၂၂**

ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်ဆန်၏သားကြီး ဟွန်မာနက်သည် လာမည့်လအတွင်း ဖခင်၏ ဝန်ကြီးချုပ်ရာထူးကို လွှဲပြောင်းရယူနိုင်ဖွယ်ရှိကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ်ရာထူးအား ရက်သတ္တပတ် အနည်းငယ်အတွင်း ဟွန်မာနက်လွှဲပြောင်းရယူနိုင်ဖွယ်ရှိမှုကို ဝန်ကြီးချုပ် ဟွန်ဆန်ကိုယ်တိုင်က ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

လာမည့် ရက်သတ္တနှစ်ပတ်သို့မဟုတ် သုံးပတ်အတွင်း ဟွန်မာနက်အနေဖြင့် ကမ္ဘောဒီးယားဝန်ကြီးချုပ်ဖြစ်လာနိုင်ကြောင်း၊ယင်းရာထူးကို ရယူရေးမှာ ဟွန်မာနက်၏စွမ်းဆောင်ရည်အပေါ် မူတည်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က တရုတ်ရုပ်သံလိုင်းတစ်ခုသို့ ဇူလိုင် ၂၀ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၄၅ နှစ်ရှိ ဟွန်မာနက်သည် ဖခင်ဖြစ်သူ၏ရာထူးကို ရယူလိမ့်မည်ဖြစ်ကြောင်း အများကတွက်ဆထားပြီး ဖြစ်သော်လည်း မည်သည့်အချိန်တွင် ရယူမည်ကိုခန့်မှန်း၍ မရခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်သည် အထွေထွေရွေးကောက်ပွဲ မကျင်းပမီ ရက်ပိုင်းအလိုမှာပင် ဝန်ကြီးချုပ်ရာထူးအား သားဖြစ်သူထံ လွှဲပြောင်းရယူနိုင်ဖွယ်ရှိသည့် ကာလအား အံ့အားသင့်ဖွယ်ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။



အမေရိကန်နိုင်ငံနှင့် ဗြိတိန်တို့၌ ပညာသင်ကြားခဲ့သော ဟွန်မာနက်သည် ကမ္ဘောဒီးယားတပ်မတော်၏ ထိပ်တန်းတပ်မှူး တစ်ဦးလည်း ဖြစ်ကြောင်း သိရသည်။

KKO

## အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားအရန်ငွေပမာဏ အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀၀ ကိုကျော်လွန်

**ဒေလီ ဇူလိုင် ၂၂**

အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားအရန်ငွေပမာဏသည် ယခုနှစ် ဇူလိုင် ၁၄ ရက်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀၀ ကျော်ထိ မြင့်တက်လာကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အိန္ဒိယဗဟိုဘဏ်၏အဆိုအရ အိန္ဒိယနိုင်ငံတစ်ဝန်းရှိ နိုင်ငံခြားအရန်ငွေပမာဏသည် တတိယမြောက် ရက်သတ္တပတ်အဖြစ် ဆက်လက်မြင့်တက်ခဲ့ပြီး ဇူလိုင် ၁၄ ရက်တွင် အမေရိကန်ဒေါ်လာ ၆၀၉ ဒသမ ၀၂ ဘီလီယံထိရှိလာကြောင်း သိရသည်။

အိန္ဒိယ နိုင်ငံခြားအရန်ငွေပမာဏသည် ၁၅ လနီးပါးကာလအတွင်း စံချိန်တင်အမြင့်ဆုံးအဆင့်ထိ မြင့်တက်လာခြင်းဖြစ်ကြောင်း အိန္ဒိယဗဟိုဘဏ် ကြေညာချက်၌ ဖော်ပြထားသည်။

အိန္ဒိယ နိုင်ငံခြားအရန်ငွေပမာဏမှာ ဒေါ်လာတန်ဖိုးချည့်နဲ့လာမှုကြောင့် အပတ်စဉ်မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏လက်ရှိနိုင်ငံခြားအရန်ငွေပမာဏသည် ၁၁ လစာ သွင်းကုန်များအတွက် ငွေပေးချေရန်လုံလောက်မှုရှိကြောင်း ဘောဂဗေဒပညာရှင်များက တွက်ချက်ထားသည်။

အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားအရန်ငွေပမာဏသည် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် အမေရိကန်ဒေါ်လာ ၅၂၄ ဒသမ ၅ ဘီလီယံထိရှိခဲ့ပြီး ယခုနှစ် ဇူလိုင် ၁၄ ရက်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀၀ ကျော်လွန်လာခြင်းဖြစ်ကြောင်း သိရသည်။

KKO




## ပင်လယ်နက်မှကောက်ပဲသီးနှံသယ်ယူမည့်သင်္ဘောအရေအတွက် ယခုရက်သတ္တပတ်အတွင်း ၃၅ ရာခိုင်နှုန်း ကျဆင်း

**လန်ဒန် ဇူလိုင် ၂၂**

ယူကရိန်းဆိပ်ကမ်းများကို ရုရှားနိုင်ငံက ဆက်လက်တိုက်ခိုက်နေချိန်တွင် ပင်လယ်နက်ဒေသမှတစ်ဆင့် ကောက်ပဲသီးနှံများ သယ်ယူမည့် ကုန်တင်သင်္ဘောအရေအတွက်မှာ ယခုရက်သတ္တပတ်အတွင်း ၃၅ ရာခိုင်နှုန်းကျဆင်းသွားကြောင်း ရိုက်တာသတင်းဌာနက ဇူလိုင် ၂၁ ရက်တွင် ဖော်ပြခဲ့သည်။

ပင်လယ်နက် ဆိပ်ကမ်းများအား ရုရှားရေတပ်က ပိတ်ဆို့ထားမှုကို ကျော်ဖြတ်မည်ဖြစ်ကြောင်း ယူကရိန်းအစိုးရက ပြောကြားခဲ့ပြီးနောက် ရုရှားနိုင်ငံသည် ယူကရိန်းကောက်ပဲသီးနှံ တင်ပို့ရေးအခြေခံအဆောက်အအုံများကို ဇူလိုင် ၂၁ ရက်ထိ လေးရက်ဆက်တိုက် တိုက်ခိုက်ခဲ့သည်။

ထို့ပြင် ယူကရိန်းရေပြင်အတွင်း ဝင်ရောက်မည့်သင်္ဘောမှန်သမျှကို စစ်လက်နက်ပစ္စည်းများတင်ဆောင်လာနိုင်သော သင်္ဘောများအဖြစ် မှတ်ယူမည်ဖြစ်ကြောင်း ရုရှားနိုင်ငံက သတိပေးထားသည်။

သို့သော် ပင်လယ်နက်ဒေသ၌ ပေါ်ပေါက်နေသည့် အခြေအနေများကြောင့် ပင်လယ်နက်ဒေသမှ ကောက်ပဲသီးနှံများ သယ်ယူမည့် သင်္ဘောအရေအတွက်မှာ ယခုရက်သတ္တပတ်အတွင်း ပြီးခဲ့သည့် ရက်သတ္တပတ်နှင့် နှိုင်းယှဉ်ပါက ၃၅ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ပင်လယ်ရေကြောင်းကုန်သွယ်ရေးသတင်းဝက်ဘ်ဆိုက်များ၏အဆိုအရ သိရသည်။


ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ပင်လယ်နက်ဒေသမှတစ်ဆင့် ကောက်ပဲသီးနှံများသယ်ယူခဲ့သော သင်္ဘောအရေအတွက်မှာ ၃၂ စင်း ရှိခဲ့သော်လည်း ယခုရက်သတ္တပတ်တွင် အစင်း ၂၀ သာရှိတော့ကြောင်း ပင်လယ်ရေကြောင်းကုန်သွယ်ရေး ဝက်ဘ်ဆိုက်များတွင် ဖော်ပြထားသည်။

ထို့ပြင် ရေကြောင်းအာမခံကုမ္ပဏီ အများအပြားကလည်း ယူကရိန်းကောက်ပဲသီးနှံများ သယ်ယူမည့် သင်္ဘောများအတွက် အာမခံပေးမှုများ ရပ်ဆိုင်းထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ဥရောပအာကာသအေဂျင်စီသိပ္ပံပညာရှင်များက အေရိုးလပ်စ်ဂြိုဟ်တုကို လေထုလွှာအဝင်လမ်းကြောင်းထိန်းကျောင်းပေးရန် ပြင်ဆင်နေ




**ပဲရစ် ဇူလိုင် ၂၂**

ဥရောပအာကာသအေဂျင်စီ သိပ္ပံပညာရှင်များသည် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်မည့် အေရိုးလပ်စ်အမည်ရှိ ဂြိုဟ်တုကို လေထုလွှာအဝင်လမ်းကြောင်း ထိန်းကျောင်းပေးရန် ပြင်ဆင်နေကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါအစီအစဉ်သည် ကမ္ဘာ့ပထမဆုံးအကြိမ်အဖြစ် လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်မည့် ဂြိုဟ်တု၏ လေထုလွှာအဝင်လမ်းကြောင်းကိုမြေပြင်မှတစ်ဆင့် ထိန်းချုပ်ပေးမည့်အစီအစဉ်ဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

အေရိုးလပ်စ်ဂြိုဟ်တုသည် ၂၀၁၈ ခုနှစ်မှစ၍ ကမ္ဘာ့လေစီးကြောင်းများကို စူးစမ်းလေ့လာခဲ့သည့် ဂြိုဟ်တုဖြစ်သည်။

သို့ရာတွင် ယခုလအစောပိုင်းတွင် မစ်ရှင်သက်တမ်းကုန်ဆုံးပြီးနောက် အေရိုးလပ်စ်ဂြိုဟ်တုသည် မူလပတ်လမ်းပေါ်မှ တစ်ရက်လျှင် တစ်ကီလိုမီတာနှုန်းဖြင့် နိမ့်ဆင်းလာလျက်ရှိကြောင်း သိရသည်။

အထက်ပါ အခြေအနေမျိုးသည် အေရိုးလပ်စ်ဂြိုဟ်တုလေထုလွှာအဝင်လမ်းကြောင်းကို ထိန်းကျောင်းပေးနိုင်ရေးအတွက် သင့်လျော်သည့် အခြေအနေမျိုးဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အေရိုးလပ်စ်ဂြိုဟ်တုသည် ဇူလိုင် ၂၈ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ဖွယ်ရှိကြောင်း သိရသည်။ KKO


## တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ရှန်ကျိုး-၁၆ အာကာသယာဉ်မှူးများက ပထမဆုံးအာကာသစခန်းယာဉ်ပြင်ပထွက်ခွာမှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့

**ပေကျင်း ဇူလိုင် ၂၂**

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ရှန်ကျိုး-၁၆ အာကာသယာဉ်မှူးများသည် ၎င်းတို့၏ပထမဆုံးအာကာသစခန်းယာဉ် ပြင်ပထွက်ခွာမှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်းSpace.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

ရှန်ကျိုး-၁၆ အာကာသယာဉ်မှူးများသည် ဇူလိုင် ၂၀ ရက်တွင် တီယန်ကောင်းအာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ ပေးအပ်ထားသည့်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

တရုတ်အာကာသယာဉ်မှူး ကျင်အိုင်းပင်နှင့် ကျုယန်ကျူးတို့၏ တီယန်ကောင်းအာကာသစခန်း ပြင်ပသို့ ထွက်ခွာချိန်မှာ ရှစ်နာရီထိ ကြာမြင့်ခဲ့ကြောင်း သိရသည်။



တီယန်ကောင်းအာကာသ စခန်းယာဉ် ပြင်ပသို့ထွက်ခွာနေစဉ် အတွင်း တရုတ်အာကာသယာဉ်မှူးများသည် အာကာသစခန်းပြင်ပ၌ မြင်ကွင်းကျယ်ကင်မရာများတပ်ဆင်ခြင်း၊ တပ်ဆင်ထားပြီးသည့် ကင်မရာစနစ်များကို အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

တရုတ်နိုင်ငံသည် ရှန်ကျိုး-၁၆ အာကာသလူသယ်ယာဉ်ကို ယခုနှစ် မေ ၃၀ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အာကာသယာဉ်သည် တီယန်ကောင်း အာကာသစခန်း တည်ဆောက်နေချိန်နှင့် လုပ်ငန်းလည်ပတ်မှု စတင်ရောက်နေချိန်များ၌ ၎င်းအာကာသစခန်းသို့ သွားရောက်ခဲ့သော ပဉ္စမမြောက် အာကာသလူသယ်ယာဉ်ဖြစ်ကြောင်း သိရသည်။ KKO

## ဒီမောဖော့စ်ဂြိုဟ်သိမ်အနီး၌တည်ရှိနေသည့် ကျောက်ခဲကျောက်သားအစုအဝေးတစ်ခုကို နာဆာ၏ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်က ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဇူလိုင် ၂၂**

ဒီမောဖော့စ်အမည်ရှိ ဂြိုဟ်သိမ်အနီး၌တည်ရှိနေသည့်ကျောက်ခဲကျောက်သား အစုအဝေးတစ်ခုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်က ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

ဒီမောဖော့စ်ဂြိုဟ်သိမ်သည် ဂြိုဟ်သိမ်လမ်းကြောင်း လွဲပြောင်းမှုနည်းပညာစမ်းသပ်မှုလုပ်ငန်းစဉ်အရ နာဆာ၏ DART အမည်ရှိ အာကာသယာဉ်က ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် ဝင်တိုက်ခဲ့သည့် ဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

နာဆာ၏ DART မစ်ရှင်မှာ အောင်မြင်မှုရှိခဲ့ပြီး ဒီမောဖော့စ်ဂြိုဟ်သိမ်၏ ပတ်လမ်းကြာချိန်ကို မိနစ် ၃၀ ထိ လျှော့ချနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် DART အာကာသယာဉ် ဝင်တိုက်မှုကြောင့် တန်ချိန် ၁၀၀၀ ကျော်ရှိ ကျောက်သား၊ ကျောက်စများလည်း ဒီမောဖော့စ်ဂြိုဟ်သိမ်မှ ပေါ်ထွက်လာခဲ့ရသည်။

DART အာကာသယာဉ် ဝင်တိုက်ပြီးနောက် ဒီမောဖော့စ်ဂြိုဟ်သိမ်မှ ထွက်ပေါ်လာသည့်ကျောက်သားကျောက်စများထဲတွင် အရွယ်အစားအားဖြင့် အချင်းသုံးပေမှ ၂၂ ပေထိရှိသော ကျောက်တုံး ၃၇ တုံးလည်းပါဝင်ကြောင်း သိရသည်။

ဒီမောဖော့စ်ဂြိုဟ်သိမ်ပတ်လမ်း၌ စုဖွဲ့တည်ရှိနေသည့်အဆိုပါ ကျောက်တုံးများကို နာဆာ၏ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## တူနာငါး၊ ဆယ်လ်မွန်ငါး၊ ဆာဒင်းငါးများ၌တွေ့ရသော အိုမီဂါ-၃ ဖက်တီးအက်စစ်က အဆုတ်ကျန်းမာရေးကို ထိန်းထားရာတွင် အထောက်အကူပြုနိုင်

**နယူးယောက် ဇူလိုင် ၂၂**

တူနာငါး၊ ဆယ်လ်မွန်ငါးနှင့် ဆာဒင်းငါးများ၌တွေ့ရတတ်သော အိုမီဂါ-၃ ဖက်တီးအက်စစ်သည် အဆုတ်ကျန်းမာရေးကို ထိန်းထားရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း ယူပီအိုင်သတင်းဌာနက ဇူလိုင် ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်အစိုးရ အမျိုးသားကျန်းမာရေးအင်စတီကျူ၏ အဆိုအရ အိုမီဂါ-၃ ဖက်တီးအက်စစ်သည် အဆုတ်ကျန်းမာရေးအတွက်လည်း အရေးကြီးနိုင်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် လူပေါင်း ၁၅၀၆၃ ဦး ပါဝင်သည့် အိုမီဂါ-၃ ဖက်တီးအက်စစ် လက်တွေ့စမ်းသပ်မှုတစ်ရပ်ကို ပြုလုပ်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသောရလဒ်များအရ အိုမီဂါ-၃ ဖက်တီးအက်စစ် ပါဝင်မှုအဆင့်မြင့်မားမှုသည် အဆုတ်လုပ်ငန်းလည်ပတ်ပုံ ပိုမိုကောင်းမွန်လာမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

အိုမီဂါ-၃ ဖက်တီးအက်စစ်သည် ကျန်းမာရေးနှင့်ညီညွတ်သော အာဟာရဓာတ်တစ်မျိုးဖြစ်နေမှုကို မိမိတို့၏တွေ့ရှိချက်ကသက်သေပြနေကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အိုမီဂါ-၃ ဖက်တီးအက်စစ်သည် ရောင်ရမ်းမှုတိုက်ဖျက်ရေးဂုဏ်သတ္တိများပိုင်ဆိုင်ထားကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

KKO

## Zilebesiran ဆေးက သွေးဖိအားအမြဲမပြတ်မြင့်တက်နေမှုကို လျှော့ချပေးနိုင်ဖွယ်ရှိ

**လန်ဒန် ဇူလိုင် ၂၂**

ခြောက်လလျှင်တစ်ကြိမ်ထိုးနှံရန်လိုအပ်သည့် ထိုးဆေးတစ်မျိုးသည် သွေးဖိအားအမြဲမပြတ် မြင့်တက်နေမှုကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

Zilebesiran အမည်ရှိအဆိုပါ ထိုးဆေးသည် သွေးတိုးရောဂါအတွက် အနာဂတ်ကုထုံးသစ်ဖြစ်လာနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်နိုင်ငံအခြေစိုက် Alnylam ကုမ္ပဏီကထုတ်လုပ်ထားသော Zilebesiran ထိုးဆေးသည် စမ်းသပ်မှုတွင်ပါဝင်သူများ၏ နှလုံးခုန်ချိန် သွေးဖိအားကို သိသိသာသာ လျှော့ချပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် Zilebesiran ၏ သွေးဖိအားလျှော့ချနိုင်စွမ်းသည် ဆေးထိုးနှံပြီး အနည်းဆုံးခြောက်လထိ တည်မြဲကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် သွေးတိုးရောဂါလူနာ ၁၀၇ ဦးတို့ဖြင့် လက်တွေ့စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

အဆိုပါထိုးဆေးကြောင့် သွေးတိုးရောဂါ လူနာများအနေဖြင့် သောက်ဆေးများ နေ့စဉ်သောက်သုံးနေရမှုကို လျှော့ချနိုင်ဖွယ်ရှိကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို အမေရိကန်ကစားသမား ဟားမန်း ဦးဆောင်



**လန်ဒန် ဇူလိုင် ၂၂**

အင်္ဂလန်နိုင်ငံ မာဆေးဆိုက် ဝီရယ်လ်ဒေသတွင် ကျင်းပနေသည့် The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ အပြီးတွင် အမေရိကန်ဂေါက်သီး ရိုက်ကစားသမား ဟားမန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေး ဇယားကို ဦးဆောင်နေကြောင်း First Post သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား တွမ်မီဖလက်ဝုဒ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိပြီး ဩစတြေးလျားဂေါက်သီးရိုက်ကစားသမား စထရာကာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့ရိုက်ကာအမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိနေသည်။

ဟားမန်းသည် ကစားသမားဘဝသက်တမ်းတစ်လျှောက် အဓိကပြိုင်ပွဲကြီးများတွင် ချန်ပီယံဆုဆွတ်ခူးခဲ့ဖူးခြင်း မရှိသေးသည့် ကစားသမားတစ်ဦးလည်းဖြစ်သည်။

လက်ရှိ ကမ္ဘာ့အဆင့်(၂၆) နေရာတွင် ရပ်တည်နေသော်လည်း အဓိကပြိုင်ပွဲကြီးများတွင် အောင်မြင်မှုရယူထားဖူးခြင်းမရှိသေးသည့်အတွက် အဆိုပါမှတ်တမ်းဆိုးကို ကျော်ဖြတ်နိုင်ရန် ပစ်မှတ်ထားလျက်ရှိသည်။

ဟားမန်းက "ပြီးခဲ့တဲ့ ရက်အနည်းငယ် လောက်ကတည်းက ကျွန်တော့်ရဲ့ကစားဟန်ကို ပြင်ဆင်ပြီး နည်းစနစ်အပြောင်းအလဲလုပ်ဖြစ်ခဲ့တယ်။ ဒုတိယနေ့မှာကစားနိုင်ခဲ့တဲ့ပုံစံအပေါ်မှာအားရကျေနပ်မှုရှိပါတယ်။ ဒုတိယနေ့မှာကစားနိုင်ခဲ့တဲ့ပုံစံကောင်းကို သဘောကျသလို ကျင်းနှစ်ကျင်းမှာရိုက်နိုင်ခဲ့တဲ့ Swing ရိုက်ချက်တွေကိုလဲ တော်တော်လေးသဘောကျတယ်။ ကျွန်တော်လိုချင်တဲ့ ပုံစံထက်ကောင်းအောင် ကစားနိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# အေစီမီလန်အသင်းက ချူကွယ်ဇီကို ယူရို သန်း ၃၀ ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိ

**မီလန် ဇူလိုင် ၂၂**

အေစီမီလန် အသင်းသည် တိုက်စစ်မှူး အိုကာဖော်ကိုခေါ်ယူရန်သဘောတူညီမှုရရှိခဲ့ပြီးနောက် ဗီလာရီးရဲလ်အသင်းတောင်ပံကစားသမား ချူကွယ်ဇီကို ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဖြင့်ထပ်မံခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း Completesports.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် တောင်ပံကစားသမား ချူကွယ်ဇီသည် အေစီမီလန်အသင်းနှင့် သဘောတူညီချက်တွင် တစ်နှစ်လုပ်ခ ယူရို သုံးသန်းဖြင့် သုံးနှစ်စာချုပ် ချုပ်ဆိုမည်ဖြစ်ကာ စာချုပ်သက်တမ်း ကုန်ဆုံးပါက နောက်ထပ်သက်တမ်းတိုးနိုင်မည်ဖြစ်ပြီး ဗီလာရီးရဲလ်အသင်းက ကစားသမားအတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဝန်းကျင်ရရှိမည်ဖြစ်သည်။

အသက် ၂၄ နှစ်ရှိ ကစားသမား ချူကွယ်ဇီသည် ဗီလာရီးရဲလ်အသင်းနှင့် လာမည့် ၂၀၂၄ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည့်အတွက် အသင်းတာဝန်ရှိသူများက အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်မလွှတ်ရစေရန် အေစီမီလန်အသင်း၏ကမ်းလှမ်းမှုကိုလက်ခံခဲ့ကာ အပြောင်းအရွှေ့အပြီးသတ်ရန် ဆွေးနွေးမှုများ တိုးမြှင့်ပြုလုပ်ခဲ့သည်။

ချူကွယ်ဇီသည် ဗီလာရီးရဲလ်အသင်းနှင့် ကစားသမားဘဝစတင်ခဲ့သူဖြစ်ပြီး အသင်းတွင်ကစားခဲ့သည့် ပြိုင်ပွဲစုံ ၂၀၇ ပွဲတွင် သွင်းဂိုး ၃၇ ဂိုးထိသွင်းယူနိုင်ခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ပြိုင်ပွဲစုံ ၄၁ ပွဲတွင် သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှု ငါးကြိမ်ထိပြုလုပ်နိုင်ခဲ့ကာ ခြေစွမ်းပြကစားနိုင်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက စာချုပ်သစ်ကမ်းလှမ်းခဲ့ရာ ငြင်းဆိုခဲ့သောကြောင့် ရောင်းချရန်စီစဉ်ခဲ့ကြောင်း သိရသည်။

ML




# ခံစစ်ကစားသမား ထရီလီကို ဘာစီလိုနာအသင်းသို့ရောင်းချရန် သဘောတူခဲ့ကြောင်း ဒီပို့တီဗို အားကစားဒါရိုက်တာ ပြောကြား

**မက်ဒရစ် ဇူလိုင် ၂၂**

စပိန်တတိယတန်း ကလပ်အသင်းတစ်သင်းဖြစ်သည့် ဒီပို့တီဗိုအသင်း ညာတောင်ပံခံစစ်ကစားသမားထရီလီကို ဘာစီလိုနာအသင်းကခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း အားကစားဒါရိုက်တာ ဆိုရီယာနိုက ထုတ်ဖော်ပြောကြားခဲ့သည်ဟု 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာစီလိုနာ အသင်းသည် လိုအပ်နေသည့် ညာတောင်ပံခံစစ်ပိုင်းအတွက် ဘိုင်ယန်မြူနစ်အသင်းမှ ပါဗက်၊ ကီမစ်ချ်နှင့် ဗယ်လာဒိုးလစ်အသင်းမှ ဖရက်နီဒါတို့ကို ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း သဘောတူညီမှု မရရှိသေးသဖြင့် တတိယတန်းကလပ်တွင် ကစားနေသည့် အသက် ၂၀ ရှိ ခံစစ်ကစားသမား ထရီလီကိုသာခေါ်ယူခဲ့ပြီး လက်ရှိတွင် ဘာစီလိုနာလူငယ်အသင်းတွင် အသုံးပြုရန်စီစဉ်ခဲ့ကြောင်း သိရသည်။

လူငယ်ကစားသမား ထရီလီသည် လတ်တလောတွင်ပုံစံကောင်းပျောက်ဆုံးနေသောကြောင့် ဘာစီလိုနာလူငယ်အသင်းနှင့်သာပူးပေါင်းရမည်ဖြစ်ပြီး ကစားသမား၏ ခြေစွမ်းပိုင်းပေါ်မူတည်ကာ နည်းပြဇာဗီက အသင်းကြီးသို့ခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း ပြောကြားခဲ့သည်။

ဘာစီလိုနာ အသင်းသည် ညာတောင်ပံခံစစ်ပိုင်း လိုအပ်ချက်အတွက် ပြီးခဲ့သည့်ဘောလုံးရာသီက ဘယ်လာရင်ကိုခေါ်ယူခဲ့သော်လည်း ၎င်းသည်နည်းပြဇာဗီ၏ ကစားကွက်နှင့် အံ့ဝင်မှုမရှိသည့်အပြင် ဒဏ်ရာမကြာခဏရရှိနေသောကြောင့် ယခုအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာခွင့်ပြုခဲ့ပြီး အေစီမီလန်အသင်းသို့အငှားချထားသည့် ဆာဂျီနိုဒက်စ်ကိုလည်း အသင်းတွင် ပူးပေါင်းခွင့်မပေးဘဲ ခံစစ်ပိုင်း လိုအပ်ချက်အတွက် လူငယ်ကစားသမား ထရီလီကိုသာ ထပ်မံခေါ်ယူခဲ့ကြောင်း သိရသည်။

ML

# ကွင်းလယ်ကစားသမား ဇီလင်စကီးအတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ အလိုရှိကြောင်း နာပိုလီအသင်းထုတ်ပြန်

**ရောမ ဇူလိုင် ၂၂**

နာပိုလီအသင်းသည် လာဇီယိုအသင်းကခေါ်ယူရန် ကြိုးပမ်းနေသည့် ကွင်းလယ်ကစားသမား ဇီလင်စကီးကို ရောင်းချမည်ဖြစ်သော်လည်း ကစားသမားအတွက် ပြောင်းရွှေ့ကြေးကို ယူရို သန်း ၃၀ သတ်မှတ်ခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဇီလင်စကီးသည် နာပိုလီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးရန် တစ်နှစ်သာလိုတော့သည့်အတွက် အသင်းအနေဖြင့် ရောင်းချရန်ဆုံးဖြတ်ခဲ့ပြီး ဆော်ဒီကလပ် အယ်အာလီအသင်းက မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းမှု ပြုလုပ်ခဲ့သော်လည်း ကစားသမားက ငြင်းဆိုခဲ့ပြီးနောက် လာဇီယိုအသင်းက ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ အသင်းတာဝန်ရှိသူများက ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ တောင်းဆိုခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် လာဇီယိုအသင်းသည် ကွင်းလယ်ကစားသမား မီလင်ကိုဗစ်ဆာဗစ်၏ နေရာတွင် အစားထိုးရန်အတွက် ဇီလင်စကီးကို အဓိက ပစ်မှတ်ထားလျက်ရှိနေပြီး နည်းပြဆာရီကလည်း ၎င်း၏ ကစားကွက်နှင့် ကိုက်ညီမှုရှိသည့်အတွက် နာပိုလီအသင်းက တောင်းဆိုသည့် ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ကိုပေးချေရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။




တစ်နှစ်လုပ်ခ ယူရို ၄ ဒသမ ၈ သန်းရရှိနေသည့် ကွင်းလယ်ကစားသမား ဇီလင်စကီးက နာပိုလီအသင်းတွင် စာချုပ်သက်တမ်းကုန်ဆုံးချိန်ထိ ဆက်လက်ကစားရန် ဆန္ဒရှိနေသော်လည်း အသင်းတာဝန်ရှိသူများက ကစားသမားအနေဖြင့် အသင်းက တစ်နှစ်လုပ်ခ ယူရို သုံးသန်းဝန်းကျင်ဖြင့် ကမ်းလှမ်းခဲ့သည့် စာချုပ်သစ်ကိုလက်မခံပါက ရောင်းချရန်သာ ဆုံးဖြတ်ထားကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- ပီအက်စ်ဂျီအသင်း ဂိုးသမား ဒွန်နာရမ်မာ၏ နေအိမ်ကို ဓားပြတိုက်ခံရမှုကြောင့် လက်ဝတ်လက်စား၊ အသုံးအဆောင်ပစ္စည်း စုစုပေါင်းတန်ဖိုး ယူရို ၅၀၀၀၀၀ ခန့် ပါရှိသွားကြောင်း ပဲရစ်မြို့ရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။
- မန်ယူအသင်းက ခံစစ်ကစားသမား တဲလက်စ်ကို ဆော်ဒီကလပ် အယ်နာဆာအသင်းသို့ပြောင်းရွှေ့ကြေး စတာလင်ပေါင် လေးသန်းဖြင့်ရောင်းချရန် နီးစပ်နေကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက ဆာဂျီရော်ဘတ်တိုကို အသင်းခေါင်းဆောင်ခန့်အပ်၍ တာစတီဂန်ကို ဒုတိယအသင်းခေါင်းဆောင်အဖြစ် ရွေးချယ်ခဲ့ကြောင်း သိရသည်။
- ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမား အာသာကို ဖီအိုရင်တီးနားအသင်းက တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)တွင် ရောဝတီယူနိုက်တက်အသင်းက ISPE အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိ



**ရန်ကုန် ဇူလိုင် ၂၂**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၃)အဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ISPEအသင်းနှင့်ရောဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အပြန်အလှန် သွင်းဂိုးများကြောင့် ရောဝတီ ယူနိုက်တက်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်တိုက်စစ်ဆင်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း နှစ်ဖက်အသင်းတိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် သွင်းဂိုးများမြင်တွေ့ရခြင်းမရှိခဲ့ဘဲ ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်အနိုင်ဂိုးများအတွက် နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ရာမှ ပွဲစပြီး နှစ်မိနစ်အကြာ ပွဲချိန် ၄၇ မိနစ်တွင် သန်းတိုးအောင်က ISPE အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဦးဆောင်ဂိုးပေးခဲ့ရပြီးနောက်ပိုင်း ရောဝတီယူနိုက်တက်အသင်းက ပြန်လည်တိုက်စစ်ဆင်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၇၃ မိနစ်တွင် ရွှေကိုက ချေပဂိုးများပြန်လည်သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၇၉ မိနစ်တွင် ISPE အသင်းက ဦးဆောင်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည်။

ဆက်လက်ပြီး ရောဝတီယူနိုက်တက်အသင်းက ချေပဂိုးနှင့်အနိုင်ဂိုးများအတွက် တရစပ်တိုက်စစ်ဆင်ဖိအားပေးခဲ့ရာမှ ပွဲချိန် မိနစ် ၈၀ နှင့် ၈၉ မိနစ်တို့တွင် အောင်ဝေထူးက ရောဝတီယူနိုက်တက်အသင်းအတွက် ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့သည့်အတွက်ပွဲပြီးဆုံးချိန်တွင် ရောဝတီယူနိုက်တက်အသင်းက ISPE အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အဆိုပါပွဲစဉ်အတွက်အကောင်းဆုံးကစားသမားဆုကို ရောဝတီယူနိုက်တက်အသင်းတိုက်စစ်မှူးရွှေကိုက ရရှိခဲ့ကြောင်း သိရသည်။

STA

# Palermo Ladies Open ပြိုင်ပွဲ
## ဆီမီးဖိုင်နယ်သို့ ကွင်းဝမ်ကျန်းနှင့်ပါအိုလီနီတို့တက်ရောက်

**ရောမ ဇူလိုင် ၂၂**

အီတလီနိုင်ငံ ပါလာမိုမြို့တွင် ကျင်းပနေသည့် Palermo Ladies Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည့် တရုတ်တင်းနစ်မယ် ကွင်းဝမ်ကျန်းနှင့် အီတလီတင်းနစ်မယ် ပါအိုလီနီတို့သည် ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့ကြောင်း The West သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကွင်းဝမ်ကျန်းသည် ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် နာဇာရီနှင့်ယှဉ်ပြိုင်ကစားခဲ့ရပြီး ကွင်းဝမ်ကျန်းက (၆-၄၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီးပါအိုလီနီက နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခံထားရသော ရုရှားတင်းနစ်မယ် ကာဆက်ကီနာကို (၆-၄၊ ၄-၆၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲတွင် နိုင်ခြေအဆင့်(၅)အဖြစ် သတ်မှတ်ခံထားရသည့် ပါအိုလီနီသည် ပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အီတလီတင်းနစ်မယ်များအနက် တစ်ဦးတည်းကျန်နေသည့် အီတလီတင်းနစ်မယ်ဖြစ်ပြီး ကာဆက်ကီနာကိုအနိုင်ကစားနိုင်ခဲ့သည့်အတွက် ဗိုလ်စွဲရန်ရေပန်းစားနေသည့် ကစားသမားစာရင်းတွင် ပါဝင်လာခဲ့သည်။

အလားတူ ကွင်းဝမ်ကျန်းကလည်း ဗိုလ်စွဲရန်ရေပန်းစားနေသည့် နာဇာရီကို ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ကစားနိုင်ခဲ့ပြီးနောက် ချန်ပီယံဆုကို စိန်ခေါ်နိုင်သည့် ကစားသမားအဖြစ်လည်းသတ်မှတ်ခံခဲ့ရသည်။

ပါအိုလီနီသည် ဆီမီးဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်မယ် ဆောရီဘက်စ်နှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ကွင်းဝမ်ကျန်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် အီဂျစ်တင်းနစ်မယ်ရှီရစ်ဖ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

AZL

# ဂျို့ရှ်ကယ်လီက ကော်နာဘင်းအား စိန်ခေါ်ပွဲထိုးသတ်ရန် တရားဝင်စိန်ခေါ်မှုပြုလုပ်ခဲ့





**လန်ဒန် ဇူလိုင် ၂၂**

အင်္ဂလန်လက်ဝှေ့သမားတစ်ဦးဖြစ်သည့် လက်ရှိ WBO International စူပါဝယ်လ်တာဝိတ်တန်းချန်ပီယံဂျို့ရှ်ကယ်လီသည် တစ်နိုင်ငံတည်းသား လက်ဝှေ့သမားတစ်ဦးပင်ဖြစ်သည့် WBA Continental ဝယ်လ်တာဝိတ်တန်းချန်ပီယံ ကော်နာဘင်းအား စိန်ခေါ်ပွဲထိုးသတ်သွားရန်အတွက် တရားဝင်စိန်ခေါ်မှုပြုလုပ်ခဲ့ကြောင်း DAZN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကော်နာဘင်းသည် ၂၀၁၈ ခုနှစ် ဇူလိုင်လကတည်းက ယနေ့ထိ WBA Continental ဝယ်လ်တာဝိတ်တန်းချန်ပီယံအဖြစ် ရပ်တည်နေသူဖြစ်သလို လက်ရှိချန်ပီယံဆုကို ရှစ်ပွဲထိအောင်မြင်စွာထိုးသတ်ကာကွယ်ထားနိုင်သူဖြစ်သည်။

စိန်ခေါ်ပွဲ ၂၁ ပွဲထိုးသတ်ထားပြီး ရှုံးပွဲမရှိသေးသည့်လက်ဝှေ့သမားတစ်ဦးလည်းဖြစ်ပြီး လက်ရှိဝယ်လ်တာဝိတ်တန်း၏ အကောင်းဆုံးလက်ဝှေ့သမားစာရင်းဝင် တစ်ဦးလည်းဖြစ်သည်။

အလားတူ ဂျို့ရှ်ကယ်လီသည်လည်း WBO စူပါဝယ်လ်တာဝိတ်တန်း၏ ကမ္ဘာ့အဆင့်(၁)အဖြစ် သတ်မှတ်ခံထားရသည့် လက်ဝှေ့သမားတစ်ဦးလည်းဖြစ်သည်။

အင်္ဂလန်လက်ဝှေ့ပရိသတ်များက အင်္ဂလန်နိုင်ငံ၏ လက်ရှိအကောင်းဆုံး ဝယ်လ်တာဝိတ်တန်းလက်ဝှေ့သမားနှစ်ဦး၏ စိန်ခေါ်ပွဲကို မြင်တွေ့လိုနေသလို ဂျို့ရှ်ကယ်လီကလည်း ၎င်း၏လက်ဝှေ့စွမ်းရည်လယ်ဗယ်ကို ပြသနိုင်ရေးအတွက် ကော်နာဘင်းနှင့်ထိုးသတ်ရန် တရားဝင်စိန်ခေါ်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဂျို့ရှ်ကယ်လီက "ကျွန်တော်ထိုးသတ်ချင်တဲ့ လက်ဝှေ့သမားတွေ အများကြီးရှိပါတယ်။ ဒီထဲမှာမှ ကော်နာဘင်းနဲ့ ထိုးသတ်သွားဖို့ ပိုပြီးတော့စိတ်ဝင်စားတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်တုန်းကလဲ ကျွန်တော်ပြောခဲ့ပါသေးတယ်။ အခုကျွန်တော့်အနေနဲ့ ကော်နာဘင်းနဲ့ ထိုးသတ်သွားဖို့အတွက် တရားဝင်စိန်ခေါ်မှု ပြုလုပ်ထားပါတယ်။ ဒီစိန်ခေါ်ပွဲဟာတကယ်ဖြစ်လာမယ်လို့လဲ ကျွန်တော်မျှော်လင့်ပါတယ်။ ကော်နာဘင်းအနေနဲ့ ကျွန်တော်နဲ့ ဆွေးနွေးဖို့ကို လက်ခံပြီးဆွေးနွေးမှုကိုလဲ အမြန်ဆုံးပြုလုပ်သွားမယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# မောရစ်သျှအင်တာနေရှင်နယ်ကြက်တောင်ပြိုင်ပွဲတွင် သက်ထားသူဇာ ဆီမီးဖိုင်နယ်အဆင့်တက်ရောက်

**ရန်ကုန် ဇူလိုင် ၂၂**

မောရစ်သျှနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိနေသည့် မောရစ်သျှအင်တာနေရှင်နယ်ကြက်တောင်ပြိုင်ပွဲတွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာအနေဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း BWF. Com ကယနေ့တွင် ဖော်ပြခဲ့သည်။

မောရစ်သျှအင်တာနေရှင်နယ်ကြက်တောင်ပြိုင်ပွဲ၌ လက်ရှိကမ္ဘာ့အဆင့်(၅၈)နေရာတွင်ရပ်တည်နေသည့် သက်ထားသူဇာသည်(၃၂)ဦးရှုံးထွက်အဆင့်မှစတင်ကစားခဲ့ရပြီး (၃၂)ဦးရှုံးထွက်အဆင့်တွင် ကမ္ဘာ့အဆင့်(၁၁၃)တွင် ရပ်တည်နေသည့် ဗီယက်နမ်ကြက်တောင်မယ် ဗူသီအန်းသူနှင့်ကစားခဲ့ရာ (၂၁-၁၉)၊ (၂၁-၁၈) မှတ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိခဲ့ကာ (၁၆)ဦးရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

သက်ထားသူဇာသည် (၁၆)ဦးရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ကမ္ဘာ့အဆင့်(၃၁၃)နေရာတွင် ရပ်တည်နေသည့် အိန္ဒိယကြက်တောင်မယ် အာလီရှာနာအစ်နှင့် ကစားခဲ့ရာ ပထမပွဲငယ်တွင် (၂၂-၂၀)မှတ်၊ ဒုတိယပွဲငယ်တွင် (၂၁-၁၈)မှတ်ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိခဲ့ကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

သက်ထားသူဇာသည် ကွာတားဖိုင်နယ်အဆင့်တွင် ကမ္ဘာ့အဆင့်(၁၈၂)နေရာတွင်ရပ်တည်နေသည့် အိန္ဒိယကြက်တောင်မယ် အီရှာရာနီဘာရူအာနှင့် ဆက်လက်ကစားခဲ့ရာတွင်လည်း လက်ရည်အသာစီးဖြင့် ကစားနိုင်ခဲ့ပြီး ပထမပွဲငယ်တွင် (၂၁-၁၀)မှတ်၊ ဒုတိယပွဲငယ်တွင် (၂၁-၁၆)မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် ကမ္ဘာ့အဆင့်(၈၅)နေရာတွင် ရပ်တည်နေသည့် အိန္ဒိယကြက်တောင်မယ် အဒီတီဘာ့ဂ်နှင့် ဆက်လက်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA




# FIFA-MFF U-15 Youth League 2023 ပြိုင်ပွဲ
## အောက်မြန်မာပြည်ဇုန်နှင့် အထက်မြန်မာပြည်ဇုန်ပွဲစဉ်များ ဆက်လက်ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၂**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးပြီး မျိုးဆက်သစ် လူငယ်ကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ယူ-၁၅ အသင်းများ ဝင်ရောက် ယှဉ်ပြိုင်ကြသည့် FIFA- MFF U-15 Youth League 2023 ပြိုင်ပွဲ အထက်မြန်မာပြည်ဇုန်နှင့် အောက်မြန်မာပြည်ဇုန် ပွဲစဉ်(၄)ပွဲစဉ်များကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့တွင် ဆက်လက်ကျင်းပခဲ့သည်။

FIFA- MFF U-15 Youth League 2023 (မြန်မာယူ-၁၅ လိဂ်ပြိုင်ပွဲ)ကို အထက်မြန်မာပြည်ဇုန်နှင့် အောက်မြန်မာပြည်ဇုန်ဟူ၍ ပြိုင်ပွဲနှစ်ခု ကျင်းပလျက်ရှိနေပြီး အထက်မြန်မာပြည်ဇုန်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် မန္တလေးမြို့နှင့် အောက်မြန်မာပြည်ဇုန်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ရန်ကုန်မြို့တို့တွင် ကျင်းပလျက်ရှိနေသည်။

ယနေ့တွင် အောက်မြန်မာပြည်ဇုန်ပွဲစဉ်များအဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်လေ့ကျင့်ရေးကွင်းတွင် Royal Yangon အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရခိုင်ယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ဗဟန်းအားကစားကွင်းတွင် Red Hawks အသင်းနှင့် Young Boys အသင်းတို့ကစားခဲ့ရာ Red Hawks အသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ အထက်မြန်မာပြည်ဇုန်ပွဲစဉ်အဖြစ် မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)လေ့ကျင့်ရေးကွင်းတွင် ရှမ်းအက်ဖ်စီ(မြောက်ပိုင်း)အသင်းနှင့် ဖန်ခါးမြေအသင်းတို့ကစားခဲ့ရာ ဖန်ခါးမြေအသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# ကလေးတွေကို ဘယ်လိုထိန်းကျောင်းသင့်သလဲ

**မြင့်ခြံကျော်အောင်**

အမေ ဘာဟင်းတွေ ချက်ထားလဲ။

ဒီနေ့ညနေတော့ ဝက်သားဟင်းနဲ့ ချဉ်ပေါင်ကို အချဉ်ရည်လေး ချက်ထားတယ်။ မနက်က ပုစွန်ခြောက်နဲ့ ငရုတ်သီးကြော်လဲ ရှိသေးတယ်။

သားကတော့ ခေါက်ဆွဲကြော်ပဲစားချင်တယ် အမေ။

ဒါဆိုလဲ ဝယ်ကျွေးရမှာပေါ့ကွယ်။

ဒီလိုနဲ့ သားအမိပြောကြပြီး အမေဖြစ်သူက အိမ်စေမိအေးကို အနီးမှာရှိတဲ့စားသောက်ဆိုင်က ခေါက်ဆွဲကြော်တစ်ပွဲ သွားဝယ်ခိုင်းပြီး သားစိတ်ကြိုက် ကျွေးခဲ့တယ်။

ကလေးက ဆိုင်စာတွေစားနေကျဆိုတော့ အိမ်ကချက်တာဆို သိပ်မစားချင်ဘူး။ ဒီလိုနဲ့ ခဏခဏ ဝယ်ကျွေးရတယ်။ အဲဒီတော့ စားစရိတ်က ကုန်သင့်တာထက်ပိုကုန်ရတယ်။ ချွေတာခြိုးခြံရေးကို မိဘကလဲ မလိုက်နာ၊ ကလေးနားဝင်အောင်လဲ မပြောပြတော့ အစားနဲ့ပတ်သက်လို့ တော်တော်ကိုကုန်နေတာ။

ကလေးတစ်ယောက်ကတော့ သူငါးနှစ်သားလောက်က ဝတ်ခဲ့တဲ့အဝတ်တွေကို အိမ်ရှေ့မှာဖျာခင်းပြီး ပုံရောင်းပစ်တယ်လို့ သိရတယ်။ အဲဒါ အမေလုပ်တဲ့သူက ကလေးငယ်စဉ်က အဝတ်ကိုဝယ်ပေးရာမှာ ကလေးခန္ဓာကိုယ်နဲ့ ကွက်တိကျတဲ့အထည်တွေ ဝယ်ဆင်ခဲ့တယ်။ ကလေးကထွားလာတော့ တစ်နှစ်လောက်ပဲဝတ်ရတယ်။ ကျပ်တာနဲ့ဝတ်မရ ထပ်ဝယ်ရဖြစ်တယ်။ ဝယ်ပေးတာကလဲ အကောင်းစားချည်း။ ဒါနဲ့ အဝတ်အတွက် အကုန်အကျများရတယ်။ သားကို ချစ်တဲ့ဇောနဲ့ အကုန်ခံခဲ့တာ၊ ငွေကုန်တာတွေ ထည့်မတွက်ခဲ့ဘူး။

"အမေ သားကိုဟန်းဖုန်းဝယ်ပေးပါ။ သား ဘောလုံးပွဲကြည့်ချင်လို့၊ ဂိမ်းကစားချင်လို့"

"အေး ဝယ်ပေးမယ်"

ဒါနဲ့ တစ်ရက်နှစ်ရက်မှာ ဖုန်းလေးတကိုင်ကိုင်နဲ့ ဖြစ်နေပြီ။ ကလေးက ရှစ်နှစ်သားလောက် ရှိသေးတယ်။ ကျောင်းသွားလဲ ဖုန်းယူသွားတယ်။ ကျောင်းမှာ ကြွားလုံးထုတ်တယ်။ အိမ်ရောက်တော့လဲ ဖုန်းနဲ့ မျက်နှာက သိပ်မခွာတော့ စာကျက်ရမဲ့အချိန် ဖုန်းနဲ့ အလုပ်များနေတယ်။ အမေက "ဟဲ့ စာကျက်အုံး" ပြောရတာအမောဖြစ်နေပြီ။ ကလေးစိတ်ထဲမှာက စာက သိပ်စိတ်မဝင်စား။ ဘောလုံးပွဲနဲ့ ဂိမ်းက စွဲစွဲလမ်းလမ်းဖြစ်နေပြီ။

အသက် ၁၄ နှစ်၊ ၁၅ နှစ်ရှိ ကလေးတစ်ယောက်ကလဲ အဲဒီတုန်းက ခေတ်စားနေတဲ့ ဖင်ဆီဒိုင်းသောက်တာလုပ်ခဲ့တယ်။ နောက် မိဘကသိလို့ ဆုံးမတော့ အသောက်လျှော့သွားတယ်။ ဒါပေမဲ့ အဲဒီဆေးတွေက ခန္ဓာကိုယ်ထဲ တအားအဝင်များခဲ့ပြီ။ အသက် ၃၀ လောက်လဲရောက်ရော အသည်းရောဂါဖြစ်ခဲ့တယ်။ စင်ကာပူသွားကုတယ် မရပါဘူး။ ဖခင်မသေခင် သူကအရင် မရဏာလမ်း မြန်းသွားရတယ်။

အဲဒါတွေကတော့ ကလေးတွေရဲ့ စားရေး၊ ဝတ်ရေး၊ နေရေးတွေမှာ အထိန်းအကျောင်းမကောင်းလို့ ဖြစ်ရတဲ့ အဖြစ်တွေပါ။ အဲဒီတော့ ကျွန်တော်တို့မိဘတွေဟာ သားသမီးတွေကို စနစ်တကျထိန်းကျောင်းကြဖို့ လိုအပ်နေပြီဆိုတာ ပြနေပြီ။ အခုခေတ်ကာလမှာ ကလေးတွေအတွက် အန္တရာယ်တွေက ဝိုင်းဝိုင်းလည်နေပြီ။ အဲဒါတွေကတော့ အစားအသောက်ဆိုင်တွေ၊ ဖက်ရှင်ဆိုင်တွေ၊ လက်ကိုင်ဖုန်းရဲ့ အန္တရာယ်တွေ၊ အရက်နဲ့ မူးယစ်ဆေးဝါးတွေရဲ့ ဆိုးကျိုးတွေ။ အဲဒါတွေကို မိဘတွေက သတိသမ္ပဇဉ်ဉာဏ်နဲ့ယှဉ်ပြီး ကလေးတွေကို ထိန်းကျောင်းမှပဲ ကလေးတွေဟာ လူကောင်းတွေဖြစ်လာမှာပါ။ လူကောင်းမှ လူတော်ဖြစ်မှာပါ။ လူတော်လူလိမ္မာဖြစ်မှပဲ ကျန်းမာသူ၊ ပညာပြည့်စုံသူ၊ ဉစ္စာကြွယ်ဝသူတွေဖြစ်မှာပါ။ ငယ်စဉ်က ပျက်နေပြီဆိုရင်တော့ သူတို့ဘဝဟာသွားပြီ ဘယ်ကိုလဲ။ လူဆိုးလူပေလူတေ အဖြစ်ပေါ့။

> ❖ အခုခေတ်ကာလမှာ ကလေးတွေအတွက် အန္တရာယ်တွေက ဝိုင်းဝိုင်းလည်နေပြီ။ အဲဒါတွေကတော့ အစားအသောက်ဆိုင်တွေ၊ ဖက်ရှင်ဆိုင်တွေ၊ လက်ကိုင်ဖုန်းရဲ့ အန္တရာယ်တွေ၊ အရက်နဲ့ မူးယစ်ဆေးဝါးတွေရဲ့ ဆိုးကျိုးတွေ။ အဲဒါတွေကို မိဘတွေက သတိသမ္ပဇဉ်ဉာဏ်နဲ့ယှဉ်ပြီး ကလေးတွေကို ထိန်းကျောင်းမှပဲ ကလေးတွေဟာ လူကောင်းတွေဖြစ်လာမှာပါ။ လူကောင်းမှ လူတော်ဖြစ်မှာပါ။ လူတော်လူလိမ္မာဖြစ်မှပဲ ကျန်းမာသူ၊ ပညာပြည့်စုံသူ၊ ဉစ္စာကြွယ်ဝသူတွေ ဖြစ်မှာပါ။ ငယ်စဉ်က ပျက်နေပြီဆိုရင်တော့ သူတို့ဘဝဟာသွားပြီ ဘယ်ကိုလဲ။ လူဆိုးလူပေ လူတေအဖြစ်ပေါ့။ ❖

အဲဒီလိုမဖြစ်ကြရအောင် ရှေးပညာရှင်တွေက ဆုံးမခဲ့တာတွေရှိတယ်။ ဗဟုသုတဖြစ်အောင် မျှဝေပေးပါမယ်။ လူတတ်ကြီးလုပ်တာ မဟုတ်ပါဘူး။ လေ့လာထားတာတွေပါ။

**ပညာရှင်များရဲ့ ကလေးထိန်းကျောင်းနည်းနာများ**

ယောမြို့စား အတွင်းဝန်ဦးဘိုးလှိုင်က မွေးသည်မှ ၁၀ နှစ်တိုင်အောင်အရွယ်သည် မန္ဒဒသက အကျိုးအပြစ်ကို ကောင်းစွာမသိမိုက်သောအရွယ်ဖြစ်တယ်။ နောက် ၁၀ နှစ်သည် ဝိဍ္ဍဒသက အလွန်ပျော်ပါးမြူးထူးလိုသော အရွယ်ဖြစ်တယ်လို့ ဥတုဘောဇနသင်္ဂဟကျမ်းမှာ ဖော်ပြထားတယ်။ အဲဒီတော့ ကလေးမွေးစမှ အသက် ၂၀ အရွယ်ထိ မိဘကဆုံးမရန်လိုအပ်တဲ့အရွယ်လို့ သိရပါတယ်။

ပထမဦးစွာ အင်္ဂလိပ်စာရေးဆရာ ဂျေအာရ်အာရ်တိုကိန်းရဲ့စကားနဲ့ စပါမယ်။ သူက "ကြိမ်မသုံးသူသည် သားကိုမုန်းသူဖြစ်သည်တဲ့" ဆိုလိုတာက သားသမီးကိုဆုံးမဖို့ပါ။ မဆုံးမတဲ့မိဘဟာ သားသမီးကို တကယ်မချစ်သူဖြစ်တယ်လို့ ဆိုလိုတဲ့သဘောပါ။ မဆုံးမလို့ သားမိုက်ဖြစ်သွားရင် မဆုံးမခဲ့တာဟာ ချစ်ရာမကျ နှစ်ရာကျသွားပြီမဟုတ်လား။ ဒါကြောင့် သားသမီးတွေကို ဆုံးမပါလို့ပြောခဲ့တာ။ ကလေးအရွယ်ဟာ အကျိုးအပြစ်၊ အမှားအမှန်မသိတတ်တဲ့ အရွယ်မဟုတ်လား။

ဒုတိယပြောမှာက အမေရိကန်သမ္မတ ရူစဗဲ့ရဲ့ ဆုံးမစကားပါ။ သမ္မတကြီးက "အကျင့်စာရိတ္တကို ငယ်စဉ်ကလေးဘဝမှ သေဆုံးသည့်တိုင်အောင် လေ့ကျင့်ရမည်"တဲ့။ ကလေးအရွယ်မှာတော့ မိဘက အကျင့်စာရိတ္တကောင်းအောင် လေ့ကျင့်ပေးရမှာ ဖြစ်ပါတယ်။ အသက် ၂၀ ကစပြီးတော့ ကိုယ့်ကိုယ်ကိုယ် အကျင့်စာရိတ္တကောင်းအောင် ဆုံးမရပါမယ်။ ဆရာသမားတွေက ဆုံးမရင်လဲ နာယူမှတ်သားကြရပါမယ်။ ဒါမှ လူကောင်းတွေ၊ လူတော်တွေ ဖြစ်ကြမှာမဟုတ်လား။ မင်္ဂလာတရား ၃၈ ပါးဟာ စာရိတ္တပြုပြင်ရေးဖြစ်ပါတယ်။

တတိယပြောပြလိုတာကတော့ စစ်ပညာရှင် ပြင်သစ်ဧကရာဇ်ကြီး နပိုလီယန်ပါ။ သူက ဒီလိုဆုံးမနည်းနာပြခဲ့တယ်။ "ကလေးငယ်တစ်ဦး၏ အနာဂတ်ကံကြမ္မာသည် မိခင်၏အမြဲတစေ ပြုစုပျိုးထောင်မှုပေါ်တွင် မူတည်သည်"တဲ့။ အလွန်မှန်ကန်တဲ့စကားဖြစ်ပါတယ်။

မိခင်ရဲ့ အဆုံးအမကောင်းလို့ ကြီးပွားချမ်းသာသွားသူတစ်ယောက်အကြောင်း ပြောပါမယ်။ သူကတော့ ၂၀၀၂ ခုနှစ် ဟီးရိုးရုပ်ရှင်ကားကြီးမှာ သရုပ်ဆောင်ခဲ့တဲ့ ဂျက်လီပါ။ အဲဒီကားဟာ အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ ဝင်ငွေရခဲ့တဲ့ကားပါ။

ဂျက်လီကလေးဘဝက အမေဖြစ်သူက ညဥ့်အိပ်ရာမဝင်မီမှာ ဗုဒ္ဓတရားတော်တွေကို ဖတ်ပြဆုံးမတယ်။ တစ်ခါတော့ သားကို ဒီလိုပြောခဲ့တယ်။

"ဂျက်လီ ငါ့သား မင်းဟာ သိပ်ထူးချွန်ပြောင်မြောက်သူ မဖြစ်ချင်နေပါစေ၊ လူဆိုးလူပေ လူတေတော့ မဖြစ်စေနဲ့။ မင်းကိုယ်မင်း ဂရုစိုက်" အဲဒီဆုံးမစကားကို ဂျက်လီ မြေဝယ်မကျနားထောင်ခဲ့တယ်။ ဂျက်လီဟာ အစိုးရစာသင်ကျောင်းမှာ မနေဖူးပါဘူး။ အမေက ဆင်းရဲလို့ ကျောင်းမထားနိုင်ရှာဘူး။ ဒါနဲ့ ဂျက်လီက ကျောင်းသွား၊ ကျောင်းခန်းအပြင်က ကလေးတွေ ဆရာကစာချပေးတာ လိုက်ဆိုခဲ့တယ်။ နောက် ရှောင်လင်ဘုန်းတော်ကြီးကျောင်းနေပြီး စာနဲ့သိုင်းပညာသင်ယူတယ်။ သူဟာ လူတော်တစ်ယောက်၊ ၁၅ နှစ်သားမှာကို လက်ထောက်နည်းပြဖြစ်ခဲ့တယ်။ တီထွင်ကြံဆတဲ့သိုင်းကွက်တွေ ကစားခဲ့တယ်။ ဒါနဲ့ တရုတ်ရုပ်ရှင်ကုမ္ပဏီတွေမှာ ရုပ်ရှင်ရိုက်ရာကနေ ကမ္ဘာကျော်ဟောလီးဝုဒ်က ရုပ်ရှင်မင်းသားဖြစ်ခဲ့တယ်။

ချမ်းသာတော့ အမိနဲ့သူ့အစ်မတွေ လုပ်ကိုင်ကျွေးမွေး၊ ပရဟိတလုပ်ငန်းတွေလုပ်၊ ရှောင်လင်ဘုန်းကြီးကျောင်းတွေကို လှူဒါန်းမှုတွေပြုခဲ့တယ်။ ဒီလို ဂျက်လီဆောင်ရွက်နိုင်တာ မိခင်ရဲ့ကောင်းစွာဆုံးမခဲ့မှုကြောင့်ပါ။ အတုယူဖို့ ကောင်းတယ်နော်။

စတုတ္ထပြောပြလိုသူကတော့ P.D.James ဆိုသူဖြစ်ပါတယ်။ သူ့ဆုံးမစကားက အလွန်အဖိုးထိုက်တန်တယ်။ သူပြောတာက ကလေးတစ်ဦးဟာ သူမရသေးသောအရာများ (ဥပမာ မေတ္တာ၊ စေတနာ၊ အကြင်နာတရား)ကို သူကပြန်ပေးနိုင်ခဲ၏"တဲ့။ ကိုယ့်မှာမရှိရင် ကိုယ်ကဘာပြန်ပေးနိုင်မှာလဲ။ အဲဒီလို မဖြစ်ကြရအောင် လူကြီးတွေက ကလေးတွေကို လူအချင်းချင်းအပေါ် မေတ္တာထားတတ်အောင်၊ စေတနာဝေဖြာတတ်အောင်၊ ကရုဏာသက်တတ်အောင်၊ ကြင်နာသနားတတ်အောင် သင်ကြားပေးရပါမယ်။ အဲဒီစိတ်ကောင်းတွေရှိမှပဲ အဲဒီကလေးဟာ လူကောင်းဖြစ်လာမှာ။ အဲဒါတွေ ခန်းခြောက်နေရင် လူဆိုးလူမိုက်ပဲ ဖြစ်ကြမှာ။ ဘယ်သူ့အပေါ်မှ အကောင်းမမြင်ဘဲ ထင်ရာစိုင်းလုပ်မှာသေချာပါတယ်။ ဒါနဲ့ မိသားစုဒုက္ခရောက်ကြရမှာပါ။ ဒါတွေကတော့ ပညာရှင်တွေရဲ့ စကားတချို့ဖြစ်ပါတယ်။ အဲဒီတော့ ကလေးတွေကို ဘယ်လိုသင်ကြား လေ့ကျင့်ပေးကြမလဲ။ ဆက်ဖတ်ကြည့်ကြရအောင်။

**ကလေးတွေကို ဘာတွေသင်ကြားလေ့ကျင့်ပေးရမလဲ**

ဆောင်းပါးအစမှာလဲ ဖြစ်စဉ်လေးတွေနဲ့ ပြောထားတာရှိပါတယ်။ လူ့ဘဝမှာ အရေးအကြီးဆုံးက ကျန်းမာအသက်ရှည်ဖို့၊ ပညာတတ်ဖို့နဲ့ ကြွယ်ဝချမ်းသာဖို့ပဲ မဟုတ်လား။ အဲဒီတော့ အဲဒီဆုလာဘ်ကြီးတွေ စံစားရအောင် ပညာရှင် Fran Laboruity ဖရန်လီဘိုဝပ်(ဖ်)က "သင့်ကလေးငယ်၏ အနာဂတ်အတွက် အမှန်တကယ် ကလေးကို အလေးထားသင်ပေးလိုပါက သူ့ကို အပေါင်း၊ အနုတ် သင်မပေးပါနှင့်၊ အကျိုးသင့်အကြောင်းသင့် ထုတ်ယူဆင်ခြင်နည်းကို သင်ပေးပါ" လို့ ပြောထားတယ်။

တတ်သင့်တတ်ထိုက်တဲ့ စာပေပညာလဲ သင်ပေးပါ။ အရေးကြီးတာက ဘာပဲလုပ်လုပ် အကျိုးသင့်အကြောင်းသင့် ဆင်ခြင်နည်းကို မဖြစ်မနေသင်ပေးရမှာပါ။ အမှားအမှန်၊ အကျိုးအပြစ်ကို ဝေဖန်ပိုင်းခြားတတ်မှုလိုလဲ ခေါ်ရမှာ။ ဒါတွေကို သင်ပေးရမှာ။

အစားစားတာ သောက်တာလဲပါတာပေါ့။ အဝတ်ဝတ်တာ၊ အနေအထိုင် အဲဒီသုံးချက်ကို အကျိုးသင့်အကြောင်းသင့် ကလေးကို ပြောကြားပေးရမှာ၊ လိုက်နာစေရမှာ၊ လူကြီးကလဲ စံပြနေပြရမှာ။

ဥပမာ- တိရစ္ဆာန်အသားတွေ ဝက်သား၊ အမဲသား၊ ဘဲသား စတဲ့အသားတွေကို နေ့စဉ်နံနက်၊ ညနေတိုင်း များများစားရင် ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါတွေ ဖြစ်တတ်တာ ပြောရမှာ။ ဟင်းသီးဟင်းရွက်တွေ များများစားရင် ရောဂါကင်းပြီး ကျန်းမာမှ ဝပြောရမှာ။

လက်ဖက်ရည်၊ ကော်ဖီ၊ အချိုရည်တွေ တစ်နေ့ နှစ်ခွက်ထက် ပိုသောက်ရင် ဆီးချိုရောဂါဖြစ်မှာ။ အရက်ကိုသောက်ရင် ရောဂါစုံရပြီး စောစောသေတတ်တာ၊ မူးယစ်ဆေးဝါးကိုသုံးစွဲရင် ငွေကုန်၊ ရောဂါရမှာတွေ ပြောပြရမှာ။ ပညာမရ၊ လူလုံးမလှဖြစ်မှာတွေ ပြောရမှာ။

အဝတ်နဲ့ပတ်သက်လို့ မပလွားဖို့ သင်ပေးရမှာ။ အိမ်မှာနေရင် ခပ်ညံ့ညံ့အထည်လေးဝတ်၊ ကျောင်းသွားရင် ကျောင်းဝတ်စုံ ဒါမှမဟုတ်ရင် အလတ်တန်းစားအဝတ်ဝတ်ဖို့၊ ပွဲလမ်းသဘင်ရှိရင် အကောင်းစားဝတ်ဖို့ သင်ပေးလေ့ကျင့်ပေးရမှာ။

အနေအထိုင်မှာ ပထမဆုံးက အချိန်မဖြုန်းဖို့ပါပဲ။ ဟန်းဖုန်းနဲ့ အချိန်တွေမကုန်စေပါနဲ့။ တချို့မိဘတွေက ပြတ်သားတယ်။ "ကျွန်တော်ကတော့ ကလေးကို ဟန်းဖုန်းဝယ်မပေးဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့အတွက် မသိသင့်တာတွေ၊ မမြင်သင့်တာတွေ မသိအောင်၊ မမြင်အောင်လို့"လို့ ပြောတာ ကြားသိရတယ်။ ဒါ အမှန်ပါပဲ။ ဂိမ်းကစားများတာ၊ ဘောလုံးပွဲအကြည့်များရာကနေ ကလေးဟာ ပျက်စီးသွားမယ်။ နောက် မူးယစ်ဘက်ကူးပြီး မိဘဒုက္ခရောက်သူတွေရှိတယ်။နောက် အဲဒီကလေး အသက်မရှည် သေရတယ်။

ဒါ မိဘက အလိုလိုက်ရာက စတာပဲ။ တစ်ဆက်တည်းပြောရမှာက ငွေကြေးမဖြုန်းတီးဖို့ သင်ကြားရမယ်။ ကလေးမုန့်ဖိုးပေးရာမှာ ပေးသင့်သမျှပဲ ပေးရမယ်။ ဘာသုံးသလဲ စစ်ဆေးရမယ်။ ငွေကိုတန်ဖိုးထားတတ်အောင်၊ စုဆောင်းတတ်အောင် သင်ကြားပေးရမယ်။ စုဘူးလေးဝယ်ပြီး စုခိုင်းရမယ်။ မင်းစုငွေကို ဖြည့်ပြီး နောက်နှစ်ကျ လက်စွပ်ဝယ်ပေးမယ်စတဲ့ မက်လုံးလေးပေးထားရမယ်။ ငွေကိုရေလိုမသုံးဖို့ သင်ကြားပေးရမယ်။ ကြွားဝါတဲ့အလုပ်တွေ ရှောင်ဖို့လဲ သင်ပေးရမယ်။

ပေါင်းသင်းဆက်ဆံရေးပညာလဲ သင်ပေးရမယ်။ အချင်းချင်း ချစ်ချစ်ခင်ခင် နေဖို့ထိုင်ဖို့၊ ယဉ်ယဉ်ကျေးကျေး ပြောဆိုဖို့၊ ဆရာတွေကိုလေးစားဖို့၊ ကလေးချင်း ရန်မဖြစ်ဖို့၊ သူတစ်ပါးပစ္စည်းမခိုးယူဖို့၊ မဟုတ်မမှန်စကား မပြောဖို့။

မဖြစ်မနေလေ့ကျင့်သင်ကြားပေးရမှာကတော့ ကလေးဟာ ဘုရားဝတ်ပြုဖို့၊ မိဘဆရာနဲ့ သက်ဝါကြီးတဲ့ ဦးကြီး၊ ဒေါ်ကြီးတွေကို ကန်တော့ဖို့ သင်ပေးရပါမယ်။ လူကြီးတွေကလဲ စံနမူနာပြ လုပ်ပြရပါမယ်။

အဆုံးသတ်စကားကတော့ ကိုယ့်ကလေးရဲ့ စိတ်ဓာတ်၊ အမူအကျင့် ဒါတွေကို မိဘလုပ်သူက လေ့လာနေရမယ်။ နောက် ကောင်းရာကောင်းကြောင်း လမ်းညွှန်ပေးရမယ်။ ကလေးက မိုက်တဲ့အရွယ်မို့ ပြုပြင်ပေးရမှာကတော့ အမှန်ပါလို့ ပြောပါရစေ။

# မြောက်ဦးဒေသကို UNESCO ကမ္ဘာ့အမွေအနှစ် စာရင်းဝင်နိုင်ရေး ပြင်ဆင်ဆောင်ရွက်မှု ၉၀ ရာခိုင်နှုန်းပြီးစီး



**နေပြည်တော် ဇူလိုင် ၂၂**

ရခိုင်ပြည်နယ် မြောက်ဦးဒေသကို UNESCO ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေး ပြင်ဆင်ဆောင်ရွက်မှု ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ပြောပြ၍ သိရသည်။

ရခိုင်ပြည်နယ် မြောက်ဦးဒေသကို ၂၀၂၄ ခုနှစ်တွင်ကြေညာမည့် UNESCO ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဒေသတစ်ခုဖြစ်လာစေရန် ပြင်ဆင်ခြင်းများကို ၂၀၁၅ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"မြောက်ဦးဒေသက နန်းတော်ရာမှာ မြို့ရိုးတံတိုင်းတွေ၊ ခံတပ်တွေ၊ ကျုံးတွေ၊ ဘုရင်တွေတည်ထားကိုးကွယ်ခဲ့တဲ့ ဘာသာရေးအဆောက်အအုံတွေနဲ့ စေတီပုထိုးတွေအပါအဝင် အဆောက်အအုံစုစုပေါင်း ၁၁၂၈ ခုလောက်တည်ရှိနေတာဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မြောက်ဦးဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့ရင် အရှေ့တောင်အာရှရဲ့ အကောင်းဆုံး ရှေးဟောင်းခံတပ်မြို့တော်အနေနဲ့ သမိုင်းမှတ်တမ်းဝင်မှာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ပြောပြသည်။

မြောက်ဦးဒေသသည် ရခိုင်သမိုင်း၏ထင်ရှားသည့် ရှေးဟောင်းအမွေအနှစ်များ စုဝေးတည်ရှိနေသည့် မြို့တော်တစ်ခုဖြစ်သည့်အပြင် ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦး ဟူသည့်ခေတ်ကြီး လေးခေတ်အနက် နောက်ဆုံးခေတ်ဖြစ်သော မြောက်ဦးခေတ်လက်ရာများကို လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Dead Reckoning Part One ၏ ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာ ၂၅၉ သန်းရရှိထား

**နယူးယောက် ဇူလိုင် ၂၂**

Paramount ကုမ္ပဏီ၏ Mission: Impossible-Dead Reckoning Part One ဇာတ်ကား၏ လက်ရှိကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၅၉ သန်းထိ ရရှိထားကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

Dead Reckoning Part One ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေသည် ရုံတင်ပြီးဒုတိယသီတင်းပတ်အတွင်းမှာပင် အမေရိကန်ဒေါ်လာ ၂၅၉ သန်းရရှိထားခြင်းဖြစ်ကြောင်း သိရသည်။

Paramount ကုမ္ပဏီသည် အဆိုပါဇာတ်ကားကို ဇူလိုင် ၁၂ ရက်က စတင်ရုံတင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ ၂၉၀ သန်းထိ အသုံးပြုထားကြောင်း သိရသည်။

Dead Reckoning Part One ကို ဒါရိုက်တာ ခရစ္စတိုဖာမက်ကွာရီက တာဝန်ယူရိုက်ကူးပေးထားပြီး မင်းသား တွမ်ခရုက အဓိကဇာတ်ကောင်အဖြစ် ပါဝင်ထားကြောင်း သိရသည်။

KKO



# အဆိုတော် စိန်လင်း(Aroma) က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ကျန်းမာရေးချို့တဲ့ကာ ဝင်ငွေနည်းမိသားစုတစ်စုကို ငွေကျပ် သုံးသိန်း ပံ့ပိုးပေးခဲ့

**ရန်ကုန် ဇူလိုင် ၂၂**

အဆိုတော် စိန်လင်း (Aroma) က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ကျန်းမာရေးချို့တဲ့ကာ ဝင်ငွေနည်းမိသားစုတစ်စုကို ဇူလိုင် ၂၁ ရက်က ငွေကျပ် သုံးသိန်း ပံ့ပိုးပေးခဲ့ကြောင်း အဆိုတော် စိန်လင်း (Aroma) က ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁) ရပ်ကွက်ရှိ ကျန်းမာရေးချို့တဲ့ကာ ဝင်ငွေနည်း အခက်အခဲရှိနေသည့် ဒေါ်စိုးစိုးဝင်းနှင့် ဖခင်ဖြစ်သူတို့ကို အဆိုတော် စိန်လင်း(Aroma) မိသားစုက ငွေကျပ် သုံးသိန်းကို သွားရောက် ပံ့ပိုးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အသက် ၈၅ နှစ်အရွယ် ကျန်းမာရေးချို့တဲ့နေတဲ့ဖခင်ဖြစ်သူကိုလုပ်ကျွေးပြုစုပေးနေတဲ့ အန်တီစိုးစိုးဝင်းတို့သားအဖကို ကြည့်ပြီးရင်ထဲလဲ မကောင်းဖြစ်မိပါတယ်။ ဒီအတွက် ကျွန်တော့်အနေနဲ့ ဘဝကိုခက်ခဲစွာရုန်းကန်နေရတဲ့ သားအဖနှစ်ယောက်အတွက် အခုလိုပံ့ပိုးမှုလေးပြုဖြစ်တာပါ။ ကိုယ့်ရှေ့မှာ အခုလိုအခက်အခဲနဲ့ကြုံတွေ့နေရတဲ့သူတွေ့ရင် အမှန်တကယ် စိတ်ထဲမကောင်းလို့ ကိုယ့်ဘက်က တတ်နိုင်သလောက် ကူညီပေးဖြစ်တာပါ"ဟု အဆိုတော် စိန်လင်း(Aroma) က ပြောပြသည်။



အဆိုတော်စိန်လင်း(Aroma) သည် ကိုဗစ်ကာလမှ စတင်ကာ ယနေ့ထိ မိသားစု၊ အလှူရှင် စေတနာရှင်များနှင့် ပူးပေါင်းကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝင်ငွေနည်းမိသားစုများကို ငွေကြေးနှင့်စားသောက်ဖွယ်ရာများ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ASH

# ယခုနှစ်ရုံတင်မည့်ဇာတ်ကားများအခြေအနေကို ဝါနာဘရားသားကုမ္ပဏီ ပြန်လည်ဆန်းစစ်နေ

**နယူးယောက် ဇူလိုင် ၂၂**

ဇာတ်ညွှန်းရေးဆရာများနှင့် ရုပ်ရှင်သရုပ်ဆောင်များ၏သပိတ်ကြောင့် ယခုနှစ် လက်ကျန်ကာလအတွင်း ရုံတင်ရန်စီစဉ်ထားသောဇာတ်ကားသစ်များ၏အခြေအနေကို ဝါနာဘရားသားကုမ္ပဏီက ပြန်လည်ဆန်းစစ်နေကြောင်း Variety သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

ဝါနာဘရားသားကုမ္ပဏီသည် Aquaman and the lost kingdom ဇာတ်ကား၊ Dune:Part Two ဇာတ်ကားနှင့် The Color Purple ဇာတ်ကားများကို ယခုနှစ်အတွင်း ရုံတင်ရန်စီစဉ်ထားသည်။

သို့ရာတွင် လက်ရှိအခြေအနေများအရ အဆိုပါဇာတ်ကားသုံးကားကို ၂၀၂၄ ခုနှစ်မှသာ ရုံတင်ပြသရန် ဝါနာဘရားသားကုမ္ပဏီက စဉ်းစားနေကြောင်း သိရသည်။

မူလက ဝါနာဘရားသားကုမ္ပဏီသည် Dune:Part Two ဇာတ်ကားကို ယခုနှစ် ဒီဇင်ဘာ ၃ ရက်တွင်လည်းကောင်း၊ Aquaman and the lost kingdom ဇာတ်ကားကို ဒီဇင်ဘာ ၂၀ ရက်တွင်လည်းကောင်း၊ The Color Purple ဇာတ်ကားကို ဒီဇင်ဘာ ၂၅ ရက်တွင်လည်းကောင်း ရုံတင်ရန် စီစဉ်ထားသည်။

အကယ်၍ ဇာတ်ညွှန်းရေးဆရာများနှင့် သရုပ်ဆောင်များ သပိတ်ဆက်ဖြစ်နေမည်ဆိုပါက ဝါနာဘရားသားကုမ္ပဏီအနေဖြင့် အထက်ပါဇာတ်ကားများကို ၂၀၂၄ ခုနှစ်မှသာ ရုံတင်ဖွယ်ရှိသည်။

KKO



# မြန်မာရုပ်သံဇာတ်လမ်းတွဲများမရိုက်ကူးမီ ဇာတ်လမ်းအကျဉ်းနှင့် အခန်းစဉ်များကို ဩဂုတ် ၁ ရက်မှစ၍ ဗီဒီယိုဆင်ဆာအဖွဲ့သို့ တင်ပြရမည်

**ရန်ကုန် ဇူလိုင် ၂၂**

မြန်မာရုပ်သံဇာတ်လမ်းတွဲများမရိုက်ကူးမီ ဇာတ်လမ်းအကျဉ်းနှင့် အခန်းစဉ်များကို ဩဂုတ် ၁ ရက်မှစ၍ ဗီဒီယိုဆင်ဆာအဖွဲ့သို့ တင်ပြရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဇူလိုင် ၂၁ ရက်က အသိပေးထုတ်ပြန်ထားသည်ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။


ရုပ်မြင်သံကြား လုပ်ငန်းလုပ်ကိုင်သူများနှင့် ထုတ်လုပ်သူများအနေဖြင့် မြန်မာရုပ်သံဇာတ်လမ်းတွဲများ မရိုက်ကူးမီ ဇာတ်လမ်းနှင့် ခွင့်ပြုချက် ရယူရေးအတွက် ဇာတ်လမ်းအကျဉ်းနှင့် အခန်းစဉ်များကို ဗီဒီယိုဆင်ဆာအဖွဲ့သို့တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

"အရင်ကတည်းက ရိုက်ကူးခွင့်တင်ရပါတယ်။ အခုက ပြန်ကြားရေးက ထုတ်လိုက်တာပါ။ ကျွန်တော်တို့ဘက်က ထုတ်ထားတာက ရုပ်ရှင်ကားဆိုရင် ရုပ်ရှင်ရိုက်ကူးခွင့်တင်ပြီးရင် ဆင်ဆာရှိလို့ရှိရင် ဆင်ဆာထောက်ခံချက်ပေးရတယ်။ ရိုက်ကူးခွင့်နဲ့ ထောက်ခံချက်ပေးရတယ်။ အခုကတော့ ညွှန်ကြားချက်အတိုင်း လုပ်ရမှာပေါ့"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

ထို့ကြောင့် ရုပ်မြင်သံကြား လုပ်ငန်းလုပ်ကိုင်သူများနှင့် ထုတ်လုပ်သူများအနေဖြင့် မြန်မာရုပ်သံဇာတ်လမ်းတွဲများ မရိုက်ကူးမီ ဇာတ်လမ်းအကျဉ်းနှင့် အခန်းစဉ်များကို ဗီဒီယိုဆင်ဆာအဖွဲ့သို့ ဩဂုတ် ၁ ရက်မှစ၍ ကြိုတင်တင်ပြနိုင်ရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသိပေးထားခြင်းဖြစ်ကြောင်း၊ ဗီဒီယိုဆင်ဆာအဖွဲ့သို့ ဇာတ်လမ်းတင်ပြခြင်းမရှိဘဲ ရိုက်ကူးထားသော မြန်မာရုပ်သံဇာတ်လမ်းတွဲများကို တင်ပြလာပါက ဆင်ဆာကြည့်ရှုစစ်ဆေးခြင်းကို ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း သိရသည်။

ASH

# 15 geographical areas implemented to enlist Mt Popa as World Geopark in Myanmar


The spectacular Mount Popa.

**Nay Pyi Taw July 22**

The Ministry of Natural Resources and Environmental Conservation stated that a total of 15 geographical areas are being implemented initially to enlist Mount Popa as a World Geopark in Myanmar, with more exploration of new geopark areas.

By so doing, it is necessary to designate Mt Popa as the national geopark at first. So, relevant ministries and organizations are joining hands in enlisting the nomination of Mt Popa into the UNESCO with exploration of more different geographical areas.

"The government is striving for conservation of natural resources and preservation of cultural heritages with systematic management. To do so, eight ASEAN Heritage Parks two Human and Biosphere, six Ramsar sites and six East-Australasian network have been recognized as international level conservation areas. Currently, efforts are being made to enlist Mt Popa as a World Geopark," said staff officer U Zarni Tun of Mandalay Region Forest Department.

UNESCO has recognized 196 world geoparks in 48 countries as from 2001. Mount Popa is potential to be recognized as a World Geopark due to location of ancient iron furnaces, rare biodiversity species, and elephant fossils. Hence, arrangements are being made to explore 15 geoparks around Mount Popa region.

ASH

# Climate records tumble, leaving Earth in uncharted territory - scientists

**New York July 22**

A series of climate records on temperature, ocean heat, and Antarctic sea ice have alarmed some scientists who say their speed and timing is unprecedented.

Dangerous heatwaves in Europe could break further records, the UN says.

It is hard to immediately link these events to climate change because weather - and oceans - are so complex.

Studies are under way, but scientists already fear some worst-case scenarios are unfolding.

"I'm not aware of a similar period when all parts of the climate system were in record-breaking or abnormal territory," Thomas Smith, an environmental geographer at London School of Economics, says.

"The Earth is in uncharted territory" now due to global warming from burning fossil fuels, as well as heat from the first El Niño - a warming natural weather system - since 2018, says Imperial College London climate science lecturer Dr Paulo Ceppi.

Here are four climate records broken so far this summer - the hottest day on record, the hottest June on record globally, extreme marine heatwaves, record-low Antarctic sea-ice - and what they tell us.

BBC

# Over 280 rural water projects start implemented during June

**Nay Pyi Taw July 22**

More than 280 rural water projects were implemented in June of the 2023-2024 FY, according to reports from the Ministry of Cooperatives and Rural Development.

The Department of Rural Development under the Ministry of Cooperatives and Rural Development is implementing rural water projects according to fiscal year so that all rural people can have good and safe drinking water by 2030.

In doing so, it is being implemented with the original approval fund, update fund, national support fund (in collaboration with UNICEF) and the tropical zone water supply project, regional and state approved funds.

According to these actions, Myanmar was able to fully implement 1,202 rural water projects nationwide in the 2022-2023 FY.

Among the rural irrigation projects that have been fully implemented, there are 869 water projects implemented with the original approved fund, 56 water projects with state grants, 80 water supply works and 197 water supply works that have been renovated in cooperation with UNICEF.

336


A water supply project being implemented in a village.

# Biden chooses Lisa Franchetti to head Pentagon military branch

**Washington July 22**

US President Biden has chosen a female admiral to lead the US Navy - the first time a woman has been nominated to head a Pentagon military service branch.

Lisa Franchetti is a former head of the US 6th Fleet and US naval forces in South Korea, and has also served as an aircraft carrier strike commander.

Her nomination by Mr Biden must still be confirmed by the US Senate.

One lawmaker is currently blocking the Senate from confirming military leaders to protest a military abortion policy.

If confirmed as Chief of Naval Operations she will be the first woman to become a member of the elite group of senior military officers who make up the Joint Chiefs of Staff.

A 38-year veteran, she was only the second woman to achieve the rank of four-star admiral.

In a statement, Mr Biden hailed what he called her "extensive expertise in both the operational and policy arenas" and said she "will again make history" when she is confirmed for the role.

According to reports in US media, Adm Franchetti was not the first choice of the US Defence Secretary Lloyd Austin, who instead recommended TOPGUN graduate Samuel Paparo as the next Navy chief.

BBC


Lisa Franchetti is on track to be the first woman to head one of the US military branches.

# Authorities plan to build a duck hatchery in Nay Pyi Taw in 2023-2024 FY

**Nay Pyi Taw July 22**

A duck hatchery will be built in Nay Pyi Taw Union Territory in 2023-2024 FY, according to reports from the Animal Husbandry and Treatment Department.

The Livestock Breeding and Veterinary Department under the Ministry of Agriculture, Livestock and Irrigation has opened duck hatcheries and distributed and sold high-quality ducklings at low prices to promote the development of local duck breeding businesses, to enable duck breeders to purchase and breed high-quality duck breeds at low prices, and to improve the socio-economic lives of duck breeders.

At present, duck hatcheries have been opened in Ywarthagyi, Yangon Region, and Bayargyi, Bago Region.

Duck eggs produced from duck farms under the department are sent to these duck hatcheries and the ducklings are distributed and sold.

Now, in order to be able to distribute more ducklings for domestic duck breeding businesses, a duck hatchery will be built in the Nay Pyi Taw Council area.

336

# Preparation to enlist MraukU region into the UNESCO's World Heritage Sites complete by 90 per cent


MraukU region seen with Buddhist temples.

**MraukU July 22**

The Department of Archaeology and National Museum stated that preparations to enlist MraukU region of Rakhine State on the list of World Heritage Sites of the UNESCO has completed by 90 per cent.

Such a preparation started in 2015 to enlist MraukU region to be possibly announced in 2024.

"A total of 1,128 structures of the walls, fortresses, moats and religious edifices can be seen on the mound of the royal palace in MraukU region. If the region can be enlisted on the list of World Heritage Sites, MraukU region will be the best ancient fortress city in the South-east Asia," said U Aung Aung Kyaw, director of the department.

MraukU is a city constituted with ancient significant heritages of Rakhine history, and it proves the arts works of MraukU era which is one of four prominent eras in Rakhine history such as Dhannyawady, Vesali, Lemro and MraukU. It is a city where ancient heritages, architectural works and historical ones of Rakhine kings some 1,000 years ago.

Myanmar possesses World Heritage sites namely ancient Pyu city states such as Hanlin, Beikthanoe and Pyu designated in 2014 and Bagan ancient cultural region in 2019.

ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Licensed overseas employment agencies, labour attaches to solve labour affairs of Myanmar workers abroad

**Nay Pyi Taw July 22**

The Myanmar Overseas Employment Agencies Federation (MOEAF) stated that it will solve labor affairs of Myanmar migrant workers broad in cooperation with the labour attaches of Myanmar embassies in foreign countries.

The federation stated that these agencies will solve the labour affairs such as disputes between employers and employees, injuries and dead cases abroad as quickly as possible. So, the Myanmar workers need to inform relevant organizations about their problems in time to solve it in cooperation of the labour attaches.

"Licensed agencies are to take responsibility to send Myanmar workers abroad from the departure to the arrivals at home. These agencies should not participate in the illegal measures of sending Myanmar migrant workers abroad according to the instruction of the Ministry of Labour. Moreover, these agencies need to join hands with the labour attaches from the relevant countries to solve the labour issues," said U Khin Maung Win from MOEAF.


Myanmar workers seen at the airport before departure.

Moroever, licensed agencies have to supervise those labours in remit money to their families under the designated remittance system issued by the Sttae under the agreement. Moreover, these agencies have to arrange opening of savings bank accounts at local banks and remittance process for the workers.

ASH

# Seintalone mango fetches K1,300 per fruit in domestic market

**Mandalay July 22**

Seintalone mango which is at low inventory fetches K1,300 per fruit in the domestic market, said secretary U Kyaw Soe Naing of Mandalay Branch of Myanmar Mango Market and Technical Development Association.

Currently, such a mango species gets K1,200 to K1,300 per fruit due to low inventory in the market.

"Only lesser number of Seintalone mango can be found in the domestic market. So, it fetches good prices. Seintalone is not exported now but for domestic sale because the remaining fruits are low quality. But, it can fetch K1,300 per fruit at the domestic market. So, people prefer to eat it," said the secretary.

Mango is planted on 35,000 acres of land in Mandalay Region. A total of 195 species of mango can be seen across the country. Myanmar growers prefer to grow Yinkwe, Shwehintha, Machitsu, Meithi and Padamya Nga Mauk in addition to Seintalone. After Seintalone has been sold, Yinkwe and Padamya Nga Mauk mangoes flow into the market. The growers send mango to Chinese market.

185


Various kinds of mangoes for sale at a market.

# Myanmar plans to grow 24 million saplings across the nation to prevent deforestation

**Nay Pyi Taw July 22**

Myanmar has set a plan to grow 24 million saplings across the nation so as to prevent deforestation and mangrove forests and trees have been cultivated by more than 90 per cent.

In order to prevent deforestation, trees are planted in Ayeyawady and Taninthayi Regions and Rakhine State.

"A plan was set to grow 24 million saplings including mangrove plants across the nation. So far, 24.619 saplings have been grown in Lower Myanmar and coastal regions, accounting for more than 90 per cent," said U Myint Sein, director of Ayeyawady Region Forest Department.

In 2022, a plan was set to grow 23.57 million saplings across the nation, compared to 24.619 saplings in 2023, according to the Forest Department.

According to the forest population in 2020, Myanmar is covered with 42 per cent of forest. The Ministry of Natural Resources and Environmental Conservation will enumerate the data on forest areas in natural forests and forest plantations in 2025.

ASH

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## Boeing ကုမ္ပဏီက Poseidon ရေကြောင်းကင်းလှည့်လေယာဉ်နောက်ဆုံးတစ်စင်းကို နယူးဇီလန်သို့ ပို့ဆောင်နိုင်ခဲ့




Boeing ကုမ္ပဏီသည် နယူးဇီလန် တော်ဝင်လေတပ်၏ ၂၀၁၈ ခုနှစ်တွင် သဘောတူလက်မှတ် ရေးထိုးဝယ်ယူခဲ့သည့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၅ ဘီလီယံတန်ဖိုးရှိသော Poseidon ရေကြောင်းကင်းလှည့်လေယာဉ် နောက်ဆုံးတစ်စင်းကို ပို့ဆောင်နိုင်ခဲ့ပြီဖြစ်ကြောင်း www. thedefensepost.com သတင်းဌာနက ဇူလိုင် ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရေငုပ်သင်္ဘောနှင့် ရေကြောင်းထောက်လှမ်းရေးလေယာဉ်များသည် ၁၉၆၀ ပြည့်လွန်နှစ်များကတည်းက နယူးဇီလန် တော်ဝင်လေတပ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် Lockheed P-3K2 Orion လေယာဉ် ခြောက်စင်းနေရာတွင် အစားထိုးတာဝန်ထမ်းဆောင်သွားမည်ဟု သိရသည်။

Orions လေယာဉ်များကဲ့သို့ပင် Poseidons ရေကြောင်းကင်းလှည့်လေယာဉ်များသည် နယူးဇီလန်နှင့် မဟာမိတ်နယ်မြေများတစ်ဝန်းရှိ ရေကြောင်းစောင့်ကြည့်မှု၊ လုံခြုံရေးတာဝန်ထမ်းဆောင်မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မစ်ရှင်များအတွက် တပ်ဖြန့်အသုံးပြုသွားမည်ဖြစ်သည်။

နောက်ထပ် လုပ်ငန်းတာဝန်များအနေဖြင့် နယူးဇီလန်နိုင်ငံ၏ သီးသန့်စီးပွားရေးဇုန်၊ တောင်ပစိဖိတ်ဒေသ၊ တောင်ပိုင်းသမုဒ္ဒရာ၊ Ross Dependency အန္တာတိကဒေသ အစိတ်အပိုင်းများကို စောင့်ကြည့်ခြင်းတို့ လုပ်ဆောင်သွားနိုင်မည်ဟု သိရသည်။

Poseidon လေယာဉ်အုပ်သည် နယူးဇီလန်ရဲတပ်ဖွဲ့၊ အကောက်ခွန်၊ ထိန်းသိမ်းရေးဌာနနှင့် အခြေခံစက်မှုလုပ်ငန်းဝန်ကြီးဌာနတို့ကဲ့သို့ အစိုးရတစ်ဝန်းရှိ အခြားသော အေဂျင်စီများကိုလည်းကူညီ၍ ရည်မှန်းချက်တာဝန်များတွင် တွဲဖက်လုပ်ဆောင်ပေးနိုင်ရန် မျှော်မှန်းထားသည်။

နောက်ဆုံး လွှဲပြောင်းပေးပို့ခဲ့သော လေယာဉ်တစ်စင်းသည် Ohakea လေတပ် အခြေစိုက်စခန်းသို့ ရောက်ရှိလာခဲ့ပြီး နယူးဇီလန်နိုင်ငံ သယ်ယူပို့ဆောင်ရေးဌာန လက်ထောက်အတွင်းဝန် Sarah Minson က ဦးဆောင်၍ လက်ခံရယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားစစ်ဘက်အရောင်းဌာနနှင့် ကနဦးစာချုပ် ချုပ်ဆိုမှုမှသည် ကန်းဆပ်ပြည်နယ်မှာ လေယာဉ်ကိုယ်ထည် တည်ဆောက်ခြင်း၊ အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ် ဆီအက်တယ်ဆိပ်ကမ်းမြို့မှာရှိတဲ့ Boeing စက်ရုံသို့သွားရောက်လည်ပတ်ပြီး လေယာဉ်သစ်ကို စမ်းသပ်ပျံသန်းမှုများပြုလုပ်ခြင်းနှင့်အတူ ယခုလအစောပိုင်းတွင်စတင်လည်ပတ်လုပ်ဆောင်နိုင်ခဲ့မှုများ စသည့် လုပ်ငန်းစဉ်များအားလုံး မယုံကြည်နိုင်လောက်အောင် အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း Minson က ပြောကြားခဲ့သည်။

"ဒီလေယာဉ်တွေဟာ Aotearoa New Zealand နိုင်ငံအတွက် သူတို့ရဲ့ တစ်သက်တာဝန်ဆောင်မှုတွေကိုစတင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

Poseidon ရေကြောင်းကင်းလှည့်လေယာဉ်သည် အလျား ၁၂၉ ဒသမ ၆ ပေ (၃၇ ဒသမ ၆၄ မီတာ) ရှည်လျားပြီး Boeing 737-800 လေယာဉ်၏ ကျဉ်းမြောင်းသောလေယာဉ်ကိုယ်ထည်ကိုအခြေခံတည်ဆောက်ထားသည်။

ရေကြောင်းကင်းလှည့်လေယာဉ်တွင် အီလက်ထရွန်နစ် ပံ့ပိုးမှုအစီအမံများ၊ စောင့်ကြည့်အာရုံခံကိရိယာများ၊ မိမိကိုယ်ကို ကာကွယ်မှုစနစ်များ၊ ဒေတာချိတ်ဆက်မှုများနှင့် ပင်လယ်ရေကြောင်းတစ်လျှောက် စဉ်ဆက်မပြတ်သိရှိနိုင်စေရန် ဂြိုဟ်တုဆက်သွယ်ရေး ပလက်ဖောင်းများပါရှိကြောင်း သိရသည်။

Boeing ကုမ္ပဏီသည် ယခုနှစ်အစောပိုင်းတွင် ဒုတိယနှင့် တတိယမြောက် Poseidons ရေကြောင်းကင်းလှည့်လေယာဉ်နှစ်စင်းကို နယူးဇီလန်တော်ဝင်လေတပ်ထံ ပေးအပ်ခဲ့ပြီးလည်းဖြစ်သည်။

Boeing ကုမ္ပဏီသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ပထမဆုံးလေယာဉ်ကို လွှဲပြောင်းပေးအပ်ခဲ့ပြီး လေယာဉ်အုပ်အတွက်ပံ့ပိုးကူညီရန် ဂျာမနီနိုင်ငံအခြေစိုက် Lufthansa Technik ကုမ္ပဏီနှင့် ပူးပေါင်းလုပ်ဆောင်ပေးခဲ့သည်။

ပထမဆုံး Poseidon လေယာဉ်တည်ဆောက်မှုကို ၂၀၂၂ ခုနှစ် မတ်လက စတင်ခဲ့ပြီး လေးလအကြာတွင် အဆိုပါလေယာဉ်သည် အမေရိကန်နိုင်ငံ Renton မြို့တွင် ပထမဆုံးပွဲဦးထွက်ထုတ်ဖော်ပြသခဲ့ကြောင်း သိရသည်။

**Boeing Delivers Final Poseidon Maritime Patrol Aircraft to New Zealand ကို ဘာသာပြန်ဆိုထားပါသည်။**

## ဆလိုဗက်ကီးယားနိုင်ငံက ပူးပေါင်းစစ်ဆင်ရေးနည်းဗျူဟာမြောက် အပေါ့စားယာဉ်အစီး ၁၆၀ Oshkosh ထံမှာယူခဲ့



ဆလိုဗက်ကီးယားအစိုးရသည် ပူးပေါင်းစစ်ဆင်ရေးနည်းဗျူဟာမြောက် အပေါ့စားယာဉ် Joint Light Tactical Vehicles (JLTVs) အစီး ၁၆၀ ကို အမေရိကန် Oshkosh Defense ကုမ္ပဏီထံ မှာယူခဲ့ကြောင်း ဇူလိုင် ၁၉ ရက်က The Defense Post တွင် ဖော်ပြထားသည်။

ဝယ်ယူရေးအမှာစာ ကုန်ကျငွေတန်ဖိုးမှာ ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာသန်း ၁၉၀ ခန့်ရှိကြောင်း သိရသည်။ အဆိုပါဝယ်ယူမှုသည် အကြီးစားသေနတ်တင်ဆောင်နိုင်မည့် စစ်သုံးယာဉ်အမျိုးအစားတွင် နည်းဗျူဟာမြောက်အပေါ့စားယာဉ် JLTVs ၁၉၂ စီးထိ ဆလိုဗက်ကီးယားထံ နိုင်ငံခြားစစ်ဘက်ရောင်းချမှုတစ်ရပ်ကို မေလအတွင်းက အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သဘောတူခွင့်ပြုခဲ့ခြင်းလည်းဖြစ်သည်။

ဆလိုဗက်ကီးယားနိုင်ငံသည် ကနဦးတောင်းဆိုထားသည့်ပူးပေါင်းစစ်ဆင်ရေးနည်းဗျူဟာမြောက် အပေါ့စားယာဉ် ၁၉၂ စီးအစား အစီးရေ ၁၆၀ သို့ ပြောင်းလဲဝယ်ယူရန် မှာယူခဲ့သည်ဆိုသည်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။ သို့ရာတွင် နိုင်ငံ၏ စစ်ရေးစွမ်းအားစုတွင် လေးဘီးယက်ဘက်စုံသုံးတိုက်ခိုက်ရေးယာဉ်ဝယ်ယူဖြည့်တင်းမည့်အစီအစဉ်ကို ပံ့ပိုးရန်အတွက် ယခုဝယ်ယူမှုသည် အကျိုးကျေးဇူးများစွာဖြစ်ထွန်းကြောင်း သိရသည်။

၎င်းလေးဘီးယက် ယာဉ်များသည် ပေါ့ပါးသောတိုက်ခိုက်ရေးနှင့် အုပ်ချုပ်ထောက်ပံ့ရေးတပ်ရင်း၊ တပ်ဖွဲ့များအတွက် ထူးခြားသော စစ်ကစားရွေ့ပြောင်းနိုင်မှုနှင့် ပဲ့ထိန်းလက်နက်ခဲယမ်းများရန်မှ အကာအကွယ်တပ်ဆင်ထားသည့် နည်းဗျူဟာမြောက် စစ်သုံးယာဉ်များဖြစ်ကြောင်း သိရသည်။

ဆလိုဗက်ကီးယားတပ်ဖွဲ့ဝင်များအနေဖြင့် လက်ရှိအသုံးပြုနေသည့် စစ်သုံးယာဉ်များတွင် အဆိုပါစွမ်းဆောင်ရည်မျိုး ပိုင်ဆိုင်ထားခြင်းမရှိသေးကြောင်း ဆလိုဗက်ကီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Martin Sklenar က ပြောကြားခဲ့သည်။ လွှဲပြောင်းပေးပို့မှုများကို လာမည့် ၂၀၂၅ ခုနှစ်အတွင်း စတင်လုပ်ဆောင်နိုင်ရန် မျှော်မှန်းထားသည်။

အမေရိကန်နိုင်ငံ ကာကွယ်ရေးလုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (DSCA)၏အဆိုအရ ဆလိုဗက်ကီးယားသည် M153 ဘုံအဝေးထိန်းလက်နက်စခန်းများ တပ်ဆင်ထားသော နည်းဗျူဟာမြောက်အပေါ့စားယာဉ်များနှင့် လူလိုက်ပါ၍ တာဝန်ထမ်းဆောင်နိုင်သော Gunner Turret ဆုံလည်တစ်ခုတပ်ဆင် အသုံးပြုရန် တောင်းဆိုထားခြင်းဖြစ်သည်ဟု သိရသည်။

ထို့ပြင် တောင်းဆိုချက်တွင် M2 အမြန်လဲနိုင်သော သေနတ်ပြောင်းများ၊ .50-caliber စက်သေနတ်များ၊ MK19 40 မီလီမီတာ ဗုံးပစ်လောင်ချာများနှင့် M4A1 ခာဘု ပစ္စည်းရှာဖွေရေးကိရိယာများပါဝင်သည်။ ကနဦးအတည်ပြုထားသောရောင်းချမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း ၂၅၀ ဖြစ်သည်။

ယခုဝယ်ယူမှုသည် ဆလိုဗက်ကီးယားစစ်ဘက်၏ ရွေ့လျားစစ်ကစားနိုင်စွမ်းကို တိုးမြှင့်စေပြီး လက်ရှိနှင့် အနာဂတ်ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အရေးပါသည့် မြေပြင်တပ်ရင်းတပ်ဖွဲ့များကို အကာအကွယ်ပေးနိုင်စွမ်း တိုးမြှင့်ပေးနိုင်မည်ဖြစ်ကြောင်း DSCA က ရှင်းပြခဲ့ကြောင်း သိရသည်။

**Slovakia Orders 160 Joint Light Tactical Vehicles From Oshkosh ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၂၄၈၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်

**ပုတော ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၂၄၈၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၂၄၈၃ ဧကကို ယခုနှစ် ဇူလိုင်လ နောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့်မိုးသီးနှံ ၂၄၈၄ ဧကတွင် မိုးမြေပဲ ၅၆၂ ဧက၊ နှမ်း ၅၀ ဧက၊ ဖူးစားပြောင်း ၂၄၇ ဧက၊ ကြံ ၄၀၊ ပဲစင်းငုံ ၉၀ ဧက၊ ငရုတ်ဧက ၃၀၊ ကွမ်း ၃၀ ဧက၊ ပီလောပီနံဧက ၄၅၀၊ ပန်းအမျိုးမျိုးဧက ၂၀၊ ဟင်းသီးဟင်းရွက် ၈၇၀ ဧက၊ ပိန်းဥ ၈၉ ဧက စုစုပေါင်း ၂၄၈၃ ဧကထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ငရုတ်ကောင်းမြို့မှာ အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီအတွက် သီးနှံစုံ ၂၄၈၃ ဧကကို စိုက်ပျိုးမှာဖြစ်ပါတယ်။ လက်ရှိလျာထားကေတွေအတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ ပြင်ဆင်နေပါတယ်။ စိုက်ပျိုးမဲ့သီးနှံတွေအားလုံး လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေပူးပေါင်းပြီး လိုအပ်တဲ့နည်းပညာနဲ့ အခြားပံ့ပိုးတာတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့သီးနှံတွေ အသီးကောင်းစေရေး၊ အထွက်နှုန်းကောင်းစေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် ဆက်လက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

အဆိုပါ သီးနှံများလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါမိုးသီးနှံများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးလုပ်ငန်းများကို သီးနှံများမစိုက်မီ ကြိုတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မန်တုံမြို့နယ် မန်ပွန်း(ထပ်ချက်)ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မန်တုံ ဇူလိုင် ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့် မန်ပွန်း(ထပ်ချက်)ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမိုင်းအောင်ကျော်လှိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဦးအိုက်ထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းကော်မတီဝင်များ၏တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပြီး တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

မန်တုံမြို့နယ် မန်ပွန်(ထပ်ချက်)ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေ ကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၄)

# ပြည်မြို့နယ် တောင်လုံးညိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပြည် ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်လုံးညိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဇော်နှင့်ဝန်ထမ်းများက တောင်လုံးညိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူးက ကျေးရွာတာဝန်ရှိသူများနှင့် ကျေးရွာကော်မတီဝင်များကို သတ်မှတ်ကာလအတွင်း အတိုးအရင်းငွေများကို အပြေအကျေ ပေးဆပ်နိုင်ရေး အလေးထား ဆောင်ရွက်ပေးရန်၊ အတိုးရရှိငွေများဖြင့် ဆောင်ရွက်ခွင့်ရှိသောဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ပြည်မြို့နယ် တောင်လုံးညိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၂၁၅ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၂၅ သန်းကို ထုတ်ချေးထားကြောင်း သိရသည်။

**ကိုညို**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နိုင်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၂-၇-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ဧည့်ဝိယ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၅၀၀/၈၆၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၀၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၈၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၄၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



ဗိုလ်မှူးချုပ်ခင်မောင်အေး မတူပီတောင်တန်းသာသနာပြုဗဟိုကျောင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်များနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။



ဗိုလ်မှူးချုပ်ဝင်းကိုကို ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆရာ၊ ဆရာမများအတွက် စာရေးကိရိယာနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

**နေပြည်တော် ဇူလိုင် ၂၂**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စေတီယျရပ်ကွက်ရှိ စေတီယျတောင်၌ သာသနိကအဆောက်အအုံများနှင့် ဘုရားစေတီများ အနီးပတ်ဝန်းကျင်နေရာများကို နယ်မြေခံတပ်နယ်မှ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး တိုင်းရင်းဆေးလုပ်ငန်းရှင်များမှ ပေးပို့လှူဒါန်းထားသည့် တိုင်းရင်းဆေးမျိုးစုံအား ပေးဝေခဲ့ကြသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြို့သစ်ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ မီးရထားဆိပ်ရပ်ကွက်ရှိ မြို့မနာရီစင်လမ်းတစ်လျှောက် လမ်းဘေးဝဲယာတို့၌ နယ်မြေခံတပ်နယ်မှ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး အမှတ်(၅)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲသို့ တက်ရောက်ကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ ယင်းနောက် အမှတ်(၅)ရပ်ကွက်အတွင်းရှိ နေအိမ်များ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ တစ်အိမ်တက်ဆင်း လက်တွေ့ကွင်းဆင်းဆောင်ရွက်နေမှုနှင့် မြို့ပေါ်ရပ်ကွက်များအလိုက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ချင်းပြည်နယ် မတူပီမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ခင်မောင်အေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မတူပီတောင်တန်းသာသနာပြု ဗဟိုကျောင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ တက်ရောက်သင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ငွေများပေးအပ်ပြီး ကျောင်းထိုင်ဆရာတော်အား ဆန်၊ ဆီ၊ ဆား၊ ပဲ နှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ တီးတိန်မြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်ဝင်းကိုကိုသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ထေရဝါဒ ဗုဒ္ဓသာသနာပြုဗဟိုကျောင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ တက်ရောက်သင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ငွေများပေးအပ်ပြီး ကျောင်းထိုင်ဆရာတော်အား ဆန်၊ ဆီ၊ ဆား၊ ပဲ နှင့် ခေါက်ဆွဲခြောက်များ ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ စစ်တွေမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်ကျော်မိုးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြည်နယ်စည်ပင်သာယာရေးရုံး အစည်းအဝေးခန်းမ၌ မြို့သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရန်နှင့်ပတ်သက်၍ ပြည်သူလူထုအား တွေ့ဆုံဆွေးနွေးပြီး သဘာဝဘေးအန္တရာယ်ထူထောင်ရေးအတွက် ထပ်မံခွဲဝေရရှိသော ဆန်အိတ်များကို ဒေသခံပြည်သူများအတွက် ထုတ်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အလားတူ ကျောက်တော်မြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်သူဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပိုက်သည်ရပ်ကွက်ရှိ မြို့အဝင်လမ်း၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်၊ ချမ်းမြေ့နဒီစာကြည့်တိုက်နှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းအတွက် သုတ၊ ရသ စာအုပ်၊ စာစောင်များကို ပေးအပ်သည်။

ထို့အတူ ရမ်းဗြဲမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်ဇော်မင်းအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အမှတ်(၆) ရပ်ကွက်ရှိ မြို့တည်ဆုတောင်းပြည့် တန့်ရှင်ပင်စေတီတော် အနီးပတ်ဝန်းကျင်နေရာများကို နယ်မြေခံတပ်မှ တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။ ယင်းနောက် မြို့ပေါ် ခြောက်ရပ်ကွက်ရှိ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ လူနေအိမ်များနှင့် ဈေးဆိုင်များ၌ မိုးရာသီကာလအတွင်း ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါနှင့် ခြင်ကိုက်ခံရခြင်းကြောင့် ဖြစ်ပွားတတ်သည့် အခြားရောဂါများ မဖြစ်ပေါ်စေရန်အတွက် ကြိုတင်ကာကွယ်ရေးအနေဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၂၂**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။



## ဇူလိုင် ၂၂ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦးတွေ့ရှိ

**နေပြည်တော် ဇူလိုင် ၂၂**

ဇူလိုင် ၂၁ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၅၂၅၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် ကိုးဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

| ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၀၉၆၆ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၃၄၃ ဦး |



ဇမ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

✰ ကျောမှုန်းမှအဆက်

ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိသည့်အပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ကျောင်းဖွင့်ရာသီတွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘုံဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းစသည့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်လူရွယ်များစုစည်း၍ "မြို့ရွာသန့်ရှင်းရောဂါကင်း စုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံများ ဝတ်ဆင်ပြီး မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၆) အခြေခံပညာ အလယ်တန်းကျောင်းဝင်းအတွင်း၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ၁၀၀ ကျပ်ဖြင့်ဝယ်ယူ၍ စနစ်တကျအမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



မိုးညှင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် တပ်ရင်း၊တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး နယ်မြေခံ တပ်ရင်း၊ တပ်ဖွဲ့များမှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၂**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် မိုခါမုန်တိုင်းဒဏ်ခံစားခဲ့ရသော ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် ပုသိမ်မြို့စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ၊ တိုင်းရောအစာစပ်စက်ရုံ အစာထုတ်လုပ်နေမှုနှင့် တပ်ရင်း၊တပ်ဖွဲ့များ၌ တပ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကိုလည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက တောင်ကုတ်တပ်နယ်ရှိ နယ်မြေခံ တပ်ရင်း၊တပ်ဖွဲ့များမှ စိုက်ပျိုးမွေးမြူရေးခြံများကိုလည်းကောင်း အသီးသီးသွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၁၃)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၂**

မွန်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၁၃)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး ခန်းမ၌ပြုလုပ်ရာ သီရိမင်္ဂလာဒေါ်လန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဉာဏုတ္တရ အမှူးပြုသော သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဝေဇယန္တာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ပြည်နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တစန္ဒာဘာသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များကို ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် သီရိမင်္ဂလာဒေါ်လန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ အနုမောဒနာ တရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။



မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၁၃)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ပြုလုပ်စဉ်။

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၏ တတိယအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းတို့ တက်ရောက်လာကြသူများ၏ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို ကြည့်ရှု အားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၏ တတိယအကြိမ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ လှော်ကားရေဝေရေလဲဒေသ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာဝန်ထမ်းများကို စိုက်ပျိုးမည့်ပျိုးပင်များ အသီးသီး ပေးအပ်ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရတနာတန်းဝင်ကျွန်းပင်အား ဦးဆောင်စိုက်ပျိုးပြီး တက်ရောက်လာကြသူများ၏ ပျိုးပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၏ တတိယအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ပင် ၇၀၂၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

# ဟိုမိန်းမြို့၊ လင်းခေးမြို့နယ်၊ ကာလိမြို့၊ လဲချားမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့

**နေပြည်တော် ဇူလိုင် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းမြို့၊ လင်းခေးမြို့နယ်၊ ကာလိမြို့၊ လဲချားမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းသည် တိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထိုသို့ တွေ့ဆုံရာတွင် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ထောက်ပံ့ငွေများ၊ ဆန်၊ ရွှေဖီဦး၊ ကြက်ဥများနှင့် စားသောက်ဖွယ်ရာများ အသီးသီး ချီးမြှင့်ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များမှ တာဝန်ရှိသူများက အသီးသီး လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ဟိုပုံးမြို့အဝင် သာယာလှပရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးနေမှုကို ကွင်းဆင်းစစ်ဆေး




**ဟိုပုံး ဇူလိုင် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် စည်ပင်သာယာရေးဌာနက ဟိုပုံးမြို့အဝင် သာယာလှပရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးနေမှုကို ယနေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများက ဟိုပုံးမြို့အဝင် သာယာလှပစေရေးအတွက် မြို့အဝင်ဆိုင်းဘုတ်ဝန်းကျင် ပန်းအလှပင်များ စိုက်ပျိုးနေမှုကို စစ်ဆေးကြပြီး မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးညဏ်လင်းမောင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို လိုက်လံရှင်းလင်းပြသရာ ဒေသဥက္ကဋ္ဌက ဟိုပုံးမြို့ကို မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေးအတွက် မြို့သာယာလှပရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဝိုင်းဝန်းဆောင်ရွက်ကြရန် တာဝန်ရှိသူများကိုမှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဟိုပုံးမြို့ရှိ အထင်ကရနေရာတစ်ခုဖြစ်သော ထန်စမ်းလိုဏ်ဂူသို့ ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်လေ့လာလည်ပတ်လျက်ရှိရာ ခရီးသွားများ အဆင်ပြေချောမွေ့စွာ လာရောက်လည်ပတ်နိုင်စေရေးအတွက် မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန်နှင့် Clean City ၊Green City ဖြစ်စေရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများပူးပေါင်း၍ မြို့သာယာလှပရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း ဟိုပုံးမြို့နယ်စည်ပင်သာယာရေးဌာနမှ သတင်းရရှိသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# လားရှိုးမြို့ မုံရွာမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ သံဃာတော်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

မန္တလေး ဇူလိုင် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၉)ရပ်ကွက်ရှိ အရှေ့ခါးရိုး ပရိယတ္တိစာသင်တိုက်၌ သံဃာတော် ၇၁ ပါးနှင့် ဒေသခံပြည်သူ ၂၆ ဦးတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မန္တလာကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံပြည်သူ ၆၄ ဦးတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနဘွား ရပ်ကွက်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ကျောင်း၌ သံဃာတော် ၁၃၉ ပါးတို့ကိုလည်းကောင်း ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ECG၊Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် လိုအပ်သည့် သံဃာတော်များကို ဆေးကုသရေးအဖွဲ့၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များနှင့် တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မန္တလာကျေးရွာရှိ ဒေသခံပြည်သူများကို နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK S၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက် နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# မြို့တော်သန့်ရှင်း သာယာလှပရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဒဂုံမြို့နယ် အလုံလမ်း(ပြည်လမ်းနှင့်တော်ဝင်လမ်းကြား)ကွန်ကရစ်လမ်းသားတိုးချဲ့ခြင်းနှင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ် ထိန်ပင်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းနှင့် သီးပင်စားပင်စိုက်ခင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများ စိုက်ပျိုးရန်နှင့်မြေလွတ်မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် အကျိုးရှိစွာအသုံးပြုရန် မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အမှိုက်ပုံမှထွက်ရှိသည့် စွန့်ပစ်အမှိုက်များမှ တစ်နေ့လျှင် ငါးတန်ကျမြေဆွေး ထုတ်လုပ်သည့် လုပ်ငန်းခွင်နှင့် ထိန်ပင်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဘဲမွေးမြူရေးခြံတို့သို့ ရောက်ရှိကြပြီး အရည်အသွေးပြည့်မီသည့်မြေဆွေးများ ထုတ်လုပ်နိုင်ရေးနှင့် ပြင်ပသို့ဖြန့်ချိပါက အခြင်အတွယ်ပြည့်မီမှန်ကန်ရေး ဆောင်ရွက်ရန်နှင့် ဘဲကောင်ရေ တိုးချဲ့မွေးမြူရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားမဝင် သစ်မျိုးစုံ၊ အင်ကြင်းကျောက်၊ လူသုံးကုန်၊ စားသောက်ကုန်၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့မှ ချင်းရွှေဟော်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ ဘိလပ်မြေအိတ်များနှင့်အတူ ရောနှောသယ်ဆောင်လာပြီး တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အင်ကြင်းကျောက်ဟု ယူဆရသော ကျောက်တုံး ကီလိုဂရမ် ၁၀၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၁၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၂၁ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်ခရိုင် တရားမဝင်ကုန်ပစ္စည်းများတားဆီးရေးအဖွဲ့က မူဆယ်မြို့ ဆင်ဖြူစစ်ဆေးရေးဂိတ်အကျော် လမ်းဘေးတစ်နေရာတွင် စုပုံထားသော တရားမဝင်အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် MDF BOARD ကီလိုဂရမ် ၂၅၆၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၈၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၂၁ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ကျုံဒိုးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Panda Blue Foam Slipper ဖိနပ် အရန် ၁၃၅၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၅၀၀၀၊ Vee Rubber Motorcycle Tyre with Tube အလုံး ၄၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၂၂၅၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၂၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Lactasoy Soy Milk ဘူး ၅၄၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာနအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့က တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၇၆၃ တန်၊ သစ်မာ သုည ဒသမ ၄၇၀ တန်နှင့် အခြားသစ် ၂ ဒသမ ၃၀၆ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၀၅၇၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ရှစ်မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၇၃၅၇၄ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသတင်းရရှိသည်။ **(သတင်းစဉ်)**





# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ




**နေပြည်တော် ဇူလိုင် ၂၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ပင်လောင်း-အောင်ပန်းသွား ကားလမ်း တီကျစ်ကျေးရွာအုပ်စု နန်းတိုင်းကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မြင့်ခိုင်မောင်းနှင်ပြီး ညွန့်မောင်၊ မမူဗွာချော်နှင့် မသန့်ရှင်းလေးတို့ လိုက်ပါလာသည့် PAJERO အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းစိမ်း ၁၃ ကီလိုကို လည်းကောင်း၊ အလားတူပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၁ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု အလယ်ပိုင်းကျေးရွာ၌ အောင်အောင်ဦးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကို လည်းကောင်း၊ ယင်းနေ့နံနက် ၁၁ နာရီတွင် ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့ အမှတ်(၄)ရပ်ကွက် လေယာဉ်ကွင်းလမ်း၌ အေးစောအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ အိုက်စ် ကိုးကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် အဆိုပါနေရာ၌ လှဝင်းကို TOYOTA VIGO မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဂရိနိုင်ငံ အေသင်မြို့အနီး တောမီးလောင်ကျွမ်းမှု ထိန်းချုပ်နိုင်ခြင်းမရှိသေး



**အေသင် ဇူလိုင် ၂၂**

ဂရိနိုင်ငံ အေသင်မြို့အနီးတွင် ဇူလိုင် ၁၈ ရက်မှစ၍ တောမီးလောင်ကျွမ်းမှု ငါးရက်မြောက်ရှိနေပြီဖြစ်သော်လည်း ထိန်းချုပ်နိုင်ခြင်းမရှိသေးကြောင်း အေသင်မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု TRT သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုမှာ အပူချိန်မြင့်တက်မှုကြောင့် နေရာတစ်နေရာမှ တစ်နေရာသို့ ကူးစက်လောင်ကျွမ်းရာတွင် မြန်ဆန်နေပြီး အေသင်မြို့အနောက်ဘက်ပိုင်းရှိ အာဂျီအိုဆိုတီရာကျေးလက်ဒေသထိ ကူးစက်လောင်ကျွမ်းနေကြောင်း၊ ဒေသခံတချို့ကိုလည်း လိုအပ်လာပါက ဘေးလွတ်ရာရွှေ့ပြောင်းရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရေးအတွက် ညွှန်ကြားချက် ထုတ်ပြန်ထားကြောင်း သိရသည်။

"ငါးရက်တာ ကာလအတွင်း တောမီးလောင်ကျွမ်းမှုတွေ ဆက်တိုက်ဖြစ်ပေါ်နေပြီး ထိန်းချုပ်နိုင်ဖို့ ကြိုးစားနေပါတယ်။ ခြောက်သွေ့ပူပြင်းတဲ့ရာသီဥတုကြောင့် တောမီးဟာ တစ်နေရာကနေတစ်နေရာကို ကူးစက်တဲ့နေရာမှာ တော်တော်လေးကို မြန်ဆန်နေပါတယ်။ လေတိုက်နှုန်းကြောင့်လဲ တောမီးအရှိန်ပြင်းထန်လာပြီးတော့ ထိန်းချုပ်ရခက်လာခဲ့တယ်။ ဒေသခံတွေအနေနဲ့ အထူးသတိထားစောင့်ကြည့်သွားဖို့ လိုအပ်ပါတယ်"ဟု ရာသီဥတုအကျပ်အတည်းဆိုင်ရာ ဝန်ကြီး ကီကီလီယက်စ်က ပြောကြားသည်။

တောမီးကို ထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံတကာ၏အကူအညီကိုရယူထားပြီး ပြင်သစ်၊ ဆိုက်ပရပ်စ်၊ အစ္စရေးနှင့် အီတလီနိုင်ငံတို့မှ မီးသတ်တပ်ဖွဲ့ဝင်တချို့ရောက်ရှိကူညီပေးလျက်ရှိကြောင်း၊ အေသင်မြို့တွင် တောမီးလောင်ကျွမ်းမှုကြောင့် နေအိမ်နှင့် စီးပွားရေးအခြေခံအဆောက်အအုံ ၁၀၀ ကျော်ထိ မီးလောင်ပျက်စီးခဲ့ပြီး ဒေသခံအမြောက်အမြား ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

**ခိုင်းဆက်**

## အိန္ဒိယတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရပ်နားထားသည့်ကယ်ဆယ်ရေးလုပ်ငန်းများ ပြန်လည်စတင်

**နယူးဒေလီ ဇူလိုင် ၂၂**

အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရာ့ရှ်ထရာပြည်နယ်တွင် ဇူလိုင် ၁၉ ရက်ညပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများဖြစ်ပွားခဲ့သဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက် ညပိုင်းက မိုးသည်းထန်စွာဆက်လက်ရွာသွန်းမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ခေတ္တရပ်နားခဲ့ရပြီး ဇူလိုင် ၂၁ ရက်တွင် လုပ်ငန်းများ ပြန်လည်စတင်ခဲ့ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်များကို ကိုးကား၍ China Daily သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရာ့ရှ်ထရာပြည်နယ်တွင် ဇူလိုင် ၁၉ ရက်ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလူဦးရေ ၂၀ သေဆုံးခဲ့ပြီး အပျက်အစီးများကြားတွင် လူများပိတ်မိနေဖွယ်ရှိရာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဇူလိုင် ၂၀ ရက်က မိုးသည်းထန်စွာဆက်လက်ရွာသွန်းနေသဖြင့် ညပိုင်းတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ခေတ္တရပ်နားခဲ့ရပြီး ဇူလိုင် ၂၁ ရက် နံနက်ပိုင်းမှစ၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ပြန်လည် စတင်လျက်ရှိကြောင်း ပြည်နယ်ဒုတိယဝန်ကြီးချုပ် ဒီဗန်ဒြာဖက်နာဗစ်က ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။

ဇူလိုင် ၁၉ ရက်က ဖြစ်ပွားခဲ့သော မြေပြိုမှုအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်နိုင်ရန်အတွက် လေ့ကျင့်ပေးထားသော တပ်ဖွဲ့ဝင်အများအပြားကို ဖြန့်ကြက်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

အဆိုပါမြေပြိုမှုသည် မဟာရာ့ရှ်ထရာပြည်နယ် ရိုင်းဂတ်ခရိုင်အတွင်းရှိ ရစ်ရှာဝတီကျေးရွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အိမ်ခြေ ၅၀ အနက် နေအိမ် ၁၇ လုံးမှာ မြေပြိုမှုအတွင်း နစ်မြုပ်ခဲ့ကြောင်း၊ မြေပြိုမှုအတွင်း လူ ၇၅ ဦးကို ရှာဖွေကယ်တင်နိုင်ခဲ့သော်လည်း အခြားအများအပြား ပိတ်မိနေဖွယ်ရှိကြောင်း၊အပျက်အစီးများကိုဖယ်ရှားရန် စက်ယန္တရားကြီးများ အလွယ်တကူရွှေ့ပြောင်းနိုင်ခြင်းမရှိသောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ခက်ခဲစေလျက်ရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့မှ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။ AZH



## တောင်ကိုရီးယားနိုင်ငံတွင် ရေကြီးရေလျှံမှုတည်ငြိမ်သွားပြီဖြစ်သော်လည်း ကယ်ဆယ်ရေးစခန်းမှ ဒေသခံဦးရေ ၂၂၀၀ ကျော်ကို နေရပ်ပြန်ခွင့်မပြုသေး

**ဆိုးလ် ဇူလိုင် ၂၂**

တောင်ကိုရီးယားနိုင်ငံတွင် ရေကြီးရေလျှံမှု တည်ငြိမ်သွားပြီဖြစ်သော်လည်း ဒေသတချို့တွင်ရေကြီးရေလျှံမှုမှာ စောင့်ကြည့်သွားရမည့် အခြေအနေ ဖြစ်သောကြောင့် ဒေသခံဦးရေ ၂၂၀၀ ကျော်ကို နေရပ်သို့ပြန်ခွင့်မပြုသေးဘဲ ကယ်ဆယ်ရေးစခန်းများ၌သာ ဆက်လက်နေထိုင်သွားရန် တောင်ကိုရီးယား အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Korea Herald သတင်းဌာနက ဇူလိုင် ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မြောက်ချော်ဆန်စီရင်စုတွင် ပြီးခဲ့သောရက်သတ္တပတ်က ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ဒေသခံဦးရေ ၁၈၀၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံများကို ယီချန်ဒေသရှိ စာသင်ကျောင်းများနှင့် အားကစားခန်းမများတွင် ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ နေရာချပေးခဲ့ကြောင်း၊ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် သေဆုံးသူ ၄၇ ဦးရှိခဲ့ပြီး ပျောက်ဆုံးနေသူ လေးဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၃၅ ဦးထိရှိနေကြောင်း ဘေးအန္တရာယ်နှင့်ဘေးကင်းရေး တန်ပြန်ဆောင်ရွက်မှုစင်တာက ထုတ်ပြန်ခဲ့သည်။

ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုတို့ကြောင့် ပျက်စီးခဲ့သောစိုက်ပျိုးမြေပမာဏမှာလည်း ဧက ၃၄၀၀၀ ကျော်ထိရှိနေပြီး ၎င်းပမာဏသည် တောင်ကိုရီးယားနိုင်ငံ၏ မြို့တော်ဖြစ်သည့် ဆိုးလ်မြို့တော်ဧရိယာ၏ ထက်ဝက်ခန့်ထိရှိကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသော နေအိမ် ၆၀၀ ကျော်ရှိပြီး ပျက်စီးခဲ့သည့်နေအိမ် ၁၃၆ လုံးရှိခဲ့ကြောင်း၊ တာတမံ ၂၅၅ ခုနှင့် လမ်း ၁၄၆ လမ်းထိပျက်စီးခဲ့ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်ယူ၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

ရေဘေးအန္တရာယ်နှင့် မြေပြိုကျမှုအခြေအနေ တည်ငြိမ်ပြီဖြစ်သော်လည်း ယာယီပိတ်ထားရသည့် လမ်းပေါင်း ၂၁၂ လမ်းရှိပြီး သွားလာခွင့်ပိတ်ပင်ထားသည့် နေရာပေါင်း ၆၁၃ နေရာထိရှိနေကြောင်း ဘေးအန္တရာယ်နှင့် ဘေးကင်းရေးတန်ပြန်ဆောင်ရွက်မှုစင်တာက ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

## ကနေဒါနိုင်ငံ နိုဗာစကော့တီယာပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွား

**အော့တဝါ ဇူလိုင် ၂၂**

ကနေဒါနိုင်ငံ နိုဗာစကော့တီယာပြည်နယ်တွင် ဇူလိုင် ၂၁ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပွားနေကြောင်း နိုဗာစကော့တီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု CTV News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မိုးသက်လေပြင်းကျရောက်ခဲ့ခြင်းဖြစ်ပြီး မိုးရေချိန်မှာ တစ်နာရီလျှင် မီလီမီတာ ၃၀ မှ မီလီမီတာ ၅၀ ထိ မြင့်တက်ခဲ့ကြောင်း၊ မိုးရွာသွန်းမှုသည် မော်တန်ဆိပ်ကမ်းမှ တစ်ဆင့် ဖောမြစ်ဝှမ်းထိ တောက်လျှောက်ရွာသွန်းခဲ့ခြင်းဖြစ်ပြီး မိုးရေချိန်မှာ မီလီမီတာ ၁၀၀ ထိ စံချိန်တင်မြင့်တက်ဖွယ်ရှိနေကြောင်း ကနေဒါ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

နိုဗာစကော့တီယာပြည်နယ်ရှိ ကမ်းခြေဒေသများတွင် ရေကြီးရေလျှံမှုအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားပြီး လမ်းမကြီးတချို့ကို ယာယီပိတ်ထားကြောင်း နိုဗာစကော့တီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

လက်ရှိ ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံး ရင်ဆိုင်နေရသည့်နေရာမှာ ဟာလီဖက်ဒေသဖြစ်ပြီး ဒေသခံတချို့ကို လိုအပ်လျှင် ဘေးလွတ်ရာ ရွှေ့ပြောင်းရန်အတွက် ကြိုတင်ပြင်ဆင်မှု ပြုလုပ်ထားရန် ညွှန်ကြားထားကြောင်း နိုဗာစကော့တီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

မိုးလေဝသ ကြိုတင်ခန့်မှန်းချက်အရ ဂိုင်းဘိုရောက်နယ်မြေ၌ ဇူလိုင် ၂၄ ရက်တွင် မိုးရေချိန်မှာ မီလီမီတာ ၁၀၀ ထိ မြင့်တက်ဖွယ်ရှိနေသည့်အတွက် ဆိုးရွားသည့် ရေဘေးအန္တရာယ်ဖြစ်လာနိုင်ကြောင်း သိရသည်။

မိုးရေချိန် မြင့်တက်နေခြင်းကြောင့် ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားသောဒေသများမှာ ဟာလီဖက်ဒေသအပြင် ဟောကီဘူရီဒေသ၊ စီကမ်ဒေသနှင့် လီဗာပူးဒေသတို့ဖြစ်ကြောင်း ကနေဒါမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

## ဆားဘီးယားနိုင်ငံတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လူဦးရေ ၄၀ ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရပြီး လူအများအပြားကို ဆေးရုံတင်ထားရ

**ဘဲလ်ဂရိတ် ဇူလိုင် ၂၂**

ဆားဘီးယားနိုင်ငံတွင် ဇူလိုင် ၁၉ ရက်က အင်အားပြင်းမုန်တိုင်းတစ်ခုတိုက်ခတ်မှုကြောင့် လူဦးရေ ၄၀ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး လူအများအပြားကို ဆေးရုံတင်ထားရကြောင်း အရေးပေါ်အခြေအနေတုံ့ပြန်ရေးဌာန၏ ထုတ်ပြန်ချက်များကို ကိုးကား၍ EURACTIV.Com သတင်းဌာနက ဇူလိုင် ၂၁ ရက်တွင် ရေးသားဖော်ပြထားသည်။

ဆားဘီးယားနိုင်ငံတွင် ဇူလိုင် ၁၉ ရက် ညနေပိုင်းက တိုက်ခတ်ခဲ့သောမုန်တိုင်းသည် အလွန်ပြင်းထန်ပြီး နိုင်ငံအတွင်း မကြုံဖူးကြောင်း ဒေသခံများက လူမှုကွန်ရက်ပေါ်တွင် မျှဝေခဲ့ကြပြီး ယနေ့ထိ မိုးကြိုးမုန်တိုင်းများနှင့် စူပါဆဲလ်တိမ်တိုက်များ ဆက်လက်ဖြစ်ပေါ်ခဲ့ကြောင်း မိုးလေဝသကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

မုန်တိုင်းကြောင့် သစ်ပင်များလဲပြိုခြင်းနှင့် အိမ်ခေါင်မိုးအစိတ်အပိုင်းများ လမ်းများပေါ်သို့ ကျရောက်ခဲ့ခြင်းကြောင့် လူဦးရေ ၄၀ ကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရပြီး ဒဏ်ရာရသူအများအပြားကို ဆေးရုံသို့ ပို့ဆောင်ထားရကြောင်း အရေးပေါ်အခြေအနေတုံ့ပြန်ရေးဌာနက ဇူလိုင် ၂၁ ရက်တွင် အတည်ပြုခဲ့သည်။

မုန်တိုင်းကြောင့် လူသေဆုံးမှုမရှိခဲ့သော်လည်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းများတွင် ကြီးမားစွာ ထိခိုက်ခဲ့ကြောင်း၊ အပျက်အစီးများကို ရှင်းလင်းရန် အရေးပေါ်အခြေအနေတုံ့ပြန်ရေးဌာနမှ ဝန်ထမ်းများအပြင် မီးသတ်သမား ၅၀၅ ဦး ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါမုန်တိုင်းသည် ခရိုအေးရှားနိုင်ငံအလယ်ပိုင်း၊ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား၊ ဆလိုဗေးနီးယားနိုင်ငံတို့တွင်လည်း ဆက်လက် တိုက်ခတ်လျက်ရှိကြောင်း သိရသည်။

AZH

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# အတွက်ခက်သောပုစ္ဆာများ

ဝင်းမင်း(ဖန်ခါးမြေ)




(၁)

အလုပ်နားရက် ညနေခင်းတိုင်း ကျွန်တော်၊ ကိုမျိုးကြီးနှင့် စည်သူတို့ ရပ်ကွက်ထဲက အေးချမ်းရိပ် ကဖေးမှာ ဆုံဖြစ်လေ့ရှိကြသည်။ ကျွန်တော်တို့ သုံးယောက် စာပေဝါသနာပါကြသူများဖြစ်၍ ပြောသည့် စကားအကြောင်းအရာများက စာအုပ်များ အကြောင်းသာများသည်။ သုံးယောက်ထဲတွင် ကျွန်တော်က စာဖတ်ရုံနှင့်အားမရတော့၍ စာတိုပေစလေးများရေးနေပြီ။

"ကိုလင်းခေတ် တစ်ယောက်တည်းလား၊ ဟိုအစ်ကိုတွေ မရောက်သေးဘူးလား"ဆိုင်မှ စားပွဲထိုးကောင်လေး ကျော်စွာက မေးနေခြင်းဖြစ်သည်။

"ဟုတ်တယ် ညီ၊ သူတို့ နည်းနည်းနောက်ကျမယ်ပြောတယ်"

"ပေါ့စိမ့်နော် အစ်ကို" ကျော်စွာကို လင်းခေတ် ခေါင်းညိတ်ပြလိုက်သည်။ အနည်းငယ်ညစ်ထည်းထည်းနိုင်လှသော စပို့ရှပ်အင်္ကျီနှင့် ဂျင်းဘောင်းဘီကွာတား ဖြူရော်ရော်ကို ဝတ်ဆင်ထားသောကျော်စွာ၏အသက်မှာ ခန့်မှန်းခြေ ဆယ့်တစ်နှစ်ခန့်သာ ရှိဦးမည်။ အသားနက်ခြောက်ခြောက်၊ ပိန်ပါးပါး၊ မျက်လုံးပြူးပြူးနှင့် ကျော်စွာမှာ အလွန်သွက်လက်ချက်ချာသော ကောင်လေးဖြစ်သည်။ တစ်ရက်သားနေ့လယ်ခင်း ကျွန်တော်တို့ ဆိုင်မှာထိုင်နေချိန် လူပါးသည်နှင့် ဆိုင်ထောင့်တွင် ငိုက်မျဉ်းနေသော ကျော်စွာကို ခင်မင်ရင်းစွဲရှိခြင်းကြောင့် သူ့အကြောင်းကို ခေါ်မေးဖူးခဲ့သည်။

"ကျော်စွာ မင်းဒီမြို့ကလားကွ"

"မဟုတ်ဘူးအစ်ကို၊ စကုဘက်ကပါ"

"မင်းအသက်အရွယ်လေးနဲ့ ဆိုင်မှာလာပြီး အလုပ်လုပ်နေတာ ကျောင်းမနေချင်ဘူးလားကွ"

"ဘယ်လိုပြောပါလိမ့် အစ်ကိုရာ၊ နေချင်တာပေါ့။ ဒါပေမဲ့ ကျွန်တော်တို့က မောင်နှမတွေများတော့ မိဘတွေက ကျောင်းမထားနိုင်ဘူးဗျ။ ကျွန်တော့်အောက်မှာ ညီလေးနှစ်ယောက်၊ ညီမလေးတစ်ယောက် ရှိတယ်ဗျ။ ကျွန်တော့်အထက်မှာက အစ်မတစ်ယောက်ရှိတယ်။ အစ်မလဲ ကျွန်တော်တို့မြို့က လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုးလုပ်နေတာပဲဗျ။ အစ်မလုပ်တဲ့ဆိုင်က လူပြည့်နေတာနဲ့ ကျွန်တော် ဒီရောက်လာတာ"

"မင်းမိဘတွေကကော ဘာလုပ်ကြလဲ"

"အမေက ရပ်ကွက်ထဲမှာအဝတ်လိုက်လျှော်တယ်။ အဖေကတော့ ဘာမှ မလုပ်ပါဘူးဗျာ။ အရက်နာကျနေလေရဲ့"

သူ့အဖေအကြောင်းပြောတော့ ကျော်စွာ့မျက်နှာက အနည်းငယ်တင်းသွားသယောင်။

"ဒီအလုပ်ကကော လစာဘယ်လောက်ရလဲညီ"

"ဝင်ခါစက နေစားစရိတ်ငြိမ်း ရှစ်သောင်း၊ မနက်စာတော့ မပါဘူးပေါ့။ အခုတော့ တစ်သိန်းပေးပါတယ်အစ်ကို"

"အလုပ်က စားပွဲထိုးရုံပေါ့"

"ဘယ်ဟုတ်ပါ့မလဲ အစ်ကိုရာ၊ မနက်ဆို လေးနာရီခွဲထ၊ ဆိုင်တွင်း၊ ဆိုင်ရှေ့ ရေဖျန်း၊ တံမြက်လှည်း၊ စားပွဲခုံ၊ ထိုင်ခုံခင်း၊ တစ်ခါတလေ ဆိုင်အတွက်လာပို့တဲ့ပစ္စည်းတွေကို ကူချပေးနဲ့ နားရတယ်မရှိပါဘူးဗျာ။ နေ့လယ်နေ့ခင်း အခုလို ညည်သည်ရှင်းမှ ခဏတဖြုတ်နားရတယ်။ ဒါတောင် ဆိုင်ကို ပါဆယ်အော်ဒါမှာတာရှိရင် သွားပို့ပေးရတယ်။ မနက်နဲ့ညည်သည်စည်ချိန်ကတော့ အစ်ကိုတို့မြင်တဲ့အတိုင်းပဲ"

ကျော်စွာပြောသည်များကို နားထောင်ရပြီး ငွေတစ်သိန်းရရန် အတော်ပင်ပန်းသည်ဟု ကျွန်တော်တွေးလိုက်မိသည်။

သားသမီးများအပေါ် ကျောင်းနေအရွယ်မှ ဘွဲ့ရ၊ အလုပ်ရသည်ထိ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် ပြုစုပျိုးထောင်ပေးခဲ့၊ တာဝန်ကျေပွန်ခဲ့သော အဖေနှင့်အမေ၏ ကြီးမားသောကျေးဇူးတရားတို့ကို ရင်ထဲအောက်မေ့မိသည်။ မိဘများ တာဝန်မကျေလျှင် သားသမီးများပင်ပန်းဆင်းရဲ၊ လူနင်းဖတ်ဖြစ်ရပ့ါလား။

(၂)

"ကိုလင်းခေတ် လက်ဖက်ရည်ရပါပြီဗျာ"

ကျော်စွာလက်ဖက်ရည်လာချမှ အတွေးစ ပြတ်သွားသည်။ စည်သူနှင့်ကိုမျိုးကြီးကလည်း ရောက်မလာသေး။ ဆိုင်ဝန်းကျင်တွင် မှောင်စပျိုးလာသည်နှင့်အမျှ ဆိုင်ထဲတွင် လူပိုကျလာသည်။ စားပွဲထိုးလေး သုံးယောက်မှာလည်း ဟိုဝိုင်းကူး၊ သည်ဝိုင်းကူးနှင့် လွန်းထိုးနေသည်။ ကျွန်တော်လည်း ကိုမျိုးကြီးတို့ ရောက်မလာသေးသည်နှင့် ဆိုင်ထဲရှိတီဗီတွင် ပြသနေသော အိန္ဒိယဇာတ်လမ်းဆီသို့ အာရုံရောက်သွားသည်။ ဇာတ်လမ်းက အက်ရှင်ကားဖြစ်၍ ကြည့်ကောင်းနေသည်။ အိန္ဒိယအက်ရှင်ကားများကလည်း ဇာတ်ဝင်ခန်းများ ပီပြင်လှသည်။ အပြင်မှာ တကယ်ဖြစ်နေသလိုမျိုး ရိုက်ချက်များက သိပ်ကောင်းသည်။ ထိုအချိန်တွင် ကျွန်တော်ထိုင်သည့် စားပွဲဝိုင်းနှင့် ငါးပေအကွာ ကျွန်တော့်ရှေ့မှမြင်ကွင်းကြောင့် ကျွန်တော့် အတော်စိတ်မကောင်းဖြစ်ရပြီး ရင်ထဲလည်း နောက်ကျိသွားမိသည်။ ဒေါသလည်း ဖြစ်မိသွားသည်။

"ဖြောင်း"

စားပွဲထိုးရင်းနှင့် အိန္ဒိယဇာတ်လမ်း ငေးကြည့်နေသော ကျော်စွာကို ဆိုင်ရှင် ကိုတင်စိုးက ဇက်ပိုးကို ဖြောင်းခနဲရိုက်ချလိုက်ခြင်းပါ။ ကိုတင်စိုးက အရပ်ငါးပေရှစ်လက်မခန့်ရှိပြီး လူကခပ်ဝဝဖြစ်၍ လူထွားတစ်ယောက်ဟု ပြော၍ရသည်။ သူ့အားကြီးနှင့် အရိုက်ခံရသည့် ကျော်စွာခမျာ တစ်ပတ်လည်ထွက်ပြီး ဖင်ထိုင်ကျသွားသည်။ တီဗီထဲကလာသည့် ဇာတ်လမ်းသံမှလွဲပြီး ဆိုင်ထဲမှ လက်ဖက်ရည်သောက်သုံးသူများ၏အသံမှာလည်း မီးကိုရေနှင့်ငြိမ်းလိုက်သကဲ့သို့ ရုတ်တရက် ဆိတ်ငြိမ်သွားသည်။

(၃)

"ဟော့ကောင် မင်းအလုပ် မင်းသိလေကွာ။ ဒီလောက် လူတွေကျနေတာတောင် ဇာတ်လမ်း ငေးချင်သေးတယ်၊ မင်းတော့ နာတော့မယ်"

နာတော့မယ်လို့ ကိုတင်စိုးပါးစပ်က ပြောနေသော်လည်း ကျော်စွာက နာနေပါပြီ။ ရှိုက်သံတစ်ဝက်နှင့်အတူ သူ့ဇက်ပိုးကိုပွတ်ရင်း ကျော်စွာလဲကျရာမှ ထလာသည်။ ပါးပေါ်မှ စီးကျလာသည့်မျက်ရည်များကို ညစ်ထည်းနေသော တီရှပ်အင်္ကျီအောက်နားစဖြင့် သုတ်နေသည်။ ပြီးတော့ နာကျင်နေသောဇက်ပိုးလေးကို လက်တစ်ဖက်နှင့်ပွတ်ရင်း ရေနွေးလျော့၊ မလျော့ စားပွဲဝိုင်းမှ ဓာတ်ဘူးများကို လိုက်စမ်းကြည့်နေသည်။ ကျော်စွာအဖြစ်ကိုကြည့်ပြီး ကျွန်တော် စိတ်မကောင်းဖြစ်မိသည်။ ဆိုင်ရှင် ကိုတင်စိုးကိုလည်း မကျေမနပ်ဖြစ်ရသည်။ ကလေးငယ်တစ်ယောက်ကို သည်လောက်ထိ မရိုက်သင့်ဟုထင်သည်။ ဇာတ်လမ်းငေးမိခြင်း အပြစ်ဆိုလျှင်လည်း ပါးစပ်ကသာ ဆုံးမသင့်သည်။ တကယ်တော့ ကျော်စွာက ကိုတင်စိုးသားနှစ်ယောက်ထက်ပင် အသက်ငယ်သေးသည်။ မိသားစုစားဝတ်နေရေးအရ အလုပ်လာလုပ်နေရသော်လည်း သူ့အရွယ်လေးက ကလေးသာသာပင်ရှိသေးသည်။ ပြည့်စုံကြွယ်ဝသည့် မိဘများ၏ သူ့အရွယ်ကလေးများဆိုလျှင် သည်အချိန် ထမင်းစားပြီး တီဗီကြည့်ချင်ကြည့်မည်၊ ဖုန်းကြည့်ချင်ကြည့်မည်၊ ဆော့ကစားချင် ကစားနေပေလိမ့်မည်။ မိဘရင်ခွင်တွင် ဆိုး၍နွဲ့၍ကောင်းသော အရွယ်လေးပင် ရှိပါသေးသည်။ မျက်စိအောက်တွင် မတရား သောမတရားမှု၊ အနိုင်အထက်ကျင့်မှုတစ်ခုကို တွေ့မြင်နေရသော်လည်း ကျွန်တော်တို့အားလုံး ကိုယ်နှင့်မဆိုင်သလို နေစိမ့်နေကြသည်။ ကလေးသူငယ် ဥပဒေရှိသော်လည်း မည်သူမျှ ကိုယ့်အလုပ်ပျက်ခံပြီး ဆိုင်ရှင်ကိုတင်စိုးကို နာကျင်စေမှုဖြင့် တရားစွဲဆိုကြမည်မထင်။ တရားစွဲဆိုမည့်သူပေါ်လာစေဦး ကျော်စွာ၏မိဘများက သူ့သားအလုပ်ပြုတ်မည်ကိုကြောက်၍ အစွဲခံပ့ါမလား။ ဆိုင်ရှင်ကိုတင်စိုးက ကျော်စွာ၏မိဘများကို လက်သိပ်ထိုးလိုက်လျှင်လည်း မတောက်မီကငြိမ်းမည့် မီးခဲကဲ့သို့ဖြစ်သွားနိုင်သည်။

(၄)

"ဟူး"

ရင်လေးစွာ သက်ပြင်းတစ်ချက် ချလိုက်မိသည်။ ကျော်စွာ့အဖြစ်မျိုးနှင့် ဆက်စပ်ပြီး သည်နိုင်ငံတွင် အနိုင်ကျင့်ခံနေရသော ကလေးလုပ်သားများ အဘယ်မျှရှိနိုင်မည်ကို မတွေးဆနိုင်။ ဖေ့စ်ဘွတ်၊ ဂျာနယ်များတွင် အနှိပ်စက်ညှဉ်းပန်းခံရသောကလေးလုပ်သားများ၏ အဖြစ်အပျက်များကိုလည်း မကြာခဏ တွေ့နေရသည်။ အပြင်လက်တွေ့တွင်တော့ လူမသိသူမသိအဖြစ်များ အများကြီးရှိနိုင်သည်။ အေးချမ်းရိပ်ကဖေးဆိုင်ထဲတွင် ထိုင်နေသော်လည်း ကျွန်တော့်စိတ်သည် မအေးချမ်းနိုင်တော့ပါ။ ပေါ့စိမ့်သည်လည်း ရင်ထဲက လေးလံမှုကို မဖျက်ပစ်နိုင်။ ကိုမျိုးကြီးဆီကို ကျွန်တော်ဖုန်းဆက်လိုက်သည်။

"ကိုမျိုးကြီး ကျွန်တော် နေသိပ်မကောင်းချင်လို့ ပြန်တော့မယ်နော်၊ စည်သူကိုလဲ ပြောလိုက်ပါအုံး"

အိမ်ပြန်လမ်းတစ်လျှောက် ရှိုက်သံတစ်ဝက်နှင့် မျက်ရည်သုတ်နေသော ကျော်စွာ့မျက်နှာက ကျွန်တော့်မျက်စိထဲက မထွက်။ ကိုယ့်ကိုယ်ကိုယ်လည်းအပြစ်မကင်းသလို ခံစားရသည်။ အဖြေရှာရန် မလွယ်ကူသော သင်္ချာပုစ္ဆာတစ်ပုဒ်ကို အိမ်စာပေးခံလိုက်ရသည့် ကျောင်းသားတစ်ယောက်ကဲ့သို့ ကျွန်တော့်ရင်ထဲ မွန်းကျပ်နေသလိုမျိုး ခံစားရသည်။

အေးချမ်းရိပ်ကဖေးကို ကျွန်တော် ခြေဦးမလှည့်ဖြစ်တော့ပါ။ ကိုယ့်ထက်နိမ့်ပါးငယ်ရွယ်သည့် ကလေးငယ်တစ်ဦးကို အနိုင်ကျင့်သည့် ဆိုင်ရှင်ကိုတင်စိုးကို မေတ္တာမဲ့သွားခြင်းပါသလို မြေနိမ့်ရာလှံစိုက်နေသည်ကို မြင်ခဲ့လျက်သားနှင့် ဘာမှလုပ်မပေးနိုင်ခဲ့ခြင်းကို လိပ်ပြာမလုံသောကြောင့် ကျော်စွာ့မျက်နှာကို ရင်မဆိုင်ဝံ့၍လည်း ပါသည်။ ထို့ကြောင့် အေးချမ်းရိပ်ကို ကျွန်တော် ကျောခိုင်းခဲ့ပါသည်။

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၅၅၈၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံ နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ကျွန်းလှ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၅၅၈၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံဧက ၇၃၃၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဆီထွက်သီးနှံ ၅၅၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆီထွက်သီးနှံ စိုက်ပျိုးမှုက တိုးတက်မှုရှိပါတယ်။ စားသုံးဆီဖူလုံဖို့နဲ့ ဆီထွက်သီးနှံတိုးတက်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့နဲ့ တစ်ဧကအထွက်နှုန်းကောင်းမွန်ဖို့ တောင်သူတွေနဲ့ ဆွေးနွေးနေပါတယ်။ ဒီနှစ် ကျွန်းလှမြို့နယ်မှာ ဆီထွက်သီးနှံဧက ၇၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာမှာ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ"ဟု မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ်တွင် ဆီထွက်သီးနှံကို မြေပဲဧက ၇၂၇၀ နှင့် နေကြာဧက ၆၀ စိုက်ပျိုးရန်လျာထားပြီး ယနေ့ထိ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၅၅၆၅ ဧကနှင့် နေကြာ ၂၃ ဧက စုစုပေါင်း ၅၅၈၈ ဧကဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် မေလမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဆီထွက်သီးနှံ ဧက ၇၂၇၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးရန်အတွက် နည်းပညာများဆောင်ရွက်ပေးနေကြောင်း သိရသည်။

(၂၀၆)

# သံတောင်ကြီးမြို့နယ် ရွှေနန်းကလေးကျေးရွာနှင့် ရွှေနန်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**သံတောင်ကြီး ဇူလိုင် ၂၂**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေနန်းကလေးကျေးရွာနှင့် ရွှေနန်းကြီးကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ရွှေနန်းကလေးကျေးရွာနှင့် ရွှေနန်းကြီးကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

အဆိုပါ ရွှေနန်းကလေးကျေးရွာနှင့် ရွှေနန်းကြီးကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း နှစ်ရွာတစ်ယူနစ်ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပထမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၅၁ ဦးကို ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံမှ သိရသည်။

**သုသု**



# မူဆယ်မြို့နယ် ဖန်အွမ်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မူဆယ် ဇူလိုင် ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်မည့် မုံပေါ်ကျေးရွာအုပ်စု ဖန်အွမ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မူဆယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်စင်စိုးက VDPစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မူဆယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးသန့်စင်စိုးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြသည်။

မူဆယ်မြို့နယ် ဖန်အွမ်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာက ရွေးချယ်ထားသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မူဆယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်စင်စိုးထံမှ သိရသည်။

**မြတ်ဆု**

## ကောက်စိုက်ချိန် အညာပန်းချီ

\- တိမ်ညိုတွေ တစ်ထပ်းတစ်ပိုးနဲ့
အရမ်းဖြိုးလို့ သည်းပြီဆို၊
ဖိုးတောင်သူ လယ်ထဲမှာ
ထယ်စွဲလို့ ကြို၊
ထယ်နဲ့ခွဲ ထွန်နဲ့ဖြို
ရွှံ့ညွန်ကို မွှေကာနှောက်၊
တို့တောလယ် တမန်းအိဖို့
ရှိသမျှ အားကုန်သုံး
ရုန်းကန်ဖို့ရောက်။

\- ပျိုးပင်တွေ ခင်းတစ်မောက်
ပေါက်ရောက်တဲ့ လုပ်ခင်းဝင်၊
တောင်သူမေ ပျိုးနုတ်တော့
ချိုးဘုတ်သံလွင်၊
ကျေးငှက်တေး ထောင်နားဆင်
ပျိုးပင်တွေ ပွေ့ပိုက်ထမ်း၊
မိုးစိုစို တွယ်ဆင်းရပေါ့
လယ်ကွင်းပေါက်လမ်း။

\- ပျိုးပင်တွေ စိမ်းစိုလန်းဖို့
မျှော်မှန်းလို့ စိုက်ကြပြီ၊
ကောက်ညှင်းပူ အတူစားပါစို့
နားချိန်အမီ၊
စားသောက်ရင်း စနောက်သည်
ရွှင်ကြည်ဖွယ် ရယ်ရယ်မော၊
ကျေးသံစုံ ငြိမ်းနွဲ့ပါပေါ့
စိမ်းလဲ့လဲ့တော။

\- တို့တောင်သူ ဘယ်မမော
မြေချောချော မိုးစိုစို၊
တောရွာမှာ စဉ်မပန်း
ရွှင်လန်းလို့ကို၊
အနောက်တောင်က တိမ်တန်းညို
ဖျန်းကြိုကာ သဲသဲမဲ၊
တောင်သူ့လယ် ပျိုးပင်ပေါင်းမှာဖြင့်
အိုကွယ်. . .
ကောင်းခဲ့ပြီပဲ။ ။

**လွမ်းလေးကို(သရက်)**

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# စီးပွားရေးဖွံ့ဖြိုးမှုအတွက် တရုတ်နှင့်ညှိနှိုင်းရန်လိုအပ်လာသော အမေရိကန်

တရုတ်အစိုးရသည် အမေရိကန်ဘဏ္ဍာရေးဝန်ကြီး ဂျာနက်ယက်လင်း၏ ဇူလိုင် ၆ ရက်မှ ၉ ရက်ထိ ပေကျင်းခရီးစဉ်အတွင်း အမေရိကန်အစိုးရအား ချစ်(ပ်)ပြားပို့ကုန်များအပေါ် တားမြစ်ချက်ကို ရုပ်သိမ်းပေးရေးအပါအဝင် အချက်ငါးချက်ကို ဖြေလျှော့ပေးရန် တောင်းဆိုခဲ့သည်ဟုဆိုသည်။ တရုတ်နိုင်ငံအနေဖြင့် စည်းကြပ်ခွန်ထပ်ဆောင်းကောက်ခံမှုများ၊ ကုမ္ပဏီများအပေါ် ပိတ်ဆို့မှုများ၊ ရင်းနှီးမြှုပ်နှံမှုကန့်သတ်ခြင်းများ၊ ပြည်ပပို့ကုန်ထိန်းချုပ်မှုများနှင့် ရှင်ကျန်းထုတ်ကုန်များအပေါ် အမေရိကန်၏ ပိတ်ဆို့နေမှုများအပေါ် စိုးရိမ်ပူပန်မိကြောင်း ယက်လင်းကို ထုတ်ဖော်ပြောကြားခဲ့သည်ဟု တရုတ်ဘဏ္ဍာရေးဝန်ကြီးဌာနက ဇူလိုင် ၁၀ ရက်တွင် ထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

တရုတ်နိုင်ငံသည် ယက်လင်းကို စီးပွားရေးဆိုင်ရာအရေးပါသောပုဂ္ဂိုလ်များနှင့် တွေ့ဆုံနိုင်ရန် စီစဉ်ပေးခဲ့ကြောင်း၊ ပေကျင်းအနေဖြင့် ယက်လင်း၏ ခရီးစဉ်အတွင်း အရေးပါသောအရာများစွာကိုလုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ဝါရှင်တန်အနေဖြင့် တရုတ်နိုင်ငံကို ၎င်းတို့၏ ချေးငွေစာချုပ်များကို ဝယ်ယူပေးရန် ဆန္ဒရှိနေကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယက်လင်းသည် တရုတ်နိုင်ငံသို့ လာရောက်သည့် လေးရက်ကြာခရီးစဉ်အတွင်း ဝန်ကြီးချုပ်လီကျင်း၊ ဒုတိယဝန်ကြီးချုပ် ဟက်လီဖန်း၊ ဘဏ္ဍာရေးဝန်ကြီး လျူကွန်နှင့် တရုတ်ပြည်သူ့ဘဏ် အတွင်းရေးမှူး ဖန်ဂွန်ရှန်တို့အပြင် ဒုတိယဝန်ကြီးချုပ်ဟောင်း လျူဟဲနှင့် တရုတ်ပြည်သူ့ဘဏ် အုပ်ချုပ်ရေးမှူး ရှောင်ဇောင်ချွန်းတို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ အထူးသဖြင့် ယက်လင်းသည် ခရီးစဉ်အတွင်း တရုတ်တာဝန်ရှိသူများနှင့် ၁၀ နာရီကြာ တွေ့ဆုံဆွေးနွေးခဲ့သည်။

တရုတ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုသည် အမေရိကန်အတွက် အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်ပြီး စိန်ခေါ်မှုမဟုတ်ကြောင်း၊ အကျိုးအမြတ်ဖြစ်ပြီး စွန့်လွှတ်စွန့်စားမှုမဟုတ်ကြောင်း၊ တရုတ်နှင့်အမေရိကန်ကြား ပူးပေါင်းဆောင်ရွက်မှု တောင့်တင်းခိုင်မာရေးသည် လက်တွေ့လိုအပ်ချက်ဖြစ်ပြီး နှစ်နိုင်ငံစလုံးအတွက် မှန်ကန်သောရွေးချယ်မှုဖြစ်ကြောင်း တရုတ်ဘဏ္ဍာရေး ဒုတိယဝန်ကြီး လျောင်မင်းက ပြောကြားခဲ့သည်။

တရုတ်နှင့် အမေရိကန်တို့ကြား စီးပွားရေးဆိုင်ရာဆက်ဆံရေး တောင့်တင်းခိုင်မာမှုရရှိရေးအတွက် သက်ဆိုင်သူအားလုံး၏ တရားဝင်ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများနှင့် အကျိုးစီးပွားများကို အပြည့်အဝလေးစားသွားရမည်ဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးမူဝါဒများ၊ ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့စည်းမျဉ်းစည်းကမ်းများနှင့်အညီ ယှဉ်ပြိုင်မှုလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ မတူကွဲပြားမှုများသည် ဆက်ဆံရေးခပ်တန်းတန်းဖြစ်စေရန်အတွက် အကြောင်းတရားများမဖြစ်သင့်ဘဲ ဆက်သွယ်ဆောင်ရွက်မှုနှင့် အပြန်အလှန်ချိတ်ဆက်မှုတို့အတွက် မောင်းနှင်အားများသာဖြစ်သင့်ကြောင်း လျောင်မင်းက ထပ်လောင်းပြောကြားခဲ့သည်။

တရုတ်နှင့်အမေရိကန်တို့အနေဖြင့် စီးပွားရေးဆိုင်ရာဆက်ဆံရေးတွင် တည်ငြိမ်မှုနှင့်အပြုသဘောဆောင်သောစွမ်းအားများရရှိစေရန်အလို့ငှာ ပွင့်ပွင့်လင်းလင်းအမြင်ချင်းဖလှယ်မှုများမှတစ်ဆင့် နှစ်နိုင်ငံစီးပွားရေးနယ်ပယ်တွင် အရေးပါသောကိစ္စများနှင့် စပ်လျဉ်း၍ တူညီသောဆန္ဒရှာဖွေသွားသင့်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာတည်ငြိမ်မှု၊ ရာသီဥတုပြောင်းလဲမှုနှင့် နိုင်ငံငယ်များ၏ ကြွေးမြီပြဿနာများကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် ထောက်ပံ့ကူညီသွားရန် ဆန္ဒရှိနေကြောင်းကို ယက်လင်း၏ခရီးစဉ်တွင်ပြသခဲ့ပြီးဖြစ်ကြောင်း လျောင်မင်းက ပြောကြားခဲ့သည်။

အမေရိကန်အနေဖြင့် Nvidia ကို ၎င်း၏ A800 နှင့် H800 ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ချစ်(ပ်)ပြားများ တရုတ်နိုင်ငံသို့ တင်ပို့မှုတားမြစ်သွားမည့်အစီအစဉ်ကို မကြာမီထုတ်ပြန်သွားမည်ဖြစ်ကြောင်းနှင့် တရုတ်၏ အဆင့်မြင့်နည်းပညာကဏ္ဍများတွင် အမေရိကန်ရန်ပုံငွေရင်းနှီးမြှုပ်နှံမှုကိုလည်း



တားမြစ်သွားမည်ဖြစ်ကြောင်း ဇွန်လအတွင်းက မီဒီယာများတွင် ဖော်ပြခဲ့သည်။

အမေရိကန်နည်းပညာများပြည်ပသို့တင်ပို့ရာတွင် လုံခြုံရေးနှင့်ဆက်စပ်သောထိန်းချုပ်မှုများနှင့် စပ်လျဉ်း၍ ဝါရှင်တန်အနေဖြင့် တရုတ်နိုင်ငံ၏ စောဒကတက်မှုများကို နားထောင်သွားမည်ဖြစ်ကြောင်း၊ ဘိုင်ဒင်အစိုးရအနေဖြင့် မလိုလားအပ်သော ဂယက်ရိုက်ခတ်မှုများကို ရှောင်ရှားသွားမည်ဖြစ်သော်လည်း ဖြစ်ပေါ်လာနိုင်သောပြောင်းလဲမှုများကို ထိန်းချုပ်ဆောင်ရွက်သွားမည်မဟုတ်ကြောင်း ယက်လင်းက ဇူလိုင် ၈ ရက်တွင် မီဒီယာများသို့ ပြောကြားခဲ့သည်။

မိမိတို့၏ လုပ်ဆောင်မှုများနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၏စိုးရိမ်ပူပန်မှုများကို နားထောင်ရန် တံခါးဖွင့်ထားကြောင်းနှင့် မိမိတို့၏လုပ်ဆောင်ချက်များနှင့်စပ်လျဉ်း၍ မျှော်လင့်မထားသော နောက်ဆက်တွဲအကျိုးဆက်များကိုရှင်းလင်းချပြသွားမည်ဖြစ်ကြောင်း၊ စွန့်စားမှုလျှော့ချသည့် အမေရိကန်၏ မဟာဗျူဟာသည် ဆက်ဆံရေးဖြတ်တောက်ခြင်းမဟုတ်ကြောင်း၊ တရုတ်တာဝန်ရှိသူများနှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှုများသည် ထိရောက်ပြီးအလုပ်ဖြစ်ကြောင်း ယက်လင်းက ပြောကြားခဲ့သည်။

မိမိတို့အနေဖြင့် မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ခြင်းမရှိသည့်တိုင်အောင် ပွင့်လင်းမြင်သာသည့်နက်ရှိုင်းသောဆွေးနွေးပွဲများသည် မိမိတို့နှစ်နိုင်ငံကြား ဆက်ဆံရေးတွင် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများဖြစ်ပေါ်စေနိုင်သည်ဟု ယုံကြည်မိကြောင်း၊ တစ်နိုင်ငံချင်းစီ၏အပြုအမူများနှင့် ရည်ရွယ်ချက်များအပေါ် ပိုမိုနားလည်မှုရှိသွားရန်သာ လိုအပ်ကြောင်း၊ ၁၀ နာရီကြာတွေ့ဆုံဆွေးနွေးမှုများသည် အမေရိကန်-တရုတ်ဆက်ဆံရေး ခိုင်မာအားကောင်းရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ယက်လင်းက ပြောကြားခဲ့သည်။ ယက်လင်းသည် အဓိကကျသောပြဿနာများနှင့် စပ်လျဉ်း၍ တရုတ်တာဝန်ရှိသူများနှင့်ရရှိခဲ့သော သဘောတူညီချက်များကို တစ်စုံတစ်ရာမျှထုတ်ပြန်ခဲ့ခြင်းမရှိပေ။ နှစ်ဖက်စလုံးအနေဖြင့် တွေ့ဆုံဆွေးနွေးမှုများ ပုံမှန်ပြုလုပ်သွားမည်ဖြစ်ကြောင်း ယက်လင်းက ပြောကြားခဲ့သည်။

ယက်လင်းသည် ဇူလိုင် ၈ ရက်တွင် တရုတ်စီးပွားရေးဆိုင်ရာတာဝန်ခံ ဒုတိယဝန်ကြီးချုပ် ဟက်လီဖန်းနှင့်တွေ့ဆုံသည့်အချိန်တွင် လက်ဆွဲနှုတ်ဆက်ရာ၌ ခေါင်းသုံးခါညိတ်၍ အရိုအသေပေးခဲ့သဖြင့် အမေရိကန်လွှတ်တော်အမတ်များနှင့်ပညာရှင်များက သံခင်းတမန်ခင်းအမူအရာပျက်ခဲ့သည်ဟု ပြစ်တင်ဝေဖန်ခဲ့ကြသည်။ ဟူဘေးအခြေစိုက် ဆောင်းပါးရှင်တစ်ဦးက ယက်လင်းအနေဖြင့် တရုတ်နိုင်ငံက အမေရိကန်၏ချေးငွေစာချုပ်များကို ဝယ်ယူသွားစေလိုလျှင် ခေါင်းသုံးကြိမ်ညိတ်ပြီး အရိုအသေပေးရုံမျှဖြင့် လုံလောက်မည်မဟုတ်ကြောင်း ဇူလိုင် ၁၀ ရက်တွင် ဝေဖန်ရေးသားခဲ့သည်။ တရုတ်နှင့် အမေရိကန်နှစ်ဖက်စလုံးအနေဖြင့် ၎င်းတို့၏ အမြင်များကို ဖလှယ်ခဲ့ကြသော်လည်း ၎င်းတို့လိုလားချက်ကို သဘောတူညီမှုမရရှိခဲ့ကြောင်း၊ အမေရိကန်အနေဖြင့် ပိတ်ဆို့မှုများရုပ်သိမ်းပေးရန် သဘောတူညီခဲ့ခြင်းမရှိသလို တရုတ်နိုင်ငံအနေဖြင့်လည်း အမေရိကန်၏ ချေးငွေစာချုပ်များကို ဝယ်ယူသွားမည်မဟုတ်ကြောင်း ဆောင်းပါးရှင် တီအန်လီယူက ကောက်ချက်ချရေးသားဖော်ပြထားသည်။

အမေရိကန်၏ချေးငွေစာချုပ်များကို ဝယ်ယူသူရှာဖွေခြင်းသည် ယက်လင်း၏ထိပ်တန်းမစ်ရှင်ပင်ဖြစ်ကြောင်း၊ ကာလရှည်ရှုထောင့်က ကြည့်မည်ဆိုလျှင် တရုတ်နိုင်ငံသည် အမေရိကန်၏ ချေးငွေစာချုပ်များကို ရှင်းထုတ်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့်လည်း အမေရိကန်၏ ချေးငွေစာချုပ်များကို အများဆုံးဝယ်ယူထားပြီးဖြစ်သည့်အတွက် ထပ်မံဝယ်ယူနိုင်တော့မည်မဟုတ်ကြောင်း၊ ဗြိတိန်အနေဖြင့်လည်း စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသောကြောင့် ယခုနှစ် ဧပြီလတွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ တန်ဖိုးရှိသော အမေရိကန်၏ ချေးငွေစာချုပ်များကို ထုတ်ရောင်းခဲ့ရကြောင်း၊ ထို့ကြောင့် အမေရိကန်အနေဖြင့် ၎င်း၏ချေးငွေစာချုပ်များကို တရုတ်နိုင်ငံသို့သာ ရောင်းချသွားနိုင်မည်ဟု ယူဆထားဖွယ်ရာရှိကြောင်း၊ ယက်လင်း၏ ဦးညွှတ်ခေါင်းညိတ်မှုသည် အပြောင်းအလဲတစ်စုံတစ်ရာမျှ ဖြစ်ပေါ်လာမည်မဟုတ်ကြောင်း၊ အမေရိကန်အနေဖြင့် တရုတ်နိုင်ငံ၏တောင်းဆိုချက် ငါးချက်ကိုဖြည့်ဆည်းပေးနိုင်မည်မဟုတ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အမေရိကန်၏ချေးငွေစာချုပ်များကို ဝယ်ယူသွားမည်မဟုတ်ကြောင်း၊ အမေရိကန်အနေဖြင့် မိမိတို့၏ တောင်းဆိုချက်များကို စဉ်းစားသုံးသပ်သွားမည်မဟုတ်ဘဲ မိမိတို့အား နည်းလမ်းပေါင်းစုံဖြင့် ထိန်းချုပ်ရန် ကြိုးပမ်းသွားဖွယ်ရာရှိကြောင်း၊ အမေရိကန်အနေဖြင့် ရိုးသားမှုတစ်စုံတစ်ရာမျှမရှိလျှင် တရုတ်-အမေရိကန် ဆက်ဆံရေးသည် တိုးတက်မှုရှိလိမ့်မည်မဟုတ်ကြောင်း ဆောင်းပါးရှင်က ကောက်ချက်ချပြောကြားခဲ့သည်။ မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နှင့်ဆက်ဆံရေးအပေါ် အဓိကမထားဘဲ ကုန်သွယ်မှုပိုငွေပြမှုအပေါ် မူတည်၍ အမေရိကန်၏ ချေးငွေစာချုပ်များတွင် ရင်းနှီးမြှုပ်နှံသွားမည့်အလားအလာရှိနေသည်။

တရုတ်သတင်းမီဒီယာများသည် ယက်လင်း၏ ခရီးစဉ်နှင့်စပ်လျဉ်း၍ အပြုသဘောဆောင်စွာ ရေးသားဖော်ပြခဲ့ကြသည်။ ဆောင်းပါးရှင် ကိုင်ဇင်က ပြည်သူများအနေဖြင့် အမေရိကန်နှင့်တရုတ်ကြား ယှဉ်ပြိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို လက်တွေ့ကျကျရှုမြင်သွားသင့်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ယှဉ်ပြိုင်ရန် ကြောက်ရွံ့နေမည်မဟုတ်သော်လည်း ရန်လိုမုန်းတီးသောထိပ်တိုက်ရင်ဆိုင်မှုကို ဆန့်ကျင်ကြောင်း၊ တရုတ်နှင့် အမေရိကန်တို့အနေဖြင့် ယှဉ်ပြိုင်မှုအတွက် နယ်ပယ်များသတ်မှတ်ထားသင့်ပြီး ခပ်တန်းတန်းမနေသင့်တော့ကြောင်း ရေးသားထားသည်။

အခြားစာရေးဆရာတစ်ဦးဖြစ်သည့် လီယူကလည်း ယက်လင်း၏တရုတ်ခရီးစဉ်သည် များစွာအရေးပါကြောင်း၊ တရုတ်နှင့် အမေရိကန်တို့အနေဖြင့် ဆွေးနွေးညှိနှိုင်းသွားနိုင်သေးကြောင်းနှင့် စစ်မက်ချက်ချင်းဖြစ်ပွားမည်မဟုတ်ကြောင်း၊ယက်လင်းသည် အမေရိကန်တာဝန်ရှိသူများအနက်မှ ငြိမ်းချမ်းရေးချိုးဖြူတစ်ကောင်ပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ၎င်းနှင့်ဆွေးနွေးတိုင်ပင်ခြင်းမရှိလျှင် အောင်မြင်မှုတစ်စုံတစ်ရာမျှရရှိမည်မဟုတ်ကြောင်းနှင့် တစ်ကမ္ဘာလုံးအတွက်လည်း အနုတ်သဘောဆောင်သောအမှတ်သင်္ကေတပင်ဖြစ်ကြောင်း၊ တရုတ်နှင့် အမေရိကန်တို့သည် စစ်မက်ဖြစ်ပွားနေခြင်းမဟုတ်သည့်အတွက် စီးပွားရေးနယ်ပယ်များတွင် မျှော်လင့်ချက်များစွာရှိနေဆဲပင်ဖြစ်ကြောင်း၊ အမေရိကန်အနေဖြင့် ပိတ်ဆို့မှုများလျှော့ချပြီး စည်းကြပ်ခွန်များလျှော့ချပေးမည်ဟု တရုတ်နိုင်ငံက မျှော်လင့်ထားကြောင်း၊ ၎င်းမျှော်လင့်ချက်မှာ အခွင့်အလမ်းနည်းပါးသော်လည်း တရုတ်ခေါင်းဆောင်များသည် ၎င်းတို့လိုလားချက်ကို စွန့်လွှတ်သွားမည်မဟုတ်ကြောင်း၊ အမေရိကန်အနေဖြင့် ၎င်းတို့၏ ချေးငွေစာချုပ်များကို တရုတ်နိုင်ငံသို့ ရောင်းချသွားလိုသည့်ဆန္ဒရှိနေကြောင်း၊ ၎င်း၏ဈေးကွက်ကိုအပြည့်အဝဖွင့်လှစ်ပြီး အဆင့်မြင့်နည်းပညာတွင်ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်လျက်ရှိသော်လည်း စီးပွားရေးတိုးတက်မှုအတွက် တရုတ်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုများလိုအပ်နေဆဲဖြစ်ကြောင်း သုံးသပ်ရေးသားထားသည်။

**ကိုးကား**

**China raises five demands during Yellen's visit The Diplomat.**

မောင်သောင်းဝင်း(တမန်ဟောင်း)

## ညောင်တုန်းမြို့နယ်တွင် ငါးမြစ်ချင်းတစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရရှိ



**ညောင်တုန်း ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် မွေးမြူရေးငါးမြစ်ချင်း တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဝင်းက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်တွင် ပြီးခဲ့သည့် ၄နှစ်လက ငါးမြစ်ချင်း တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ထိသာ ဈေးရရှိခဲ့ပြီး ဇူလိုင် ၁ ရက်မှ ယနေ့ထိ ငါးမြစ်ချင်း တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ ညောင်တုန်းမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်မွေးမြူရေး ငါးမြစ်ချင်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"အခု အခြားဒေသတွေထက် ငါးမြစ်ချင်းကို ရန်ကုန်ဈေးကွက်ကို အရင်ထက်ပိုမိုတင်ပို့မှုကောင်းနေပါတယ်။ ပြည်တွင်း ငါးစားသုံးမှုများလာတာကြောင့်နဲ့ ပြည်ပဈေးကွက်တင်ပို့လာရတဲ့အတွက် ဈေးကောင်းရလာတာဖြစ်တယ်။ အခု ငါးမြစ်ချင်းတစ်ပိဿာ ငွေကျပ် ၉၅၀၀ ထိ ဈေးပေါက်နေပါတယ်။ လက်ရှိပေါက်နေတဲ့ ငါးဈေးက မွေးမြူသူတွေအတွက် အဆင်ပြေတဲ့ဈေးနှုန်းဖြစ်ပါတယ်"ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ထွက်ရှိသည့် ငါးမြစ်ချင်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်နှင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးမြစ်ချင်းများ နေ့စဉ်တင်ပို့ရောင်းချလာရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## နောင်ချိုမြို့နယ် လွယ်ခေါ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု ကွင်းဆင်းစစ်ဆေး

**နောင်ချို ဇူလိုင် ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကုန်းစံကျေးရွာအုပ်စု လွယ်ခေါ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးဝင်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ လွယ်ခေါ်ကျေးရွာ၌ လမ်းအရှည် ၇၃၂ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်ချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

လွယ်ခေါ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ်သိန်း ၁၇၀ အကုန်အကျခံ၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇူလိုင်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက လွယ်ခေါ်ကျေးရွာမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးဝင်းက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

## စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၂၇၆၅၆ ကေစိုက်ပျိုးပြီးစီး

**မုံရွာ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၂၇၆၅၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၂၈၁၃၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ လျှော်ဖြူ ၂၇၆၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် စစ်ကိုင်းတိုင်းဒေသကြီးမှာ လျှော်ဖြူဧက ၂၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတယ်။ လက်ရှိဧက ၂၇၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီ။ လျှော်ဖြူက ရေငတ်ဒဏ်ကို ခံနိုင်တယ်။ မြေအမျိုးအစားမရွေး ပေါက်ရောက်တယ်။ အပူပိုင်းဒေသပင်မျိုးလဲဖြစ်ပါတယ်။ မိုးရေချိန်နည်းပါးတဲ့ ကျောက်ဆစ်ကုန်းလိုဒေသတွေမှာ လျှော်ဖြူကို စိုက်ပျိုးလို့ရပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် လျှော်ဖြူစိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၁၁ ဧက၊ မုံရွာခရိုင်တွင် ၁၉၀၈၁ ဧက၊ ယင်းမာပင်ခရိုင်တွင် ၄၈၆ ဧက၊ ရွှေဘိုခရိုင်တွင် ၃၁၈၂ ဧက၊ ရေဦးခရိုင်တွင် ၆၀၂ ဧက၊ ကန့်ဘလူခရိုင်တွင် ၁၁၉၃ ဧက၊ စစ်ကိုင်းခရိုင်တွင် ၂၆၉၄ ဧက၊ ကသာခရိုင်တွင် ၁၆၃ ဧကနှင့်ကောလင်းခရိုင်တွင် ၂၄၄ ဧကတို့ဖြစ်ကြောင်း သိရသည်။



ယခင်ကစိုက်ထားသည့် လျှော်ဖြူစိုက်ခင်းကို တွေ့ရစဉ်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် လျှော်ဖြူစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မုံရွာခရိုင်တွင် ၁၈၉၉၄ ဧက၊ ယင်းမာပင်ခရိုင်တွင် ၄၈၆ ဧက၊ ရွှေဘိုခရိုင်တွင် ၃၆၁၂ ဧက၊ ရေဦးခရိုင်တွင် ၇၆၇ ဧက၊ ကန့်ဘလူခရိုင်တွင် ၁၂၀၁ ဧက၊ စစ်ကိုင်းခရိုင်တွင် ၂၆၉၄ ဧက၊ ကသာခရိုင်တွင် ၁၄၈ ဧကနှင့် ကောလင်းခရိုင်တွင် ၂၃၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် လျှော်ဖြူစိုက်တောင်သူများ လျှော်ဖြူစိုက်ပျိုးရာတွင် ဓာတုကင်းစင်သည့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးကြရန် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

## မြင်းခြံမြို့နယ်၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မြင်းခြံ ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ရွာစည် (တောင်) ကျေးရွာအုပ်စု ရွာစည်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် ကျေးရွာမှ ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်နှင့် တာဝန်ရှိသူများ ကျေးရွာသူ၊ ကျေးရွာသားများက ရွာစည်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

မြင်းခြံမြို့နယ် ရွာစည်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပံ့ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာမှရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လအတွင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်ထံမှ သိရသည်။

**ချိုသန်းညွန့်**

## မြို့သစ်မြို့နယ် သီးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြို့သစ် ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သီးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သီးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ပုံမှန်ပြည့်သွင်းရမည့် စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လုပ်ငန်းအမျိုးအစားအလိုက် ရန်ပုံငွေထုတ်ချေးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြို့သစ်မြို့နယ် သီးပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၈၀ ကို ငွေကျပ် ၃၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ကို ငွေကျပ် ၁၄ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂၂ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၂ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း၊ အဆိုပါ စီမံကိန်းရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်က ပြောပြ၍ သိရသည်။

**အိမိုးမိုး**

စာအုပ်စာပေ လူ့မိတ်ဆွေ

# ဒေါင်ဒေါင်မြည်မှအိုး

အောင်ကျော်ဦး(ပန်းသခင်)



အိုးခွက်ပန်းကန်များ ပြုလုပ်သည့် ပညာရပ်သည် သမိုင်းမတိုင်မီခေတ်ကပင် ကမ္ဘာပေါ်ရှိလူမျိုးတိုင်း လုပ်ကိုင်တတ်ကြသော လက်မှုပညာတစ်ရပ်ဖြစ်သည်။ ရှေးလူတို့သည် ယခုခေတ်ကဲ့သို့ ကောင်းမွန်သော ကိရိယာတန်ဆာပလာများမပေါ်သေးသဖြင့် အိုးကို လက်ချည်းသက်သက်ဖြင့် ပြုလုပ်ကြသည်။ ထို့နောက် တဖြည်းဖြည်း အိုးလုပ်သည့်ကိရိယာတန်ဆာပလာများ ကိုသုံးလာကြသည်။ လူတို့သည် လုပ်ပြီးသားအိုးများ ကို နေဖြင့်ခြောက်သွေ့စေသည်။ သို့သော် မီးကိုအသုံး များလာသောအခါ မီးဖုတ်ခြင်းအားဖြင့် ကျောက်ခဲ ကဲ့သို့ မာကျောသောအိုးရကြောင်း သိရှိလာသည်။ အိုးလုပ်သည့်ကိရိယာများတွင် အဓိကကျသောပစ္စည်း မှာ "အိုးထိန်းစက်"ဖြစ်သည်။ အိုးထိန်းစက်ဆိုသည်မှာ ပျဉ်ပြားအဝိုင်းလေးတစ်ခုကို လည်လျက်ရှိသည့်မဏ္ဍိုင် ထိပ်ပေါ်တွင်တပ်ထားသောကိရိယာဖြစ်သည်။

ရှေးက ကရိကျွန်းတွင် နေထိုင်ခဲ့ကြသောလူမျိုး များသည် ဘီစီ နှစ် ၂၀၀၀ ကျော်က အိုးခွက်ပန်းကန် များ ကောင်းမွန်စွာပြုလုပ်ထားသည်ကို တွေ့ရလေ သည်။ ကရိကျွန်းမှတစ်ဆင့် ဂရိနိုင်ငံသို့ ပျံ့နှံ့ကာ ဘီစီ နှစ် ၅၀၀ ခန့်တွင် အိုးခွက်ပုံသဏ္ဍာန်အမျိုးမျိုး ပြုလုပ်၍ မီးဖုတ်ထုတ်လုပ်ကြသည်။ မြန်မာနိုင်ငံတွင် ရှေးဟောင်းအိုးအင်ခွက်ယောက်ပစ္စည်းများကို စူးစမ်း ရှာဖွေလေ့လာမှုများ ပြုလုပ်သည့်အခါ ပျူခေတ် ကတည်းက ဖြစ်ပေါ်တည်ရှိ နိုင်မည်ဟု ရှေးဟောင်း အိုးအင်ခွက်ယောက်များ ပျူအက္ခရာအမှတ်သားများက ထောက်ခံလျက်ရှိသည်။ ယခုအချိန်တွင် မြန်မာနိုင်ငံ အတွင်း၌ အိုးလုပ်ငန်းများကို နေရာအနှံ့အပြား လုပ်ကိုင်လျက်ရှိကြသည်။ ဒေသတစ်ခုနှင့်တစ်ခု မြေ အမျိုးအစား၊ မြေအရောင်အဆင်းချင်း တူခြင်းမရှိဘဲ ကွဲပြားတတ်သည်။

စာရေးသူတို့နယ်တွင် အိုးလုပ်ငန်းအတွက် လိုအပ်သော ဒေသအခေါ် မြေကျင်း(မြေစေး)ကို မြစ် ကမ်းဘေးတွင် တူးယူကြသည်။ နွေရာသီ မြစ်ရေကျ ချိန်တွင် တစ်နှစ်ပတ်လုံးစာအတွက် တူးယူကြသည်။ မိုးရာသီ၌ မြစ်ရေတက်ချိန်ဖြစ်၍ နွေရာသီကတည်းက ကြိုတင်တူးယူကြခြင်းလည်းဖြစ်သည်။ ဤသို့မြေများ ကို တူးယူရာ၌ အိမ်အရောက် သယ်ယူရာတွင် မြေတူး တင်ခ၊ သယ်ယူခ စသည်တို့ကို ပေါက်ဈေးအလိုက် ပေးချေရသည်။

သယ်ယူပြီးမြေများကို အိုးလုပ်ရန်အတွက် လိုအပ် သလောက်ယူပြီး ဂုန်နီအိတ်များ၊ အဝတ်ဟောင်းများ ခင်းထားသည့်အပေါ်သို့တင်ကာ လက်ကိုင်တင်းပုတ်၊ တုတ်ပုတ်၊ လက်ရိုက်တုတ်များဖြင့် ထုခြေရိုက်ပုတ်ရ သည်။ လိုအပ်သည့်မြေခဲပမာဏရသောအခါ ခွဲယူပြီး ကျန်မြေမှုန့်အဖြုန်းများကို ဆန်ခါစိပ်ဖြင့်ချကာ အဖြုန်းတခြား မြေမှုန့်တခြားထားကြသည်။

ပထမဆုံးယူထားသော မြေခဲလေးများကို မြေ ကျင်း သို့မဟုတ် ရေအိုး၊ စဉ့်အိုးအတွင်း၌ လိုအပ် သောရေထည့်၍ စိမ်ထားလိုက်သည်။ ထို့နောက် မြေခဲ လေးများကို ရေမြုပ်အောင်ဖိပေးရသည်။ ၎င်းအပေါ်မှ မြေအဖြုန်းများကို ထပ်မံထည့်ပြီး ရေကိုလည်း လိုအပ် သလို ပေးရသည်။ ၎င်းရေစိမ်ထားသောမြေများကို အချိန် နာရီဝက် သို့မဟုတ် တစ်နာရီခန့်ကြာသောအခါ ခင်းထားသော ဂုန်နီအိတ် သို့မဟုတ် အဝတ်ဟောင်း များပေါ်သို့ချပြီး ခြေဖြင့်နင်းကြရသည်။ ဒေသအခေါ် မြေနပ်ကြသည်ဟုလည်း ခေါ်ကြသည်။ ဤသို့ မြေများ ကို ခြေဖြင့်နင်းကာ မြေနပ်ကြရာ၌ ရေလိုလျှင် ရေပေး ပြီး အစိုဓာတ်များပါက ဆန်ခါချထားသော မြေမှုန့် လေးများကို ဖြူးပေးရသည်။ လိုအပ်သည့် အတိုင်း အတာထိရအောင် မြေနပ်ပြီးနောက် အိုးလုပ်ရန် အသင့်ဖြစ်နေသော ရွှံ့မြေများကို ပလတ်စတစ်များဖြင့် အုပ်ပေးထားသည်။

နပ်ပြီးသား ရွှံ့မြေများကို အိုးလုပ်ရန်အတွက် အိုး ထိန်းစက်ပေါ်သို့တင်ကာ အိုးလုပ်သူက လိုအပ်သလို လက်တစ်ဖက်ဖြင့် ဒေသအခေါ် အိုးစက်ကိုလှည့်၍ ကျန်လက်ဖြင့် အလိုရှိရာအိုးပုံရအောင် အောက်ခြေမှ အပေါ်သို့ မြှင့်တင်၍ လက်ဖြင့်ပုံသွင်းပေးရသည်။ ထိုသို့အိုးစက်ဖြင့် အိုးပုံဖော်ရာတွင် လိုအပ်သလို ရေ ပက်ဖျန်းပုံဖော်ကြသည်။ အလိုရှိသော အိုးပုံရသော အခါ အိုးစက်ပျဉ်ပြားဝိုင်းကိုရပ်၍ သေးမျှင်သောချည် ကြိုး သို့မဟုတ် နိုင်လွန်ကြိုးဖြင့် ပျဉ်ချပ်နှင့်ကပ်လျက် ရှိသောအိုးကိုဖြတ်ယူပြီး လက်ဖြင့်မယူကာ အဝတ်ခင်း ထားသော အခင်းပေါ်သို့ချပေးရသည်။ ဤအပိုင်း သည် အိုးလုပ်သူ၏ကျွမ်းကျင်မှုမှာ အရေးပါလှသည်။ အိုးလုပ်သူကျွမ်းကျင်လျှင် ကျွမ်းကျင်သလို အိုးပုံဒီဇိုင်း လှလှများ ထုတ်လုပ်နိုင်သည်။ ထိုသို့ပြုလုပ်ထားသော ရွှံ့စိမ်းအိုးများကို အိုးပုံကြမ်းဟုလည်း ခေါ်ကြသည်။

၎င်းအိုးပုံကြမ်း သို့မဟုတ် ဒေသအခေါ် အိုးစိမ်း များကို အရေးကြီးပါက နေလှန်းခြောက်သွေ့စေသည်။ အရေးမကြီးပါက အရိပ်ထဲမှာပင် ခြောက်သွေ့စေ သည်။ နေလှန်းရာတွင် နာရီဝက်ခန့်အချိန်ယူရသော် လည်း အရိပ်ထဲတွင် ခြောက်သွေ့စေပါက အချိန် တစ်ရက်ခန့် ကြာမြင့်ပေသည်။ သို့သော် နေလှန်းအိုး ထက် အရိပ်တွင် ခြောက်သွေ့သောအိုးများက ပိုမို ကောင်းမွန်ကြောင်း သိရသည်။

ခြောက်သွေ့ပြီးအိုးများကို အိုးအတွင်း၌ ဒေသ အခေါ် လက်ခုလေးခံ၍ အပြင်မှ လက်ခတ်ဖြင့်ရိုက် ပေးရသည်။ အိုးကို အတွင်းအပြင် အလုံးအဝိုင်းညီ အောင် ရိုက်ချောပေးရသည်။ ဤသို့ပြုလုပ်ရာတွင် အိုးချောသူက လက်ခုကို လက်တစ်ဖက်ဖြင့်ကိုင်၍ ကျန်လက်တစ်ဖက်ဖြင့် သစ်သားအိုးရိုက် လက်ခတ်ကို အသုံးပြုကာ အိုးချောပေးရသည်။ ဒေသအခေါ် လက်ခုဆိုသည်မှာ လက်တစ်ဆုပ်စာ ဘုသီးဝိုင်း သေးသေးပမာ ရွှံ့ကိုပုံဖော်မီးဖုတ်ထားသည့် ကိရိယာ ဖြစ်သည်။ လက်ခုအတွင်းအညောက်တွင် အပေါက် သေးသေးလည်း ဖောက်ထားသည့်ကိရိယာဖြစ်သည်။ ဤသို့ လက်ခုနှင့် သစ်သားလက်ခတ်ကိုသုံး၍ အိုး ချောခြင်းကို မှော်သည်ဟုလည်း ခေါ်ကြသေးသည်။ ထိုသို့မှော်ပြီးသားအိုးများကို အဝတ်ဖြင့် နာရီဝက်ခန့် အုပ်ထားရသည်။ ထို့နောက် ၎င်းအိုးများကို ပိုမို ချောမွေ့စေရန် ခုံညင်းဒိုးများဖြင့် ထပ်မံ၍ပွတ်တိုက် ချောပေးရပြန်သည်။ ဒေသအခေါ် ဒိုးတိုက်ကြသည် ဟု ခေါ်ကြသည်။

ဤသို့ဖြင့် အိုးချောများကို နှစ်ရက် သို့မဟုတ် သုံး ရက်ကြာအောင် နေလှန်းထားရသည်။ (မိုးလေရှိပါက အမိုးအကာအောက်ရောက်အောင် ထားရပြန်သည်။) လိုအပ်သော အိုးအခြောက်များရလျှင် အိုးများကို မီးဖုတ်ရန်အတွက် အသင့်ဖြစ်နေတော့သည်။

အိုးများမီးဖုတ်သည့်နေရာကို ဒေသအခေါ် ဖိုရာ ဟုခေါ်ကြသည်။ အိုးဖုတ်မည့်နေရာကို မြေညီအောင် ညှိပေးရသည်။ ထို့နောက် လေးထောင့်ကျကျ (အချို့ နယ်များတွင် အဝိုင်းပုံသဏ္ဍာန်)အိုးဖုတ်မည့်နေရာတွင် သစ်အခွံများကို အကြားအလပ်မရှိစေရန် ဖြန့်ခင်း စီချပေးရသည်။ ၎င်းခင်းထားသော သစ်အခွံများပေါ် သို့ သစ်အခွံအမှုင်အမှုန်များကို ထပ်မံ၍ဖြူးဖြန့်ပေး ရပြန်သည်။ သစ်အခွံ၊ သစ်မှုင်များကို မျက်နှာပြင်ညီ သည်ထိ ဂရုတစိုက်လုပ်ပေးရသည်။ ထို့နောက် သစ် အခွံအခင်းများပေါ်သို့ အိုးစိမ်းများကိုစီ၍ ချရသည်။ အိုးများအားလုံးညီအောင် စီချထားပြီးနောက် အိုးတန်း များပေါ်သို့ ကောက်ရိုးများမဖုံးအုပ်မီ ဒေသအခေါ် ဖိုချိုးရသည်။ ဖိုချိုးသည်ဆိုသည်မှာ စီထားသောအိုး များ အောက်ခြေဘေးမှ သစ်အခွံများကို အပြားလိုက် တစ်ပေခန့်၊ လေးထောင့်ပတ်လည် တစ်ပေခန့် ထပ်ပေးရခြင်းဖြစ်သည်။ ထို့နောက် အိုးများအားလုံး ကိုလုံအောင် ကောက်ရိုးများဖြင့် ဖုံးအုပ်ပေးရသည်။ ထိုသို့ကောက်ရိုးများဖြင့် ဖုံးအုပ်ရာတွင် အိုးများ အားလုံးမြုပ်သည်ထိ ဖုံးအုပ်ရသည်။

ကောက်ရိုးများကို လိုအပ်သလို ဖုံးအုပ်ပြီးနောက် ကောက်ရိုးအားလုံးကို အကြားအလပ်မရှိအောင် ရွှံ့စေးရည်ဖြင့် သရွတ်ကိုင်ကြသည်။ ထိုသို့သရွတ်ကိုင် ရာတွင် မြေကြီးနှင့်ထိစပ်နေသော ကောက်ရိုးမျှင်ကို သစ်အခွံနှင့်ထိသည့်နေရာထိ ချန်၍ သရွတ်ကိုင်ပေး ရသည်။ အားလုံးလိုအပ်သလို သရွတ်ကိုင်ပြီးနောက် ချန်ထားသောကောက်ရိုးမျှင်မှ မီးရှို့ကာ အိုးဖုတ်လုပ် ငန်းဆောင်ရွက်ကြတော့သည်။ ဤသို့ မီးရှို့ပြီးနောက် ဒေသအခေါ် မီးလွတ်ချိန်၌ အိုးဖုတ်ထားသော အိုးဖို ကို တုတ်ချွန်များဖြင့် အပေါက်ဖောက်ပေးရသည်။ ထိုကဲ့သို့ အပေါက်ဖောက်ရာတွင် လေလာရာလေတိုက် ရာဘက်တွင် အပေါက်အနည်းငယ်သာ ဖောက်၍ လေကွယ်သည့်ဘက်တွင် အများဆုံးဖောက်ကြသည်။

ဤသို့ဖြင့် အိုးများကို နှစ်ညအိပ်ခန့် မီးဖုတ်ပြီး သောအခါ လိုအပ်သောရောင်းတမ်းအိုးများကို ရရှိ လေတော့သည်။ အိုးတစ်ဖိုလျှင် အိုးအရေအတွက် ၅၀၀၊ ၆၀၀ မှ ၁၀၀၀ ထိရှိသည်။ ရေအိုးမှ ကလေး ကစားစရာ အိုးပုတ်၊ ချိုးရုပ်ထိ အိုးအမျိုးအစားများစွာ ကို ထုတ်လုပ်ကြသည်။ ဖုတ်ပြီးသားအိုးများကိုလည်း ဈေးကွက်ရှိရာ မြို့၊ ရွာများထိ ရေကြောင်း၊ ကုန်း ကြောင်းဖြင့် တင်ပို့ရောင်းချကြသည်။ ဤသို့တင်ပို့ ရောင်းချရာတွင် အိုးများကွဲအက်ပျက်စီးမှု နည်းပါး စေရန် ကောက်ရိုးများဖြင့် ကြားညှပ်ခံ၍ ထည့်ပေး ရသည်။ အိုးများတင်ချရာတွင်လည်း ဂရုတစိုက် လုပ်ကိုင်ပေးရသည်။

စာရေးသူတို့ မုံရွာနယ် အလုံတောင်ပြင်ရွာသည် အိုးလုပ်ငန်းလုပ်ကိုင်သူများ ပေါများကြသည်။ ရိုးရာ လက်မှုပညာတစ်ရပ်ဖြစ်သောအိုးလုပ်ငန်းကို တစ်နိုင် တစ်ပိုင်မိသားစုလုပ်ငန်းအဖြစ်သော်လည်းကောင်း၊ အိုးလုပ်ငန်းရှင်များက အိုးလုပ်သားများငှား၍သော် လည်းကောင်း လုပ်ကိုင်ကြသောကြောင့် ဒေသတွင်း စီးပွားရေးလည်း အဆင်ပြေကြသည်။ အိုးလုပ်သားများ ကို နေ့တွက်ဖြင့်လုပ်အားခရှင်းပေးကြသည်။ ထို့ပြင် အိုးလုပ်ငန်းအတွက် လိုအပ်သော မြေ၊ သစ်အခွံ၊ ကောက်ရိုး အစရှိသည်တို့ကို ဝယ်ယူကြရာတွင် လုပ်ကိုင်ကြသော မြေတူးလုပ်သားများ၊ မြေသယ် ယာဉ်များ၊ သစ်အခွံရောင်းသူများ၊ သယ်ယူသည့် ယာဉ်များ၊ ကောက်ရိုးရောင်းသူများ စသည့်ဆက်စပ် လျက်ရှိသောလုပ်ငန်းများမှ လုပ်သားများသည်လည်း လုပ်အားခ သယ်ယူခများရရှိ၍ စီးပွားရေးအဆင်ပြေကြ သည်။ အိုးလုပ်သူများသည် မြေများ၊ သစ်အခွံများ၊ ကောက်ရိုးများကို နှစ်ပတ်လည်စာ စုဆောင်းလုပ်ကိုင် ကြသောကြောင့် ဆက်စပ်လုပ်ငန်းများလည်း အလုပ် ဖြစ်ကြသည်။

အိုးများကို ဈေးကွက်ရှိရာ အနယ်နယ်အရပ်ရပ် သာမက စာရေးသူတို့နယ် "ဘိုးတော်ကြီးနတ်ပွဲ"တွင် လည်း အများအပြား ခင်းကျင်းရောင်းချပေးသည်။ ပွဲဈေးတန်း ရေအိုး၊ ဟင်းအိုး၊ အိုးပုတ်၊ ချိုးရုပ် စသည်ဖြင့် အိုးအမျိုးမျိုးကို ရောင်းချကြသည်။ အနယ် နယ်အရပ်ရပ်မှ ပွဲဈေးလာသူများကလည်း မိမိတို့ အလိုရှိရာအိုးများကို ဝယ်ယူကြသည်။ ထိုသို့အိုးများ ဝယ်ယူရာတွင် အိုးကိုလက်ဖြင့်ခေါက်၍ဝယ်ကြသည်။ "တောင်ကလာမှမိုး၊ သုံးလွန်းတင်မှကြိုး၊ ဒေါင်ဒေါင် မြည်မှအိုး"ဆိုသည့်စကားအတိုင်း အိုးကိုလက်ဖြင့် ခေါက်သည့်အခါ "ဒေါင်ဒေါင်"မြည်မှ ဝယ်ယူကြသည်။ "ဒေါင်ဒေါင်"မြည်သည့်အိုးများကို နှစ်သက်ကြသည်။ "ဒေါင်ဒေါင်"မြည်သည့်အိုးသည် မကွဲမအက်သော၊ အပြစ်အနာဆာကင်းသောအိုးများဖြစ်သည်။

မြန်မာ့ရိုးရာမြေထည်လုပ်ငန်း အိမ်တွင်းလက်မှု ပညာလုပ်ငန်းတစ်ခုဖြစ်သော အိုးလုပ်ငန်းသည် ရှေးစဉ်ဆက်ကတည်းက ယခုအချိန်ထိ တိမ်ကော ပပျောက်ခြင်းမရှိဘဲ အသစ်အသစ်သော အိုးပုံစံများ ကို ဆန်းသစ်တီထွင် လုပ်ကိုင်လျက်ရှိကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်း အတွဲ-၁၅
- အိုးစာ၊ ထန်လျှိုင်

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## မိုက်ခဲနဲ့ ဝိုင်းလုံ

သားသားမီးမီးတို့ရေ မင်္ဂလာပါကွယ်။ သားသားမီးမီးတို့ကို ဒီကနေ့ပြောပြမဲ့ပုံပြင်လေးက မိုက်ခဲနဲ့ ဝိုင်းလုံဆိုတဲ့ ခွေးကလေးနှစ်ကောင်အကြောင်းပေါ့။

ဟိုးရှေးရှေးတုန်းက မုဆိုးကြီးတစ်ယောက်မှာ မိုက်ခဲနဲ့ဝိုင်းလုံဆိုတဲ့ အမဲလိုက်ခွေးနှစ်ကောင်ရှိသတဲ့။ မုဆိုးကြီးအမဲလိုက်ထွက်တဲ့အခါတိုင်း ခွေးနှစ်ကောင်က အမြဲလိုက်ပါနေတာပေါ့။ မုဆိုးကြီးရဲ့ခွေးတွေဟာ မျက်စိရှင်၊ နားရှင်ရှိသလို သားကောင်ကိုအနံ့ခံတဲ့ နေရာမှာလဲ သိပ်ကိုတော်သတဲ့။

တစ်နေ့တော့ မုဆိုးကြီးနဲ့ ခွေးနှစ်ကောင်ဟာ အမဲလိုက်ထွက်ရင်း ကျားဆိုးကြီးတစ်ကောင်နဲ့ တွေ့ပါလေရော။ ကျားဆိုးကြီးဟာ မုဆိုးနဲ့ ခွေးနှစ်ကောင် စလုံးကို ရန်မူနေတော့တာပေါ့။ ကျားဆိုးကြီးဟာ မုဆိုးကို တစ်ဟုန်ထိုးခုန်အုပ်လိုက်သတဲ့။ အဲဒီအခါမှာ မုဆိုးကြီးနဲ့အတူ ခွေးနှစ်ကောင်ကလဲ ကျားကြီးကိုပြန်ပြီး တိုက်ခိုက်ကြတာပေါ့ကွယ်။ ဒီလိုနဲ့ နောက်ဆုံးမှာ ကျားကြီးက မုဆိုးရဲ့လှံချက်နဲ့သေဆုံးသွားပြီး ခွေးနှစ်ကောင်ထဲမှာ ဝိုင်းလုံဆိုတဲ့ခွေးလေးက ခြေတစ်ချောင်း ကျိုးသွားသတဲ့ကွယ်။ သနားစရာကောင်းတဲ့ ဝိုင်းလုံလေးဟာ ခြေထောက်ကျိုးသွားတော့ မုဆိုးကြီးက တောထဲကိုမခေါ်တော့ဘူးပေါ့။

တစ်မနက်မှာတော့ မုဆိုးကြီးဟာ အမဲလိုက်ထွက်ဖို့ပြင်ဆင်နေသတဲ့။ အဲဒီအခါမှာ ဝိုင်းလုံလေးကလဲ အမဲလိုက်ထွက်ဖို့ အဆင်သင့်ဖြစ်နေတာပေါ့။ အမြီးလေးတနှံနှံနဲ့ တောလိုက်ထွက်ဖို့ ပျော်မြူးနေသတဲ့ကွယ်။ "ဝိုင်းလုံ ဒီနေ့ အိမ်မှာ အိမ်စောင့်နေရစ်ခဲ့နော်။ နေလှန်းထားတဲ့အသားခြောက်တွေကို ဂရုစိုက်ပြီး ကြည့်ထား"လို့ မုဆိုးကြီးကပြောလိုက်တဲ့အခါ ပျော်မြူးနေတဲ့ဝိုင်းလုံလေးဟာ စိတ်ညစ်သွားပါလေရော။ မိုက်ခဲလေးကိုကြည့်ပြီး ဝိုင်းလုံလေးဟာ သူ့ကိုယ်သူ စိတ်မကောင်းဖြစ်သွားတာပေါ့။ မိုက်ခဲလို ပျော်ပျော်ရွှင်ရွှင်နဲ့ အမဲလိုက်မသွားရတော့ဘဲ အိမ်မှာပဲ အိမ်စောင့်အဖြစ်ကျန်ရစ်ခဲ့ရတယ်။ ဒီလိုဖြစ်ရတာဟာ သူ့ခြေထောက်တစ်ချောင်း ကျိုးသွားတာကြောင့်ဆိုတာလဲ သူကသိနေတာပေါ့ ။ သူ့ခြေထောက်လေးကိုကြည့်ပြီး သူဟာ သိပ်ကိုဝမ်းနည်းနေသတဲ့ကွယ်။ ဘယ်တော့များမှ ခြေထောက်လေးပြန်ကောင်းလာပါ့မလဲဆိုပြီး တွေးနေတော့တာပေါ့။ ဝိုင်းလုံလေးဟာ မုဆိုးကြီးနဲ့ မိုက်ခဲတို့ ရက်အကြာကြီးခရီးထွက်နေတဲ့အခါ တစ်ကောင်တည်း ပျင်းနေရှာသတဲ့ကွယ်။ မိုက်ခဲနဲ့ အတူတူ သားကောင်လိုက်ဖမ်းတာတွေကို သူသတိရနေတာပေါ့။ ဒီလိုနဲ့ မုဆိုးကြီးတို့ပြန်လာတဲ့အခါ သူက ပျော်ရွှင်မြူးထူးပြီး ဆီးကြိုသတဲ့။ မုဆိုးကြီးကျွေးတဲ့ အသားခြောက်တွေလဲ အများကြီးစားရတော့




သူဝမ်းသာနေတာပေါ့။ တစ်နေ့မှာတော့ သူ့သူငယ်ချင်း မိုက်ခဲက သူ့ကို ဒီလိုပြောသတဲ့။

"သူငယ်ချင်း ဝိုင်းလုံ မင်းဟာ ဘာမှအသုံးမဝင်တော့တဲ့ခွေးတစ်ကောင်ပဲ။ မင်းကို ငါတို့သခင်က အသားခြောက်တွေကျွေးထားရတာ အလကားပဲကွ သိလား။ အဲဒီအသားခြောက်တွေက ငါနဲ့ငါ့သခင်ရှာခဲ့တာတွေကွ။ မင်းက အိမ်မှာနေပြီး ငါတို့ရှာထားတာတွေကို အလကားထိုင်စားနေတယ်။ ဒီအိမ်မှာ မင်း မနေသင့်တော့ဘူး။ ငါနဲ့ငါ့သခင်ကို မင်းက ဒုက္ခပေးနေသလိုဖြစ်နေပြီ။ မင်းအတွက် အသားခြောက်တွေပိုကုန်လို့ ငါ့သခင်လဲ ပိုပြီးပင်ပန်းနေရတယ်။ အဲဒီတော့ မင်းတခြားကို ထွက်သွားလိုက်တော့"

မိုက်ခဲရဲ့စကားကိုကြားတဲ့အခါ ဝိုင်းလုံလေးက ပိုပြီးဝမ်းနည်းသွားတော့တာပေါ့ကွယ်။ သူ့ကြောင့် သူ့သခင်နဲ့ သူ့သူငယ်ချင်း ပင်ပန်းရတယ်ဆိုပြီး စိတ်မကောင်းဖြစ်နေတော့တာပေါ့။ ဒီလိုနဲ့ နောက်တစ်နေ့မှာတော့ ဝိုင်းလုံလေးက မုဆိုးကြီးဆီကိုသွားပြီး-

"သခင်မုဆိုးကြီး ကျွန်တော့်ကို အခုလိုကျွေးမွေးထားလို့ အများကြီးကျေးဇူးတင်ပါတယ်။ အခုတော့ ကျွန်တော်က မုဆိုးကြီးနဲ့အတူ အမဲလိုက်မထွက်နိုင်တော့ဘူး။ ကျွန်တော်ဟာ သူငယ်ချင်းမိုက်ခဲလို အသုံးဝင်တဲ့ခွေးတစ်ကောင် မဟုတ်တော့တဲ့အတွက် ကျွန်တော် ဒီမှာမနေသင့်တော့ပါဘူး။ ကျွန်တော့်ကြောင့် သခင်မုဆိုးကြီး ပိုပြီးပင်ပန်းရပါတယ်။ ဒါကြောင့် သခင်မုဆိုးကြီး မိုက်ခဲနဲ့အတူနေရစ်ခဲ့ပါ။ ဒီနေ့ပဲ ကျွန်တော်ထွက်သွားပါတော့မယ်"လို့ဆိုပြီး ခွင့်တောင်းလိုက်သတဲ့ကွယ်။

ခွေးကလေးဝိုင်းလုံရဲ့စကားကိုကြားတဲ့အခါ မုဆိုးကြီးဟာ အင်မတန်ကို စိတ်မကောင်းဖြစ်သွားသတဲ့။ ဒါကြောင့် မုဆိုးကြီးဟာ မိုက်ခဲနဲ့ဝိုင်းလုံကိုခေါ်ပြီး ခြံအပြင်ကို ထွက်သွားလိုက်သတဲ့ကွယ်။ ခြံအပြင်က တောထဲမှာ အချိန်အတော်ကြာအောင် လျှောက်လည်နေကြသတဲ့။ မိုက်ခဲနဲ့ဝိုင်းလုံလေးဟာ မုဆိုးကြီးနောက်က တကောက်ကောက်လိုက်နေကြတာပေါ့။ ဒါပေမဲ့ အခုလို ခြံအပြင်ကို ဘာကြောင့်ခေါ်လာမှန်း မသိကြဘူးပေါ့ကွယ်။ အချိန်အတော်ကြာ လျှောက်လည်ကြပြီးတဲ့အခါ မုဆိုးကြီးနဲ့အတူ အိမ်ကိုပြန်လာခဲ့ကြတာပေါ့။ သူတို့အိမ်ရောက်တဲ့အခါမှာ မုဆိုးကြီးလှန်းထားတဲ့ အသားခြောက်တွေ မရှိတော့ဘူးတဲ့ကွယ်။ နေလှန်းထားတဲ့ အသားခြောက်တွေကို မရှုပ်ဘဲ အပြင်ထွက်ပြီး လျှောက်လည်နေကြတော့ အသားခြောက်တွေကို တခြားတောကောင်တွေက ယူစားကြတော့တာပေါ့။ အဲဒီအခါမှာတော့ မုဆိုးကြီးက ဒီလိုပြောလိုက်တယ်။

"မိုက်ခဲနဲ့ ဝိုင်းလုံတို့ရေ မင်းတို့နှစ်ကောင်ဟာ ငါ့အတွက် တကယ်အသုံးဝင်ကြပါတယ်။ မိုက်ခဲက ငါနဲ့အတူ အမဲလိုက်ဖော်ရသလို ဝိုင်းလုံလေးကလဲ ငါတို့ရှာထားတဲ့အသားခြောက်တွေကိုစောင့်ရင်း အိမ်ကိုလုံခြုံအောင်စောင့်ရှောက်ပေးနေတာပဲ။ မင်းတို့နှစ်ကောင်စလုံးဟာ အသုံးဝင်သူတွေချည်းပါပဲကွာ"လို့ ရှင်းပြလိုက်သတဲ့ကွယ်။

မုဆိုးကြီးရဲ့စကားကိုကြားတဲ့အခါ မိုက်ခဲလေးက သူ့အမှားကိုသိပြီး နောင်တရနေတော့တာပေါ့။ သူ့သူငယ်ချင်း ဝိုင်းလုံလေးကိုလဲ ပြန်ပြီးတောင်းပန်လိုက်သတဲ့။ ဒီလိုနဲ့ပဲ သူတို့ဟာ မုဆိုးကြီးနဲ့အတူ အရင်လိုပျော်ပျော်ရွှင်ရွှင်ပဲ နေထိုင်သွားကြသတဲ့ကွယ်။

တဲ့ . . . ပုံပြင်လေးကတော့ဒါပါပဲကွယ်။ သားသားမီးမီးတို့လဲ ဒီပုံပြင်လေးကိုနားထောင်ပြီး သင်ခန်းစာယူရမယ်နော်။ လူတိုင်းဟာ သူ့နေရာနဲ့သူ အသုံးဝင်တဲ့သူချည်းပဲမို့ တခြားသူကို အပြစ်တင်ရှုတ်ချပြီး အထင်သေးပြောဆိုတာမျိုး မလုပ်သင့်ဘူးပေါ့ကွယ်။ ဘယ်လိုလူပဲဖြစ်ဖြစ် ကိုယ်စီကိုယ်စီ အကောင်းမြင်စိတ်လေးတွေထားပြီး လောကအကျိုးကိုသယ်ပိုးနိုင်တဲ့ လူတော်လူကောင်းလေးတွေဖြစ်လာကြပါစေကွယ်။

**မယ်မင်းခ(စေရာ)**

## သစ်ပင်စိုက်ကြမယ်

- သစ်ပင်ကလေးတွေစိုက်ကြမယ်
  ဥတုမိုးလေသာဖို့ကွယ်။
- ဥတုမိုးလေမှန်ကာမှ
  ကမ္ဘာတစ်ဝန်းသာယာလှ။
- ကမ္ဘာမြေကြီး ခွန်ရှည်အောင်
  သစ်ပင်စိုက်လို့ အကျိုးဆောင်။
- ဥတုမိုးလေ ထိန်းသိမ်းရေး
  သစ်ပင်လေးတွေပြုစုပေး။ ။


**မျိုးကျော်(မကွေး)**




## နိမ္မာန်ဆော်

- ရှာဦးကျောင်းက အုန်းမောင်းသံ
  လေးချက်အချိန်မှန်။
  ဆွမ်းချက်ရန်လေ နှိုးဆော်ပေး
  နားဝင်ပီယံတေး။
- ကြေးစည်လေးက သူ့အဖော်
  ဘွဲ့တွေ့ဟတ်ကာအော်။
  ဆွမ်းတော်လောင်းလှူ လူအများ
  ကောင်းမှုကုသိုလ်ပွား။
  သာဓုခေါ် စေသား။ ။

**မင်းဝေအောင်(ရဲကျွန်း)**



# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၂-၆-၂၀၂၃ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၃၁-၇-၂၀၂၃** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည် တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## သက်ဆိုင်သူများကန့်ကွက်နိုင်ရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၉၀/ခ)၊ မြေကွက်အမှတ်(၂-က)၊ ဧရိယာ (၃. ၉၂၅)ဧကနှင့် မြေကွက်အမှတ် (၂-ခ)၊ ဧရိယာ (၁. ၆၀၈)ဧကအကျယ်အဝန်းရှိ ဂရန်မြေပေါ်တွင် Mandalay Garden City Co.,Ltd မှ ဆောက်လုပ်ထားသော Garden City Apartment Complex ၏ တိုက်အမှတ်(၁၂)၊ (၄)လွှာ၊ အခန်းအမှတ်(၄)၊ (၆၀၅) စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် တိုက်ခန်းသွယ်တန်းတပ်ဆင်ထားသည့် ပစ္စည်းရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင် လက်ဝယ်ရှိသူ ဦးတင်ဝင်း (ဘ) ဦးဝေါင်ပါဂျို (၉/မရမ(နိုင်)၀၅၇၉၀၂)ထံမှ ဒေါ်သန်းသန်းဦး (ဘ) ဦးသန်း (၅/မရန(နိုင်)၀၀၀၁၂၆)က ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက တရားဝင်ပိုင်ဆိုင်ခွင့်ရရှိစေရန် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းဦး (ဘ) ဦးသန်း**

**(၅/မရန(နိုင်)၀၀၀၁၂၆)၊ 09-2131001**

## မိဘအမည်မှန်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊အ. ထ. က (၂၇)၊ Grade-4 မှ မောင်ကောင်းလျှန်ဝေ ၏မိဘအမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးတင်ဦး-ဒေါ်ခင်လှတင့် ဖြစ်ပါကြောင်း။

**ဦးတင်ဦး(၉/မရတ(နိုင်)၀၉၉၆၃၈)**

**ဒေါ်ခင်လှတင့်(၉/မရတ(နိုင်)၀၉၉၆၃၉)**

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း နေပြည်တော်ကောင်စီနယ်မြေတွင် ဘဲသားဖောက်စခန်းတစ်ခု အကောင်အထည်ဖော်တည်ဆောက်သွားမည်



**နေပြည်တော် ဇူလိုင် ၂၂**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း နေပြည်တော်ကောင်စီနယ်မြေတွင် ဘဲသားဖောက်စခန်းတစ်ခု အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ သတင်းများအရ သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ဘဲသားဖောက်စခန်းများ ဖွင့်လှစ်ကာ မျိုးကောင်းမျိုးသန့် ဘဲသားပေါက်ငယ်များကို ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း၊ လက်ရှိတွင် ဘဲသားဖောက်စခန်းများကို ရန်ကုန်တိုင်းဒေသကြီး ရွာသာကြီးနှင့် ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့တို့တွင် ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ ယခုအခါ ပြည်တွင်းရှိ ဘဲမွေးမြူရေးလုပ်ငန်းများအတွက် ဘဲသားပေါက်ငယ်များကို ဘဲမွေးမြူရေးလုပ်ငန်းရှင်များ လိုအပ်သလောက် ပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေတွင် ဘဲသားဖောက်စခန်းတစ်ခုကို ထပ်မံအကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်တွင် တည်ဆောက်မည့် ဘဲသားဖောက်စခန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အားလုံးပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ဌာနပိုင်ဘဲမွေးမြူရေးခြံများမှ ပြည်တွင်းရှိ ဘဲမွေးမြူရေးတောင်သူများသို့ အကောင်းဆုံး ပံ့ပိုးပေးနိုင်ရန်အတွက် မိဘမျိုးရိုးကောင်းမွန်သော ဥစားဘဲ (ကာကီကင်ဘယ်လ်)၊ အသားတိုးဘဲ (ချယ်ရီဘယ်ရီ) ဘဲပေါက် Day Old Duck (DOD) များကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း၊ နေပြည်တော်ရှိ ဘဲမျိုးဖြန့်ဖြူးရေးနှင့် သရုပ်ပြခြံ (ရွှေမြို့)တွင် ယခုနှစ် နိုဝင်ဘာလမှ စတင်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ဘဲပေါက်များ မှာယူမွေးမြူလိုသူများ၊ အဖွဲ့အစည်းများအနေဖြင့် တစ်လကြိုတင်၍ နေပြည်တော် ဘဲမွေးမြူရေးခြံ၊ ရွာသာကြီး ဘဲမွေးမြူရေးခြံ၊ ဘုရားကြီး ဘဲမွေးမြူရေးခြံတို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

ဘဲမွေးမြူရေးခြံများအနေဖြင့် ဘဲမွေးမြူရေး တောင်သူများ၏ အမှာစာအတိုင်း မွေးမြူရေးခြံများမှထွက်ရှိနေသည့် အသားစားဘဲနှင့် ဥစားဘဲပေါက်များကို ချိုသာသောဈေးနှုန်းများဖြင့် ဖြန့်ဖြူးရောင်းချပေးနေကြောင်း၊ ဘဲသားပေါက်များကို မွေးမြူရေးခြံထွက်မျိုးဘဲဥများဖြင့် သားဖောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

SKL

# မောက်မယ်မြို့နယ် အနောက်ပူယာစန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းပြုလုပ်

**မောက်မယ် ဇူလိုင် ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် ဟိုနမ့်ကျေးရွာအုပ်စု အနောက်ပူယာစန်းကျေးရွာတွင် စီမံကိန်းမိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အဆိုပါစီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက လုပ်ငန်းအဖွဲ့ဝင်များ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ပါရှိသော ကျေးရွာသူ၊ ကျေးရွာသားများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ကဏ္ဍတစ်ခုချင်းအလိုက် အသေးစိတ်ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် စပ်လျဉ်း၍ သိရှိလိုသည်များ မေးမြန်းမှုအပေါ် မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစံထွန်းလင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံနှင့်ဝန်ထမ်းများက တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများနှင့်အတူ လုပ်ငန်းအဖွဲ့ဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မောက်မယ်မြို့နယ် အနောက်ပူယာစန်းကျေးရွာသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှ စတင်၍ ဆောင်ရွက်မည့် ကျေးရွာဖြစ်ပြီး အဆိုပါစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ကို စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်မည့်သူများကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**အေးသူ**

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်







# ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက် (၇၃၄)၊ အမှတ် (၅/၂၀)၊ ၇၁လမ်းနှင့်၇၂လမ်းကြား၊ ၂၈လမ်းနှင့် ၂၉လမ်းကြား၊ မေတ္တာလမ်းသွယ်ရှိ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော **Bhone Shwe Yi Min Co., Ltd** (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၁၃၈၂၆၄၅၂) မှ အများသိစေရန် ကြေညာအပ်ပါသည်။

Sinocare

အထက်ဖော်ပြပါ Sinocare ကျန်းမာရေးအထောက်အကူပြုပစ္စည်း အမျိုးမျိုး ကုန်အမှတ်တံဆိပ်အမှတ်အသားကို Bhone Shwe Yi Min Co.,Ltd သည် (၅-၇-၂၀၂၂)ရက်နေ့တွင် မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်အမှတ်(၁၆၅၂/ ၂၀၂၂)ဖြင့် မှတ်ပုံ တင်သွင်းပြီး ကျန်းမာရေးအထောက်အကူပြုပစ္စည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိရာ အများပြည်သူတို့ ယုံကြည်စိတ်ချစွာ ဝယ်ယူအားပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ Bhone Shwe Yi Min Co.,Ltd ၏ ကုန်အမှတ်တံဆိပ်ဖြစ်သော Sinocare ကျန်းမာရေးအထောက်အကူပြုပစ္စည်းအမျိုးမျိုး ကုန်အမှတ်တံဆိပ်အား အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် တံဆိပ်အမှတ်အသားကို သွယ်ဝိုက်၍ဖြစ်စေ၊တိုက်ရိုက်ဖြစ်စေ၊တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊တစ်ခုလုံးကိုဖြစ်စေ တုပ၍ဖြန့်ဖြူးရောင်းချခြင်းမပြုကြရန်နှင့် တွေ့ရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**Bhone Shwe Yi Min Co.,Ltd**

**အကွက်(၇၃၄)၊အမှတ်(၅/ ၂၀)၊၇၁လမ်းနှင့်၇၂လမ်းကြား၊ ၂၈လမ်းနှင့် ၂၉လမ်းကြား၊ မေတ္တာလမ်းသွယ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

# အမှတ်တံဆိပ်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်နေ **ဦးမျိုးမင်းအောင်** (ဘ) ဦးရန်မင်ကျော် (၉/မရမ(နိုင်)၀၀၅၇၀၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

REMAX

ကျွန်ုပ်တို့၏မိတ်ဆွေ **ဦးမျိုးမင်းအောင်** သည် ပူးတွဲဖော်ပြပါ REMAX အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၁၄/ ၂၀၁၅) အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး REMAX အမည်ဖြင့် တယ်လီဖုန်းအပိုပစ္စည်းအမျိုးမျိုး ရောင်းဝယ်လျက်ရှိရာ အများပြည်သူများ တစ်ခဲနက်အားပေးသုံးစွဲလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ REMAX အမှတ်တံဆိပ်ဖြင့် တယ်လီဖုန်းအပိုပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးသည် **ဦးမျိုးမင်းအောင်** ၏တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ်အမည်အမှတ်အသားဖြစ်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါအမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်ခြင်းတို့ကို မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက **ဦးမျိုးမင်းအောင်** ၏ လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| **ဦးရဲဝင်း(LL.B)** | **ဦးပြည့်ကိုကို(LL.B)** | **ဒေါ်မြင့်မြင့်အေး(LL.M)** | **ဒေါ်ချောစု(LL.B)** | **ဒေါ်နေခြည်စိုးဝင်း(LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

အမှတ်(အေ-၈)၊ ၃၁-လမ်း၊ ၇၀×၇၁လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇

### ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နယ်နေ မရွှေစင်အေး (ဘ)ဦးအေးမြင့်(၁၄/ပတန(နိုင်)၂၅၃၄၈၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-240661)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၈၂၆၅၇၁၅

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

**ရန်သူမီးဘေးတားဆီးရေး မနေးဆောင်ရွက်ကြ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

---

❖ မည်သည့်အစိုးရ၊ မည်သည့်ခေတ်ပင်ဖြစ်စေ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သူ(Guardian)အနေဖြင့် တည်ရှိနေမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# သန့်ရှင်းသာယာသော မြို့ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်



တောင်ငူမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး၌ နယ်မြေခံတပ်မတော်သားများ ရပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။



သိပေါမြို့၌ ဌာနဆိုင်ရာဝန်ထမ်းများ ရပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

**နေပြည်တော် ဇူလိုင် ၂၂**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာမျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့်ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ်အရေးကြီးလှသည်။ မိမိတို့တစ်ဦးချင်းနေထိုင်ကြသည့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသော မြို့ရွာ **Clean City**၊ **Clean Village** များ ဖြစ်လာမည်ဖြစ်ပြီးကျန်းမာရေးနှင့်ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာသန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင်တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ **စာမျက်နှာ ၁၉ ကော်လံ ၁** ☆

---

**ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ**

စာမျက်နှာ - ၁၈

**မောရစ်သျှ အင်တာနေရှင်နယ် ကြက်တောင်ပြိုင်ပွဲတွင် သက်ထားသူဇာ ဆီမီးဖိုင်နယ်အဆင့်တက်ရောက်**

စာမျက်နှာ - ၉

